# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၄)
အမှတ် (၉)

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏တန်ဖိုးကြီးမား အသိပေးတရား
## အပ္ပမာဒေန သမ္ပာဒေထ

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ “သတ္တဝါအများ အိုချစ်သားတို့။ ကာံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှ ခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။” (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)



# သီတင်းကျွတ်လပြည့်နေ့ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးများဖြင့် ကြက်ပျံမကျစည်ကား

သတင်း-သွန်းဝသန်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်   အောက်တိုဘာ   ၈

**ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သော ယနေ့ သီတင်းကျွတ်လပြည့်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူး သုံးသောင်းကျော်ခန့် လာရောက်ဖူးမြော်ကြပြီး စေတနာ့ဝန်ထမ်းတုဒိသာကျွေးမွေးသူ အလှူရှင်အဖွဲ့ပေါင်း ၅၀ ကျော်ကလည်း ကော်ဖီ၊ အအေးနှင့် ထမင်းစသည့် အာဟာရဒါနများကို ပေးလှူခဲ့ကြသည်။**

“သီတင်းကျွတ် မီးပူဇော်ပွဲကို အဖိတ်နေ့ညက ကျင်းပပါတယ်။ ယခုနှစ်အတွက် နိုင်ငံခြားသားရော၊ ပြည်တွင်းဘုရားဖူးပါ မနှစ်ကထက် များပြားပါတယ်။ လပြည့်နေ့တိုင်း လူစည်ကားရာအချိန်တွင် လုံခြုံရေးကို ရင်ပြင်တော်တစ်ခုလုံးကို ဆောင်ရွက်ထားပြီး အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုတွေလည်း ထားရှိပေးထားပါတယ်”ဟု ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဒုတိယ ရုံးအဖွဲ့မှူး ဦးထွန်းအောင်ငွေက ပြောသည်။

ပွင့်လင်းရာသီဖြစ်ခြင်းကြောင့် နိုင်ငံခြားသား ဘုရားဖူးဝင်ရောက်မှုမှာလည်း ယမန်နှစ်ကထက် ထက်ဝက်ခန့်မြင့်တက်လျက်ရှိသည်။

“တစ်လကို နိုင်ငံခြားသား ဧည့်သည် ၃၁၀၀၀ ကျော် ဝင်ရောက်ခဲ့ပေမယ့် ယခုနှစ်မှာ တစ်လကို နိုင်ငံခြားဧည့်သည် ငါးသောင်းကျော်အထိ ဝင်ရောက်တာကို တွေ့ရပါတယ်။ ပျမ်းမျှ တစ်နေ့ နိုင်ငံခြားသား ၂၀၀၀ ဝန်းကျင် လာရောက်ပါတယ်”ဟု ဦးထွန်းအောင်ငွေက ပြောသည်။

ထို့အပြင် ရွှေတိဂုံစေတီတော် စာမျက်နှာ ၉ ကော်လံ ၄ ❍

## ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)နှင့်ဇနီး တွဲဖက်ပါမောက္ခ နာရာပွန် ချန်အိုချာတို့၏ ကိုယ်ရေးအကျဉ်း

ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာအား ၁၉၅၄ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ထိုင်းနိုင်ငံ နာခွန်းရတ်ချစီမာပြည်နယ်၌ မွေးဖွားခဲ့ပါသည်။

ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာသည် ချူလာချွမ်ကလောင်း တော်ဝင်စစ်တက္ကသိုလ် အပတ်စဉ် (၂၃)မှ သိပ္ပံဘွဲ့ကို ၁၉၇၆ ခုနှစ်တွင် ရရှိခဲ့ပြီး ခြေလျင်တပ်အရာရှိ အခြေခံသင်တန်းကို ၁၉၇၆ ခုနှစ်တွင်လည်းကောင်း၊ အဆင့်မြင့်သင်တန်းကို ၁၉၈၁ ခုနှစ်တွင်လည်းကောင်း တက်ရောက်အောင်မြင်ခဲ့ပါသည်။ ထို့ပြင် စစ်ဦးစီးအရာရှိတက္ကသိုလ်သို့ ၁၉၈၅



ဗိုလ်ချုပ်ကြီး
ပရာယုဒ်ချန်အိုချာ



မစ္စစ် နာရာပွန်
ချန်အိုချာ

ခုနှစ် တွင်လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ ၂၀၀၇ ခုနှစ်တွင်လည်းကောင်း အသီးသီး တက်ရောက်အောင်မြင်ခဲ့ပါသည်။

ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာသည် ဘုရင်မ ကိုယ်ရံတော်တပ်ဖွဲ့၌ အမှတ်(၂၁) ခြေလျင်တပ်ရင်းကြီး၏ ဒုတိယခြေလျင်တပ်ရင်း၌ တပ်ရင်းမှူးအဖြစ် ၁၉၉၀ ပြည့်နှစ်တွင်လည်းကောင်း၊ အမှတ်(၂၁)ခြေလျင်တပ်ရင်းကြီး၏ တပ်ရင်းမှူးအဖြစ် ၁၉၉၈ ခုနှစ်တွင်လည်းကောင်း၊ အမှတ်(၂) ခြေလျင်တပ်မ၏ တပ်မမှူးအဖြစ် ၂၀၀၃ ခုနှစ်တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် အမှတ်(၁)စစ်တိုင်းကြီး၏ တိုင်းမှူးအဖြစ် ၂၀၀၆ ခုနှစ်တွင်လည်းကောင်း၊ ထိုင်းဘုရင့်တပ်မတော်၊ ကြည်းတပ်၏ စစ်ဦးစီးအရာရှိချုပ်အဖြစ် ၂၀၀၈ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယကြည်းတပ် ဦးစီးချုပ်အဖြစ် ၂၀၀၉ ခုနှစ်တွင်လည်းကောင်း၊ ကြည်းတပ်ဦးစီးချုပ်အဖြစ် ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ အမျိုးသားငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးကောင်စီ အကြီးအကဲအဖြစ် ၂၀၁၄ ခုနှစ် မေလ ၂၂ ရက်နေ့မှ စတင်၍လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာသည် ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။

ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာသည် တွဲဖက်ပါမောက္ခတစ်ဦးဖြစ်သူ နာရာပွန် ချန်အိုချာနှင့် လက်ထပ်ခဲ့ပြီး သမီးနှစ်ဦးရှိပါသည်။

မစ္စစ် နာရာပွန် ချန်အိုချာသည် ချူလာလောင်ကွန်း တက္ကသိုလ်မှ အငြိမ်းစား တွဲဖက်ပါမောက္ခ တစ်ဦးဖြစ်ပါသည်။ သူမသည် သာမာဆတ်တက္ကသိုလ်မှ အင်္ဂလိပ်စာဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကိုရရှိခဲ့ပြီး မဟီဒေါ တက္ကသိုလ်မှ အသုံးချဘာသာဗေဒဖြင့် မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။ သူမသည် ဆရာအတတ်သင်လက်မှတ်ကို အင်္ဂလန်နိုင်ငံ Leeds တက္ကသိုလ်မှ ရရှိခဲ့ပါသည်။ စာမျက်နှာ ၉ ကော်လံ ၆ ✳

■ **နိုင်ငံတကာ**

### ဟောင်ကောင်ဆန္ဒပြသူများနှင့် အစိုးရတို့ ဆွေးနွေးဖွယ်ရှိ

စာမျက်နှာ ➤ ၄

■ **ပြည်တွင်း**

### သတိပြုဖွယ် လျှပ်စစ်အန္တရာယ်(၅)

ဆောင်းပါး

စာမျက်နှာ ➤ ၆




မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရာသီတုပ်ကွေးရောဂါ

တုပ်ကွေးရောဂါတွင် ခြင်ကြောင့်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးနှင့်ရာသီအလိုက် ဖြစ်ပွားတတ်သော တုပ်ကွေးဟူ၍နှစ်မျိုးရှိပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ကလေးများတွင် အဖြစ်များပြီး ရာသီတုပ်ကွေးမှာမူ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပါသည်။

ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) မှာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီး ရောဂါပိုးသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အခြားလူများသို့ ကူးစက်နိုင်ပါသည်။ ကမ္ဘာပေါ်တွင် ရာသီတုပ်ကွေးရောဂါကြောင့် နှစ်စဉ်လူဦးရေသုံးသန်းမှ ငါးသန်းအထိ ပြင်းထန်စွာရောဂါခံစားရပြီး လူဦးရေနှစ်သိန်းခွဲမှ ငါးသိန်းအထိ သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းအရ သိရှိရပါသည်။

ရာသီတုပ်ကွေးရောဂါဖြစ်ပွားပါက ဖျားခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အစားအသောက်ပျက်ခြင်းတို့ ဖြစ်နိုင်ပါသည်။ ရောဂါပြင်းထန်လျှင် အဖျားကြီးခြင်း၊ ချောင်းအလွန်ဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်း၊ မောခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်းနှင့်သတိလစ်ခြင်းတို့ ဖြစ်ပွားပြီး အသက်ဆုံးရှုံးနိုင်ပါသည်။

ရာသီတုပ်ကွေးရောဂါသည် လူတစ်ဦးမှတစ်ဦးသို့ချောင်းဆိုးခြင်း၊ နှာချေခြင်းဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ ရောဂါဖြစ်သူ၏ ချွဲ၊ သလိပ်၊ ခန္ဓာကိုယ်အရည်၊ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ထိတွေ့ခြင်းမှသော်လည်းကောင်း ကူးစက်နိုင်ပါသည်။

ရာသီတုပ်ကွေးရောဂါသည် လူတစ်ဦးမှ တစ်ဦးသို့ လျင်မြန်စွာကူးစက်ကာ လူတိုင်းတွင် ရောဂါဖြစ်ပွားနိုင်ပြီး မိုးတွင်းနှင့် ဆောင်းကာလများတွင် ကပ်အသွင်ပိုမိုဖြစ်ပွားနိုင်ပါသည်။ အဆိုပါရောဂါသည် သာမန်အားဖြင့် မပြင်းထန်သော်လည်း ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်ကြီးသူများ၊ နာတာရှည်ရောဂါရှိသူများတွင် ဖြစ်ပွားပါက ရောဂါပိုမိုပြင်းထန်ပြီး တုပ်ကွေးရောဂါ၏ ဘေးထွက်ဆိုးကျိုးများကြောင့် အသက်ဆုံးရှုံးနိုင်ပါသည်။

ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ခြင်း၊ နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်၍ ပြုလုပ်ခြင်း၊ လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာဆေးကြောခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်း၊ အာဟာရပြည့်ဝသည့်အစား အစာများစားသုံးခြင်း၊ လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း၊ လူထူထပ်သော နေရာများနှင့်ပွဲလမ်းသဘင်များအား သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရက်လွန်ကဲစွာ သောက်သုံးခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရောဂါဖြစ်ပွားသူများအား သီးသန့်နေထိုင်စေခြင်း၊ ရောဂါရှိသူ၏ နေအိမ်နှင့် ဆေးရုံများသို့ မလိုအပ်ဘဲသွားရောက်ခြင်းမှ ရှောင်ကြဉ်ရန်လိုအပ်ပါသည်။ (Seasonal Influenza Vaccine) ကာကွယ်ဆေးထိုးနှံခြင်းဖြင့်လည်း ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ရာသီတုပ်ကွေးရောဂါဖြစ်ပွားပါက မိမိကိုယ်တိုင်ဆေးကုသမှုခံယူရန်နှင့် အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရေးအတွက် နီးစပ်ရာဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေး ဌာနများတွင် ဆောလျင်စွာပြသ၍စနစ်တကျ ဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

## အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၁၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day) အထိမ်းအမှတ် အခမ်းအနားကျင်းပရေးနှင့် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ (AMAF) ဆိုင်ရာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်ရမည့် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ (AMAF) ဆိုင်ရာ တာဝန်အား လက်ခံရယူထားပြီး ဖြစ်သဖြင့် လက်ငင်းကာလမှစ၍ တာဝန်များ ပြန်လည် လွှဲပြောင်းပေးအပ်မည့် ကာလအထိ အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများ မလစ်ဟင်းစေရေးအတွက် လုပ်ငန်းကဏ္ဍတစ်ခုချင်းစီအလိုက် အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံနှင့် လည်းကောင်း၊ မိတ်ဖက်(၃)နိုင်ငံနှင့် လည်းကောင်း ဆက်စပ် ဆောင်ရွက်ရန်များကို လစ်ဟင်းမှုမရှိစေဘဲ အောင်မြင်စွာတာဝန်ထမ်းဆောင်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့(၇)ဖွဲ့တို့ ဖွဲ့စည်း၍ အဖွဲ့လိုက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်ဇော်က လုပ်ငန်းများအချိန်မီ အချိန်ကိုက် ဆောင်ရွက်ပြီးစီးရေးအတွက်လိုအပ်သည်များကို လည်းကောင်း ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ဘဏ္ဍာရေးအဖွဲ့မှ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဆုချီးမြှင့်ရေးအဖွဲ့၊ အခမ်းအနားပြင်ဆင်ရေးအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအဖွဲ့နှင့် အတွင်းရေးမှူးရုံးအဖွဲ့တို့မှတာဝန်ရှိသူတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် စာရင်းကိုင်သင်တန်းဖွင့်

**မိတ္ထီလာ အောက်တိုဘာ ၈**

မိတ္ထီလာစီးပွားရေးတက္ကသိုလ် စာရင်းရေးနှင့်စာရင်းကိုင်သင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ပထမပတ်က တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းက အမှာစကားပြောကြား၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းသို့ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ အရာထမ်း၊ အမှုထမ်း ၃၀၊ မိတ္ထီလာတက္ကသိုလ်မှ ခုနစ်ဦး၊ ကွန်ပျူတာတက္ကသိုလ်မှ သုံးဦး၊ အာကာသနှင့်လေကြောင်းပညာတက္ကသိုလ်မှ တစ်ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။ **တင်လှိုင်(မိတ္ထီလာ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ပျဉ်းမနားနှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲ စည်ကားစွာကျင်းပ

**ပျဉ်းမနား အောက်တိုဘာ ၈**

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့၌ နှစ်စဉ်ကျင်းပသော နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ပွဲကို (၉၆)ကြိမ်မြောက်အဖြစ် အောက်တိုဘာ ၇ ရက် ညမှစ၍ အောက်တို ဘာ ၉ ရက်အထိ ယခင်နှစ်များနှင့်မတူ အထူးစည်ကားစွာ ကျင်းပမည်ဖြစ်သည်။ **(ဝဲပုံ)**



အပူဇော်ခံပွဲတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက် ကိုယ်စားပြုဖျော်ဖြေရေးယာဉ်များက ရပ်ကွက်များအလိုက် လှည့်လည်ဖျော်ဖြေကြရာ ပရိသတ်များ အလွန်စည်ကားသည်။ နှစ်စဉ်မပျက် ကျင်းပခဲ့သော ပျဉ်းမနား နှစ်ကျိပ်ရှစ်ဆူပွဲတွင် ယခုနှစ်၌ နိုင်ငံကျော်တေးသံရှင်များ၊ အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ မြို့ခံပြည်သူ ပရိသတ်များ၊ ဈေးဆိုင်များစွာနှင့် တစ်မြို့လုံးတိုးမပေါက်အောင် စည်ကားလျက်ရှိကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**

mitv

ထိန်းသိမ်းရိုးရာ တို့မြန်မာ ပါဝင်ဆင်နွှဲ MITV မီးပုံးပွဲ

မြန်မာအင်တာနေရှင်နယ်ရုပ်သံမှ ပထမဆုံးအကြိမ်မြန်မာ့ရိုးရာမီးပုံးဒီဇိုင်းပြိုင်ပွဲ ၂၀၁၄ကို မကြာမီကျရောက်တော့မည့် တန်ဆောင်တိုင်ပွဲတော်ကြီးနှင့်အတူ ကြီးမှူးကျင်းပမည်ဖြစ်ပါသည်။ **ပထမဆု ကျပ်ငွေ ၅သိန်း၊ ဒုတိယဆု၊ တတိယဆု ရရှိသူများအတွက် ဘန်ကောက်ခရီးစဉ်နှင့်အတူ အခြားနှစ်သိမ့်ဆုပေါင်းများစွာ** ချီးမြှင့်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများအား ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

သို့ဖြစ်ပါ၍ ပြိုင်ပွဲဝင်လျှောက်လွှာနှင့်ပြိုင်ပွဲစည်းကမ်းများကိုအမှတ်(၄၂၅)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့**အောက်တိုဘာလ(၁၀)ရက်နေ့**တွင်လာရောက်ထုတ်ယူပြီး**အောက်တိုဘာလ(၂၅)ရက်နေ့** နောက်ဆုံးထားပေးပို့ ရမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၅၃၉၃၁၅၊ ၅၃၇၆၁၃ (လိုင်းခွဲနံပါတ် - ၈၀၀၈၊ ၈၀၁၀)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ www.myanmarmitv.com/paperlantern တွင်လည်း ဝင်ရောက်လေ့လာနိုင်ပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကယားပြည်နယ်)**
**တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါဆောက်လုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လွိုင်ကော်ခရိုင် - ခြောက်ခန်းတွဲအိမ်ရာဆောက်လုပ်ခြင်း (၁၂၀'×၃၅'×၁၂')
(ခ) လွိုင်ကော်မြို့နယ် - ခြောက်ခန်းတွဲအိမ်ရာ ဆောက်လုပ်ခြင်း(၁၂၀'×၃၅'×၁၂')
(ဂ) လွိုင်ကော်မြို့နယ် - နှစ်ထပ်ရုံးသစ်ဆောက်လုပ်ခြင်း (၈၀'×၃၀'×၂၂')
(ဃ) ဖရူဆိုမြို့နယ် - နှစ်ခန်းတွဲအိမ်ရာဆောက်လုပ်ခြင်း (၄၀'×၄၀'×၁၀')
(င) ဖားဆောင်းမြို့နယ် - ရုံးသစ်ဆောက်လုပ်ခြင်း (၁၁၀'×၄၀'×၁၂')
(စ) ဖားဆောင်းမြို့နယ် - ခြောက်ခန်းတွဲအိမ်ရာဆောက်လုပ်ခြင်း(၁၀၈'×၂၈'×၁၂')

၂။ တင်ဒါရောင်းချမည့်ရက် - ၆-၁၀-၂၀၁၄ ရက်မှ ၁၇-၁၀-၂၀၁၄ ရက်အထိ
၃။ တင်ဒါတင်သွင်းရမည့်ရက် - ၂၇-၁၀-၂၀၁၄ ရက်
နှင့်အချိန် - ၁၅:၃၀ နာရီ
၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော တင်ဒါပုံစံ စည်းကမ်းချက်အသေးစိတ်အချက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်-

**ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဖုန်း-၀၈၃-၂၁၀၀၇**

ပြည်တွင်းသတင်း

# မည်သည့်အခက်အခဲနှင့် စိန်ခေါ်မှုများကိုမဆို ပြည်သူနှင့်အစိုးရပူးပေါင်းပြီး အောင်မြင်အောင်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထား

ရောမ အောက်တိုဘာ ၈

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းသည် အောက်တိုဘာ ၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အီတလီနိုင်ငံ ရောမမြို့ လွှတ်တော်အဆောက်အအုံ၊ Nuova Aula dei Gruppi ခန်းမ၌ ကျင်းပသည့် (၈)ကြိမ်မြောက်အာရှ-ဥရောပ ပါလီမန်ဆိုင်ရာ မိတ်ဖက်အစည်း အဝေး၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။** (အောက်ပုံ)



အခမ်းအနားတွင် အီတလီ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Laura BOLDRINI နှင့် အီတလီ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Pietro GRASSO တို့က မိန့်ခွန်း ပြောကြားသည်။

၎င်းနောက် ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် "ဥရောပ-အာရှအကြား အပြန်အလှန်ဆွေးနွေးမှု၊ ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပိုမိုခိုင်မာသည့် အုပ်ချုပ်ပုံစနစ်တို့ကို အားပေးမြှင့်တင်နိုင်ရန်အတွက် ပါလီမန်လွှတ်တော်များ၏အခန်းကဏ္ဍ" ဆိုင်ရာ အစည်းအဝေးအား ထောက်ခံသည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။

ပြည်ထောင်စု လွှတ်တော်နာယကက ပြောကြားရာတွင် ဤအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ပါလီမန်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်လာခြင်းမှာ မြန်မာနိုင်ငံ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၏ တိုးတက်မှုတစ်ရပ်ကို ဖော်ညွှန်းနေပါကြောင်း၊ အဆွေတော်တို့ သိရှိပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ ကျင့်သုံးသည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ခြင်းသည် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ချမှတ်နိုင်ခဲ့ခြင်းကြောင့်သာ ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး စနစ်များကို ရှင်းလင်းစွာဖော်ပြထားပါကြောင်း။

မြန်မာနိုင်ငံတွင် အာဏာရှင်အစိုးရဟု သတ်မှတ်ခံရသော အစိုးရမှ ပြည်သူက ရွေးချယ်တင်မြှောက်သော အစိုးရသို့ အေးချမ်းတည်ငြိမ်စွာ လွှဲပြောင်းနိုင်ခဲ့ခြင်းကို အခြားနိုင်ငံများက ပြောကြားကြောင်း သိရ၍ ဝမ်းမြောက်မိပါကြောင်း။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ နှင့်စာလျှင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အခွင့်အရေးနှင့် အခွင့်အလမ်းများ အရရှိဆုံးအချိန်ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ တတိယအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ အဆင့်တစ်ခုသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် အခက်အခဲများနှင့် ရင်ဆိုင်ရမည်ကို သိရှိထားပါကြောင်း၊ မည်သည့်အခက်အခဲနှင့် စိန်ခေါ်မှုများကိုမဆို မိမိတို့အနေဖြင့် ပြည်သူနှင့် အစိုးရပူးပေါင်းပြီး အောင်မြင်အောင် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ပြန်လည်ပေါင်းစည်းလာနိုင်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်နိုင်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာပါက စားသုံးသူ သန်း ၆၀၀ ခန့်အတွက် သွင်းကုန်တန်ဖိုး ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀၀ ပမာဏရှိ တစ်ခုတည်းသော ဈေးကွက် ဖြစ်လာမည်ဖြစ်ပါကြောင်း၊ အာဆီယံအသိုက်အဝန်းသည် အာဆီယံနိုင်ငံများ၏ စီးပွားရေးကိုသာမက ဆွေးနွေးဖက်နိုင်ငံများနှင့် ဥရောပနိုင်ငံများ၏ စီးပွားရေးများကိုပါ အထောက်အကူပြုမည်မှာ မြေကြီးလက်ခတ် မလွဲဖြစ်ပါကြောင်း။

လူသားများ၏ ဖြစ်တည်မှုသည် စားနပ်ရိက္ခာဖူလုံမှုအပေါ် အဓိကတည်မှီနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ပြီး ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုကို ဆောင်ကြဉ်းပေးနိုင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ နိုင်ငံရေးခံယူချက်အရ စိုက်ပျိုးရေးဆိုင်ရာမူဝါဒများ၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးမူဝါဒများ ချမှတ်ကျင့်သုံးနေပြီး နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းဖြစ်သည့် ကျေးလက်နေ ပြည်သူများ၏ ဘဝအဆင့်အတန်းကို မြှင့်တင်ပေးလျက်ရှိပါကြောင်း။

ဤရောမမြို့တွင် အခြေစိုက်သည့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ၂၀၁၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာ မလုံခြုံမှုအစီရင်ခံစာတွင် မြန်မာနိုင်ငံကို ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်(၁)ဖြစ်သည့် စားနပ်ရိက္ခာမဖူလုံသော ပြည်သူတစ်ဝက် လုံးဝလျှော့ချရေး ရည်မှန်းချက်နှင့် ကမ္ဘာ့စားနပ်ရိက္ခာထိပ်သီးညီလာခံ၏ စားနပ်ရိက္ခာမဖူလုံသော ပြည်သူတစ်ဝက် လုံးဝလျှော့ချရေးရည်မှန်းချက်များကို ပြည့်မီသည့်နိုင်ငံများစာရင်း၌ ဖော်ပြထားပါကြောင်း။

မြန်မာနိုင်ငံလွှတ်တော်အနေဖြင့် နိုင်ငံ၏ ဒီမိုကရေစီအရေးတွင် ဥပဒေပြုရေး၊ စောင့်ကြည့်မှုနှင့် မဲဆန္ဒရှင်များထံ သွားရောက်သည့် လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်၏ သက်တမ်းသုံးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုများနှင့် ကိုက်ညီမှုရှိသော ဥပဒေစုစုပေါင်း ၁၁၃ ခုကို ချမှတ်ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

ယင်းဥပဒေများတွင် ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်စေရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ လူ့အခွင့်အရေးကော်မရှင်၊ သတင်းမီဒီယာလွတ်လပ်မှုစသည့် ဥပဒေများ၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးဆိုင်ရာဥပဒေများ ပါဝင်ပါကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လွယ်ကူအဆင်ပြေချောမွေ့စေရန်အလို့ငှာ ငွေကြေးနှင့်ဘဏ္ဍာရေး၊ ဗဟိုဘဏ်အာဏာပိုင်အဖွဲ့၊ ဘဏ်ချေးငွေများလည်ပတ်ရေး၊ လွတ်လပ်စွာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေများ ပါဝင်ပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ အကြမ်းဖက်မှု ဆန့်ကျင်ရေး၊ ငွေကြေးခဝါချမှု စသည့်ဥပဒေများကိုလည်း ချမှတ်ခဲ့ပါကြောင်း။

ထို့ပြင် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့တွင်လည်း လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅ခုနှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် ကျင်းပဆဲ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော် အခြေခံဥပဒေပြင်ဆင်ခြင်း၊ မြန်မာနိုင်ငံနှင့် သင့်လျော်မှုရှိသော ရွေးကောက်ပွဲစနစ်များ လေ့လာခြင်း အစရှိသည့်အရေးကြီးသော ကိစ္စရပ်များကို ဆွေးနွေးမည့် အစီအစဉ်များရှိပါကြောင်း၊ ယင်းကိစ္စရပ်များကိုတင်ပြနိုင်ရန် လွှတ်တော်အထူးကော်မရှင်များဖွဲ့စည်းခဲ့ပြီး ရွေးကောက်ပွဲမကျင်းပမီ ခြောက်လအလိုတွင် ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အခြေခံဥပဒေ ပြင်ဆင်ရာတွင် နိုင်ငံ၏တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်နိုင်စေရန်နှင့် တိုင်းရင်းသားမျိုးနွယ်စုများအကြား ယုံကြည်မှုခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်မှုကို မထိခိုက်စေဘဲ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အရှိန်အဟုန်မပြတ်စေရန်အတွက် အလေးထားဆောင်ရွက်နေပါကြောင်း။

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးမှုကို ကမ္ဘာ့နိုင်ငံအသီးသီးက စိတ်ဝင်တစား စောင့်ကြည့်နေကြပါကြောင်း၊ စောင့်ကြည့်ရုံသာမက ဝေဖန်အကြံပြုနိုင်ကြောင်းကို ပြောကြားလိုပါကြောင်း၊ အပြုသဘောဆောင်သော အကြံပြုချက်များကို နိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်း၏ မှန်ကန်သည့် ရပ်တည်ချက်နှင့် အားပေးကူညီမှုများကို မြန်မာပြည်သူများက စောင့်မျှော်လျက်ရှိကြပါကြောင်း။

သို့ဖြစ်၍ အာရှနှင့် ဥရောပတို့ ပူးပေါင်းဆောင်ရွက်မှုကို လိုက်လိုက်လှဲလှဲ ကြိုဆိုပါကြောင်းနှင့် မြန်မာလွှတ်တော်များ၏ အခန်းကဏ္ဍကို နိုင်ငံအကျိုးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ကို ကတိပြုပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဩစတြေးလျနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Ms.Bronwyn Bishop နှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီး Mr. CAO DUC PHATနှင့် လည်းကောင်း Nuova Aula dei Gruppi ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် နံနက် ၁၀ နာရီခွဲတွင် Sala della Regina ခန်းမ၌ကျင်းပပြုလုပ်သည့် "Economic and Financial Governance Structures" ဆွေးနွေးပွဲနှင့် Nuova Aula dei Gruppiခန်းမ၌ ကျင်းပပြုလုပ်သည့် "Sustainable Growth and Food Security" ဆွေးနွေးပွဲတို့သို့ တက်ရောက်လေ့လာသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ညနေ ၄နာရီခွဲတွင် Nuova Aula dei Gruppiခန်းမ၌ ပြုလုပ်သည့် (၈)ကြိမ်မြောက် အာရှ-ဥရောပ ပါလီမန်ဆိုင်ရာ မိတ်ဖက်အစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

## အဘိဓမ္မာနေ့ လှိုင်သာယာမိုးကုတ်ဝိပဿနာအဖွဲ့ခွဲတွင် ကျောင်းသား လူငယ်များပါ တရားအားထုတ်

**ရန်ကုန် အောက်တိုဘာ ၈**

သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ မြို့နယ်အမှတ် (၈)ရပ်ကွက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၅၁၀)၌ မိုးကုတ်ဝိပဿနာ တရားတော်၏အဆီအနှစ်တို့ကို မိုးကုတ်နယ်လှည့် ဓမ္မကထိက ဆရာတော် အရှင်ပဏ္ဍာဝံသက တရားရှုမှတ်ပွားများစေ၍ တရားတော်များ ဟောပြောပြီး ယောဂီသူတော်စင်များနှင့် ကျောင်းသားမောင်မယ်များပါ ဝိပဿနာတရားရှုမှတ်ပွားများခဲ့ကြောင်း သိရသည်။

မြို့နယ်တွင် ဝိပဿနာအဖွဲ့ခွဲနှစ်ခုရှိပြီး အမှတ်(၈)ရပ်ကွက် ဦးပုညလမ်းရှိအဖွဲ့ခွဲ (၅၁၀)တွင် ယောဂီတစ်ရာကျော်တို့ကို တစ်ပတ်တရားစခန်းပွဲပို့ချလျက်ရှိသည်။ သီတင်းကျွတ်လပြည့်နေ့၌ ဥပုသ်သီတင်းဆောက်တည်ကြသောသူ နှစ်ရာကျော်ကို ဉာဏ်တော်အမြင့် ကိုးလက်မရှိသော ကြေးသွန်းဆင်းတုတော် ၂၄ ဆူကို ဆုမဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

■ *ကျောဖုံးမှ*

မစ္စတာ အက်ဂါကွမ်က ပြောကြားသည်။

အဆိုပါမီးပုံးမှာ အလျား သုံးမီတာနှင့် အမြင့် ၈ ဒသမ ၅မီတာရှိကာ စွမ်းအင်ချွေတာပြီး အလင်းထုတ်လွှင့်အားမြင့်မားသော အယ်လ်အီးဒီမီးသီးပေါင်း ၆၀ ခန့်တပ်ဆင်ထားကြောင်းသိရသည်။

"မြန်မာလူမျိုးတွေရဲ့ မီးထွန်းပွဲတော်က အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။ ရန်ကုန် တစ်မြို့လုံးက မြို့နယ်တိုင်း အိမ်တိုင်းမှာ မီးရောင်စုံတွေ၊ လျှပ်စစ်မီးရောဖယောင်းတိုင်မီးတွေပါ ထွန်းညှိထားကြတယ်။ ပျော်ပွဲရွှင်ပွဲတွေလည်း လုပ်ကြတယ်။ မြန်မာနိုင်ငံကို ကျွန်တော်ရောက်လာတာ မကြာသေးပါဘူး။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ နက်နဲတဲ့သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှု အမွေအနှစ်ကြွယ်ဝမှုကို အထင်ကြီးလေးစားမိတယ်။ အလွန်လှပပြီး ကြည်နူးစရာ ပွဲတော်တစ်ခုကိုကြုံရတယ်"ဟု အကြီးတန်းမန်နေဂျာအဖြစ် မြန်မာနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်သူ မစ္စတာ ဂျိမ်းစမစ်သ်က ပြောကြားသည်။

မီးပုံးထွန်းညှိခြင်းကို ဒဂုံစီးတီး (၁) ၏ နမူနာပုံစံပြခန်းရှေ့တွင် အောက်တိုဘာ ၂၆ ရက် ညနေ ၆ နာရီမှ ၁၂ နာရီအထိ ထွန်းညှိသွားမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## အာရှယူ-၁၉ ပြိုင်ပွဲ အောက်တိုဘာ ၉ ရက်စတင် အိမ်ရှင်မြန်မာ ယီမင်နှင့်စတင်ဆုံတွေ့

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲကို အောက်ဘိုဘာ ၉ ရက် ညနေပိုင်းတွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ရန်ကုန်၌နှစ်ပွဲ၊ နေပြည်တော်၌နှစ်ပွဲ စုစုပေါင်းလေးပွဲ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတွင် ညနေ ၃ နာရီခွဲ၌ အုပ်စု(က)မှ အီရန်အသင်းနှင့် ထိုင်းအသင်း၊ ညနေ ၆ နာရီခွဲ၌ အုပ်စု(က)မှ အိမ်ရှင်မြန်မာနှင့် ယီမင်အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်းတွင် ညနေ ၃ နာရီခွဲ၌ အုပ်စု(ဂ)မှ တောင်ကိုရီးယားအသင်းနှင့် ဗီယက်နမ်အသင်း၊ ညနေ ၆ နာရီခွဲ၌ အုပ်စု(ဂ)မှ ဂျပန်အသင်းနှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၉ ရက်မှ ၁၄ ရက်အထိ တစ်နေ့လျှင် လေးပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် မြန်မာ၊ အီရန်၊ ထိုင်း၊ ယီမင်၊ အုပ်စု(ခ)တွင် ဥဇဘက်ကစ္စတန်၊ ဩစတြေးလျ၊ ယူအေအီး၊ အင်ဒိုနီးရှား၊ အုပ်စု(ဂ)တွင် တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ဗီယက်နမ်၊ အုပ်စု(ဃ)တွင် အီရတ်၊ မြောက်ကိုရီးယား၊ ကာတာနှင့် အိုမန်တို့ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

## ပြောက်အိုးဖောက်ရာမှ ကလေးငယ် ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၅၃၃၈ နေ ၁၀နှစ်သား ကလေးတစ်ဦးနှင့် ငါးနှစ်သားကလေးတစ်ဦးတို့ ယမ်းအားပြင်း ပြောက်အိုးကို အောက်တိုဘာ ၈ ရက် ည ၈နာရီခွဲခန့်က ပစ်ဖောက်ဆော့ကစားရာ ၁၀နှစ်သား (စတုတ္ထတန်းကျောင်းသား)မှာ ပြင်းထန်စွာဒဏ်ရာရရှိသဖြင့် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးသို့ တင်ပို့ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

နိုင်ငံတကာသတင်း

# နိုင်ဂျီးရီးယားတွင် ကြီးစိုးနေသော ဘိုကိုဟာရမ်အဖွဲ့အား အာဖရိက နိုင်ငံစုံတပ်ထူထောင်ပြီးတိုက်ခိုက်ရန် စီစဉ်ပြီ




**နီယာမေ(နိုင်ဂျာ) အောက်တိုဘာ ၈**

အာဖရိက ခေါင်းဆောင်များသည် ဒေသတွင်းရှိ ဘိုကိုဟာရမ် စစ်သွေးကြွများအား အမြစ်ဖြတ်ချေမှုန်းတိုက်ခိုက်ရေး နိုင်ငံစုံတပ်ထူထောင်သွားရန် စီစဉ်နေပြီဖြစ်သည်။

အဆိုပါဆုံးဖြတ်ချက်ကို နိုင်ဂျာမြို့တော်နီယာမေမြို့၌ ကျင်းပသော ထိပ်သီးအစည်းအဝေး တက်ရောက်လာသည့် နိုင်ဂျီးရီးယား၊ ချတ်ဒ်၊ နိုင်ဂျာနှင့် ဘာရိန်းနိုင်ငံတို့မှ သမ္မတများနှင့် ကင်မရွန်းနိုင်ငံခြားရေးဝန်ကြီးတို့က အတည်ပြုချမှတ်လိုက်ခြင်းဖြစ်သည်။

ယင်းထိပ်သီးအစည်းအဝေးသည် နိုဝင်ဘာလမကုန်မီ စစ်ဆင်ရေးဌာနချုပ် စတင်ထူထောင်ရန် စည်းဝေးခြင်းဖြစ်ကြောင်း နိုင်ဂျီးယားသမ္မတ မိုဟာမက်ဒိုးအစ်ဆော်ဖိုးက ပြောကြားလိုက်သည်။

ဘိုကိုဟာရမ်တို့အား တိုက်ခိုက်သွားရန် တပ်ရင်းများကို မိမိတို့နိုင်ငံနယ်စပ်တစ်လျှောက် ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း အစ်ဆော်ဖိုးက ထပ်လောင်းပြောကြားလိုက်သည်။

အဆိုပါ စစ်သွေးကြွများသည် နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်း၌ အဓိက ခံတပ်ကြီးထူထောင်ထားပြီး ဒေသတွင်း၌ အစုအပြုံလိုက်သတ်ဖြတ်မှုများ ပြုလုပ်လျက်ရှိသည်။

လွတ်လပ်ရေးရပြီး ကတည်းက မိမိတို့ နိုင်ငံများတွင် အုပ်စုဖွဲ့အကြမ်းဖက်ခြိမ်းခြောက်မှုများ မရှိခဲ့ကြောင်း၊ ယခုအချိန်ရောက်မှသာ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်ခံနေရကြောင်း အစ်ဆော်ဖိုးက ပြောသည်။

ဘိုကိုဟာရမ်အဖွဲ့သည် ၂၀၀၉ ခုနှစ်မှ စတင်ကာ နိုင်ဂျီးယားနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှု၊ ဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ရာ လူပေါင်း ၁၀၀၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။

**(ပရက်စ်တီဗွီ)**

## ဟောင်ကောင်ဆန္ဒပြသူများနှင့် အစိုးရတို့ ဆွေးနွေးဖွယ်ရှိ

**ဟောင်ကောင် အောက်တိုဘာ ၈**

ဟောင်ကောင်တွင် ဒီမိုကရေစီ ဆန္ဒပြသူများနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးပွဲကို သောကြာနေ့တွင် စတင်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု တရားဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားရေးကိစ္စအတွက် ဆွေးနွေးကြလိမ့်မည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူ လူးကောင်ဝါက ပြောကြားလိုက်သည်။ ဆန္ဒပြသူများက ဟောင်ကောင်အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်ရန် လိုလားလျက်ရှိသည်။ သို့သော်လည်း တရုတ်နိုင်ငံက ဟောင်ကောင်အုပ်ချုပ်ရေးမှူးလောင်းကို ရွေးချယ်ပေးလိမ့်မည်ဟု ဆိုသည်။ လွန်ခဲ့သော သီတင်းပတ်ကျော်မှ စတင်ခဲ့သည့် ဆန္ဒပြမှုများသည် များစွာလျော့နည်းသွားပြီ ဖြစ်သည်။

**(ဘီဘီစီ)**

## တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ငလျင်လှုပ် လူတစ်ဦး သေဆုံး၊ ၃၂၄ ဦးဒဏ်ရာရ

**ကူမင်း အောက်တိုဘာ ၈**

လွန်ခဲ့သော အင်္ဂါနေ့ညက တရုတ်နိုင်ငံ ယူနန်ပြည်နယ်အနောက်တောင်ပိုင်း၌ အင်အား ၆ ဒသမ ၆ ရစ်ချ်စတာစကေးရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခဲ့ရာ လူတစ်ဦး သေဆုံးပြီး ၃၂၄ ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်အစိုးရက ပြောကြားခဲ့သည်။

ငလျင်ဗဟိုချက်မဖြစ်ပေါ်ရာ ဂျင်ဂုဒေသတွင် သေဆုံးမှု အများဆုံးဖြစ်သည်။ ဂျင်ဂုဒေသတွင် ငလျင်ကြောင့် လူပေါင်း ၉၂၇၀၀ ထိခိုက်ခဲ့ကြပြီး ၅၆၈၈၀ ဦးကို ရွှေ့ပြောင်းပေးခဲ့ရကြောင်း ပြည်သူ့ရေးရာ ဌာနမှ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ အဆိုပါငလျင်သည် ပေကျင်းဒေသစံတော်ချိန်ည ၉ နာရီ ၄၉ မိနစ်က လှုပ်ခဲ့ခြင်းဖြစ်သည်။ ငလျင်လှုပ်ရာဒေသတွင် ဆိုးကျိုးများ ခံစားခဲ့ရသည်။ ယူနန်သည်လည်း ငလျင်ကြောင့် အရေးပေါ်အခြေအနေကို ကြေညာခဲ့ရပြီး ငလျင်လှုပ်ရာဒေသသို့ ကယ်ဆယ်ရေးအဖွဲ့များနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ပေးပို့ခဲ့သည်။

**(ဆင်ဟွာ)**

# အိုင်အက်စ်တို့အား တိုက်ခိုက်ရန် ကနေဒါတိုက်လေယာဉ် ခြောက်စင်းနှင့် တပ်ဖွဲ့ဝင် ၆၀၀ စေလွှတ်မည်

**အော့တဝါ အောက်တိုဘာ ၈**

ကနေဒါပါလီမန်က အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများအား အမေရိကန် ဦးဆောင်လျက် လေကြောင်းမှ တိုက်ခိုက်လျက်ရှိရာတွင် ၎င်း၏ တပ်ဖွဲ့ဝင်များ ပါဝင်တိုက်ခိုက်ရန် သဘောတူလိုက်ပြီဖြစ်သည်။

အဆိုပါ ဆုံးဖြတ်ချက်အရ ကနေဒါတပ်ဖွဲ့ဝင်များက အိုင်အက်စ်တို့အား အမေရိကန်ပူးပေါင်းတပ်ဖွဲ့ဝင်များနှင့်အတူ ခြောက်လကြာ လေကြောင်းမှ တိုက်ခိုက်သွားမည်ဟု ဆိုသည်။ သို့သော်လည်း မြေပြင်တပ်များကို အသုံးပြုရန် ငြင်းဆိုထားသည်။

ကနေဒါက CF-18 တိုက်လေယာဉ်ခြောက်စင်းအပါအဝင် ထောက်လှမ်းရေးလေယာဉ်၊ ဆီဖြည့်လေယာဉ်တို့နှင့်အတူ တပ်ဖွဲ့ဝင် ၆၀၀ စေလွှတ်သွားမည်ဟု ဆိုသည်။

ကနေဒါနိုင်ငံသည် အမေရိကန်ဦးဆောင်၍ အိုင်အက်စ်တို့အားတိုက်ခိုက်ရာတွင် ပူးပေါင်းပါဝင်တိုက်ခိုက်သည့် နိုင်ငံများစွာတို့တွင် တစ်နိုင်ငံဖြစ်လာမည်ဖြစ်သည်။

**(ဘီဘီစီ)**

# ကက်ရှ်မီးယားတွင် အကြမ်းဖက်ပဋိပက္ခများဖြစ်ပွားနေစဉ် ရွာသားများ နေအိမ်မှ စွန့်ခွာထွက်ပြေး

**ကက်ရှ်မီးယား အောက်တိုဘာ ၈**

ပါကစ္စတန်နှင့်အိန္ဒိယတို့ နယ်စပ်ပဋိပက္ခများ ဖြစ်ပွားပြီးနောက် အငြင်းပွား ကက်ရှ်မီးယားဒေသ၌ လူထောင်ပေါင်းများစွာသည် ၎င်းတို့၏နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။ ရွာသားများသည် အကြမ်းဖက်မှုများဖြစ်ပေါ်နေသော နေရာများမှ ထွက်ပြေးလာကြပြီး ကတုတ်ကျင်းများထဲတွင် ခိုလှုံနေကြရကြောင်း နှစ်ဖက်နိုင်ငံမှ အရာရှိများက အင်္ဂါနေ့တွင် ပြောကြားသည်။



တရားဝင်သတင်းထုတ်ပြန်ချက်အရ ကက်ရှ်မီးယားဒေသတွင် လတ်တလောဖြစ်ပေါ်နေသောအငြင်းပွားဖွယ်ကိစ္စရပ်များကြောင့် အရပ်သား ကိုးဦး သေဆုံးခဲ့ပြီး လူ ၂၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြသည်။

တနင်္လာနေ့တွင် ကက်ရှ်မီးယားဒေသတွင် အကြမ်းဖက်မှုကို စတင်ကာ အိန္ဒိယနှင့်ပါကစ္စတန်သို့ တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန် အပြစ်တင်ကြပြီး သေနတ်များ၊ စက်သေနတ်များနှင့် အပြန်အလှန်ပစ်ခတ်ကြသည်။ ထိုသို့ပစ်ခတ်ခြင်းသည် အပြန်အလှန်လက်စားချေပစ်ခတ်နေခြင်း ဖြစ်သည်။ လွန်ခဲ့သည့် ဩဂုတ်လက အလားတူ ပဋိပက္ခများ ဖြစ်ပွားခဲ့ရာ နှစ်ဖက်နယ်စပ်မှရွာသား ၁၅၀၀၀ ကျော် ထွက်ပြေးခဲ့ကြရသည်။

ယင်း ပဋိပက္ခများနှင့် ပတ်သက်ပြီး အမေရိကန် နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်ပက်စကီက ဝါရှင်တန်သည် အဆိုပါ ဒေသ၌ ပဋိပက္ခများ မြင့်တက်လာခြင်းအပေါ် စိုးရိမ်နေရကြောင်း ပြောကြားသည်။ "ကျွန်မတို့က အိန္ဒိယနှင့် ပါကစ္စတန်နှစ်ဖက်အစိုးရများကို ဒီပဋိပက္ခကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ဖို့ ဆက်လက်ပြီးတော့ အားပေးသွားမှာပါ"ဟု အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့က ပြောကြားခဲ့သည်။

**(ပရက်စ်တီဗွီ)**

# သင်္ဘောသား ၁၈ ဦးနှင့်အတူ ဒီယက်နမ်ရေနံတင်သင်္ဘော မလေးရှားနှင့်အင်ဒိုနီးရှားရေပိုင်နက်အတွင်း ပျောက်ဆုံး



**ဟနွိုင်း အောက်တိုဘာ ၈**

စက်သုံးဆီတန်ချိန် ၅၀၀၀ ကျော်နှင့် သင်္ဘောသား ၁၈ ဦးတင်ဆောင်လာသော ဗီယက်နမ်ရေနံတင်သင်္ဘောတစ်စင်းသည် မလေးရှားနှင့် အင်ဒိုနီးရှားရေပိုင်နက်အတွင်းပျောက်ဆုံးသွားကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

MT Sunrise 689 အမည်ရှိ ရေနံတင်သင်္ဘောသည် ကြာသပတေးနေ့က စင်ကာပူနိုင်ငံမှ ထွက်ခွာလာပြီး တနင်္ဂနွေနေ့တွင် ဗီယက်နမ်ဆိပ်ကမ်း ကွမ်ထရိုင်းသို့ ရောက်ရှိရန် စီစဉ်ထားသည်။

အဆိုပါသင်္ဘောသည် စင်ကာပူနိုင်ငံအရှေ့မြောက်ဘက်ရေမိုင် ၁၈၀ ခန့်အကွာ ဗီယက်နမ်နိုင်ငံ ကာမောကိတ်ဒေသမှ အရှေ့တောင်ဘက် ရေမိုင် ၃၆၀ အကွာအရောက်တွင် ရေဒါနှင့် ရေဒီယိုဆက်သွယ်မှုမှ ပျောက်ကွယ်သွားခဲ့ကြောင်း ဗီယက်နမ်ရေကြောင်းကယ်ဆယ်ရေးပူးပေါင်းညှိနှိုင်းရေးစင်တာမှ ဒုတိယညွှန်ကြားရေးမှူး လူဒတ်တွန်းက ပြောသည်။ "ရာသီဥတုကတော့ ပုံမှန်ပါပဲ၊ ဖြစ်နိုင်တာတော့ အများကြီးပါပဲ။ ပင်လယ်ဓားပြတိုက်မှုလည်းဖြစ်နိုင်ပါတယ်" ဟု တွန်းက ပြောသည်။

ထိုအတောအတွင်း မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူရှိ နိုင်ငံတကာ ရေကြောင်းပင်လယ်ဓားပြတားဆီးရေးသတင်းထုတ်ပြန်ရေးဌာနမှ ပြောကြားရာတွင် ၎င်းသင်္ဘောသည် စင်ကာပူမှ ထွက်သွားပြီးကတည်းက အဆက်အသွယ်မရတော့ဟု ဆိုသည်။

"သင်္ဘောသားတွေနဲ့ သင်္ဘောရဲ့ ကံကြမ္မာကတော့ ဘာမှ ပြောလို့မရသေးပါဘူး" ကွာလာလမ်ပူအခြေစိုက် ပင်လယ်ဓားပြစောင့်ကြည့်ရေးအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။ အဆိုပါ သင်္ဘောရှာဖွေကယ်ဆယ်ရေးအတွက် ဗီယက်နမ်ကမ်းခြေစောင့်တပ်က စင်ကာပူ၊ အင်ဒိုနီးရှားနှင့် မလေးရှားအာဏာပိုင်များထံသို့ မေတ္တာရပ်ခံတောင်းဆိုထားသည်။

**(ပရက်စ်တီဗွီ)**

# မန္တလေးတိုင်းဒေသကြီး၊ မွန်နှင့် ကရင်ပြည်နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ ဆိုင်ကယ် ၄၃ စီး၊ ကား ၁၁ စီး၊ မူးယစ်ဆေးဝါးရောင်းဝယ်ငွေ ၉၃ သိန်းကျော် သိမ်းဆည်း မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၁မှု၊ တရားခံ ၁၉၁ ဦးတို့အား ဖမ်းဆီးအရေးယူနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၈**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ တာဝန်ပေးမှုဖြင့် မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစစ်ဆင်ရေး (၃)ခုတို့ဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၁ရက်မှ အောက်တိုဘာ ၆ ရက်အထိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။



**စက်တင်ဘာ ၁၈ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၌ ထက်အောင်၊ ဖြိုးကိုကိုနှင့် ဟိန်းဇော်ထက်တို့ စီးလာသော 2E /1104 ပါဂျဲရိုးယာဉ်ပေါ်မှ ဆူဒိုအက်ဖီဒရင်းအာနိသင်ပါ ဆေးပြား ၂၆ ဒသမ ၉ သိန်းနှင့်အတူတွေ့ရစဉ်။**

**မန္တလေးတိုင်းဒေသကြီးအတွင်း ရတနာပုံ(၂)စစ်ဆင်ရေးဖြင့် ဖော်ထုတ်ဖမ်းဆီးရမိ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စု (၁၀၂၊ ၁၀၃၊ ၁၀၄)နေပြည်တော်၊ မူးယစ်တပ်ဖွဲ့စု (၁၇၊ ၁၈) မန္တလေးနှင့် မူးယစ်တပ်ဖွဲ့စု (၁၆) ပြင်ဦးလွင်တို့မှ တပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်း၊ ဖယ်ခုံဘက်မှ မန္တလေးတိုင်းဒေသကြီးကို ဖြတ်၍ ကချင်ပြည်နယ်သို့ ဝင်ရောက်မည့် ဘိန်းစိမ်းများကို လမ်းကြောင်းပိတ်ဆို့ဖော်ထုတ်ဖမ်းဆီးခြင်း၊ အိန္ဒိယနယ်စပ်မှ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ကိုဖြတ်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ဝင်ရောက်ကာ ရှမ်းပြည်နယ် (မြောက်ပိုင်း) သို့ ဆူဒိုအက်ဖီဒရင်းဆေးပြားများ သယ်ဆောင်သည့်ဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီးခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်နှင့် ပြင်ဦးလွင်ခရိုင်များအတွင်း ရှောင်တခင် ဝင်ရောက်ဖမ်းဆီးခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဘိန်းဖြူ ၃၁ ဒသမ ၁၁၈ရမ်၊ ဘိန်းစိမ်း ၁၂၅ ဒသမ ၀၁၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၁၂၂ပြား၊ ဘိန်းဆီရည် ၀ ဒသမ ၄၉၅လစ်တာ၊ ဘိန်းဆီခဲ ၆၈ ဒသမ ၇ ဂရမ်၊ အိုက်(စ်) ၁ ဒသမ ၀၁၅၂ ကီလို၊ အက်စ်တက်စီ ၃၉၅၂ ပြား၊ အဆင့်နိမ့် ဘိန်း ၁၆ ဂရမ်၊ ဆေးခြောက် ၁၅ ဒသမ ၈၁၆၅ ကီလို၊ အက်ဖီဒရင်း ၁၁ ဒသမ ၁ ကီလို၊ ကဖင်း ၆ ဒသမ ၃၀၄ ကီလို၊ ကတ်တမင်း ၉၂၁၀ရမ်၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၄၃ ဒသမ ၄၈သိန်း၊ ဆူဒိုအက်ဖီဒရင်းအကြေမှုန့် ၁၅ ဒသမ ၉ကီလို(ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုး မြန်မာငွေကျပ်သိန်းပေါင်း ၁၈၀၅၄ ဒသမ ၆၆သိန်း)၊ ပွိုင့် ၂၂ လုပ်သေနတ်တစ်လက်၊ ၄င်းကျည်ငါးတောင့်၊ လက်ကိုင်စကားပြောစက်တစ်လုံး၊ ဆိုင်ကယ် ၂၄စီး၊ ကား ခုနစ်စီး၊ လက်ကိုင်ဖုန်းနှစ်လုံး၊ မူးယစ်ဆေးဝါးရောင်းဝယ်ငွေကျပ် ၃၇ ဒသမ ၂၄၉သိန်းတို့ကို ဖမ်းဆီး၍ မူးယစ်ဆေးဝါးအမှုပေါင်း ၇၃ မှုအား သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများတွင် အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး တရားခံပေါင်း ၁၁၂ ဦးအား ဖမ်းဆီးအရေးယူခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲ ၄၆ ကြိမ် ပြုလုပ်ခဲ့ရာ ပြည်သူလူထုကျောင်းသားကျောင်းသူ စုစုပေါင်း ၇၁၂၃ဦးအား အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**မွန်ပြည်နယ်အတွင်း ရာမညစစ်ဆင်ရေးဖြင့် ဖော်ထုတ်ဖမ်းဆီးရမိ**

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ မူးယစ်တပ်ဖွဲ့စု (၁၀၂၊ ၁၀၃၊ ၁၀၄) နေပြည်တော်မှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု (၃၈)မော်လမြိုင်မှ တပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်ခရိုင်နယ်မြေအတွင်း အိုက်စ် ၀ ဒသမ ၉ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၉၀ပြား၊ ဆေးခြောက် ၀ ဒသမ ၁၆၁၅ဂရမ်၊ သေနတ်သုံးလက်၊ ကျည် ၃၀၉ တောင့်၊ ကျည်အိမ် ၁၀ခု၊ ဆိုင်ကယ် ၁၅စီး၊ ကားနှစ်စီး၊ လက်ကိုင်ဖုန်း ၁၈လုံး၊ မူးယစ်ဆေးဝါးရောင်းဝယ်ငွေ ၄၁ ဒသမ ၁၂၁ သိန်းတို့အား ဖမ်းဆီး၍ မူးယစ်ဆေးဝါးအမှုပေါင်း ၃၄ မှုကို သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများတွင် အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး တရားခံပေါင်း ၄၈ဦးအား ဖမ်းဆီးအရေးယူခြင်း၊ မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေးဟောပြောပွဲ (၂၈) ကြိမ်ပြုလုပ်ခဲ့ရာ ပြည်သူလူထု ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၇၃၆ဦးအား အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**ကရင်ပြည်နယ်အတွင်း ဖွဲ့ကပင်စစ်ဆင်ရေးဖြင့် ဖော်ထုတ်ဖမ်းဆီးရမိ**

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ မူးယစ်တပ်ဖွဲ့စု (၁၀၂၊ ၁၀၃၊ ၁၀၄) နေပြည်တော်မှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု (၃၁)ဘားအံနှင့် မူးယစ်တပ်ဖွဲ့စု (၃၂)မြဝတီမှ တပ်ဖွဲ့ဝင်များပါဝင်သော အဖွဲ့သည် ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ကော့ကရိတ်မြို့နယ်နှင့် မြဝတီမြို့နယ်နယ်မြေများအတွင်း ဘိန်းဖြူ ၇ ဒသမ ၇ကီလို၊ အိုက်စ် ၂ ဒသမ ၂၅၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၆၆ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် ၀ ဒသမ ၂၅၇ရမ်၊ ဆိုင်ကယ်လေးစီး၊ ကားနှစ်စီး၊ မူးယစ်ဆေးဝါးရောင်းဝယ်ငွေကျပ် ၁၅ ဒသမ ၃၂၅သိန်းတို့ကို ဖမ်းဆီး၍ မူးယစ်ဆေးဝါးအမှုပေါင်း ၂၄မှု၊ တရားခံပေါင်း ၃၁ ဦးအား ဖမ်းဆီးအရေးယူခြင်း၊ မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေးဟောပြောပွဲ (၂၀)ကြိမ် ပြုလုပ်ခဲ့ရာ ပြည်သူလူထု ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၅၅၆ ဦးအား အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**စစ်ဆင်ရေး သုံးခုမှ ဖော်ထုတ်ဖမ်းဆီးအရေးယူမှု**

မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေး (၃)ခုတို့ဖြင့် ဘိန်းဖြူ ၇ ဒသမ ၇၃၁ကီလို၊ ဘိန်း ၁၂၅ ဒသမ ၀၁၉ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၆၇၈ပြား၊ ဆေးခြောက် ၂၄ ဒသမ ၂၉၃ကီလို၊ အိုက်စ် ၃ ဒသမ၂၇၄ကီလို၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၄၃ ဒသမ ၄၈ သိန်း၊ အက်ဖီဒရင်း ၁၅ ဒသမ ၉ ကီလို၊ ကဖင်း ၆ ဒသမ ၃၀၄ကီလို၊ ကက်တမင်း ၀ဒသမ ၉၂၁ကီလို၊ အိုက်စ် ၃ ဒသမ ၂၇၄ ကီလို၊ အက်စ်တက်စီဆေးပြား ၃၉၅၂ ပြား (ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ စုစုပေါင်း ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၂၇၇၀၁ ဒသမ ၂၉သိန်း)၊ ဆိုင်ကယ် ၄၃စီး၊ ကား ၁၁စီး၊ မူးယစ်ဆေးဝါးရောင်းဝယ်ငွေ ၉၃ ဒသမ ၆၉၅သိန်းတို့ကို သိမ်းဆည်းရမိပြီး မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၁မှု၊ တရားခံ ၁၉၁ဦးတို့အား ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲ (၉၄) ကြိမ်ပြုလုပ်ခဲ့ရာ ပြည်သူလူထု ကျောင်းသားကျောင်းသူစုစုပေါင်း ၁၉၄၁၅ဦးတို့အား အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့
WORLD SIGHT DAY
အောက်တိုဘာ လ (၉ )ရက်၊ကြာသပတေးနေ့
Universal Eye Health
No More Avoidable Blindness
" ရှောင်လွှဲနိုင်သောမျက်မမြင်ဘဝ၊ကာကွယ်စောင့်ရှောက်ကြ "

# ဖားကန့်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

အောက်တိုဘာ ၆ ရက်က ဖားကန့်မြို့နယ် တာမခန်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် တာမခန်ကျေးရွာ ရပ်ကွက် (၃) ရှိ ဘုရားကျွန်းရှင်တစ်ထောင်စေတီအနီး မောင်စိန် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ နှင့် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာ ရပ်ကွက် (၄)ရှိ ၄င်း၏နေအိမ်ခြံစည်းရိုးတွင် ချိတ်ထားသော မြွေရေခွံအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ သိမ်းဆည်းရမိသဖြင့် မောင်စိန် (၃၅နှစ်) အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


# လေပြင်းတိုက်ခတ်မှုကြောင့် စက်လှေလေးစင်းနစ်မြုပ်

**နေပြည်တော် အောက်တိုဘာ ၈**

အောက်တိုဘာ ၆ရက် ည ၉နာရီမှစ၍ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပဲတစ်ခွဲကျေးရွာ ဧရာဝတီမြစ်ကမ်းတွင် ဆိုက်ကပ်ရပ်နားထားသော မြန်အောင်မြို့နယ် ဝန်းသိုသိုက်ကျေးရွာနေ ဦးကျော်စွာ (၃၄နှစ်)ပိုင်ဆိုင်သည့် မြင်းကောင်ရေ ၃၂ကောင်တပ် တရုတ်နီအင်ဂျင်နှစ်လုံးနှင့် ၇ ဒသမ ၂၅ကောင် တရုတ်နီအင်ဂျင်ရေစုပ်စက်တစ်လုံးတပ်အလျား ၄၈ပေ၊ အနံ ၁၃ ဒသမ ၆ပေ၊ ဇောက်ကိုးပေရှိ ပဲ့ထောင်တစ်စင်း စုစုပေါင်း စက်လှေလေးစင်း နစ်မြုပ်ခဲ့ရာ တန်ဖိုးငွေကျပ် ၆၂၅သိန်း ဆုံးရှုံးပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ အဆိုပါနေရာတွင် ရွှေကျင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ပြီး နစ်မြုပ်သွားသည့်ရေယာဉ်များကို ပြန်လည်ဆယ်ယူရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

GUSTO
Institute of Information Technology
➡ ယနေ့ ၂၁ရာစုမှာ အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာ ပညာရှင် ဖြစ်လိုပါသလား?
➡ နိုင်ငံတကာ တက္ကသိုလ်ကြီးများမှ B.Sc.(Hons:) Computing ဘွဲ့ကို ပြည်တွင်း၌ အချိန်တိုအတွင်း စရိတ်သက်သာ စွာဖြင့် ရယူလိုပါသလား?



November Intake အတွက် ကျောင်းလျှောက်ထားနိုင်ပါပြီ
International Diploma/ Degree Program
HND Diploma in Computing (UK)
B.Sc.(Hons:) Computing (UK)
# 289 (A) Pyay Road, Sanchaung Tsp, Yangon. CALL NOW! 09- 8628806, 09-73031302

**Entrepreneurship and the Role of SMEs in the ASEAN ECONOMIC COMMUNITY programme Seminar သို့ကြွရောက်ပါရန် ဖိတ်ကြားခြင်း**

**ဦးဆောင်ဆွေးနွေးမည့်သူများ-**

(၁) ဦးရဲမြင့် (စွန့်ဦးတီထွင်)
(၂) ဦးဇော်သန်း (အယ်ဒီတာချုပ်၊ ECO ECHO Journal)
(၃) ဦးတေဇထွန်း (SME လုပ်ငန်းရှင်)

**နေ့ရက်** - အောက်တိုဘာ ၁၁ ရက် (စနေနေ့)
**အချိန်** - မွန်းလွဲ ၂း၀၀နာရီမှ ၅း၀၀ နာရီအထိ
**နေရာ** - ရန်ကုန်စီးပွားရေးတက္ကသိုလ်(သီရေတာအမှတ်-၁၀)

JUNE PHARMACEUTICAL LTD.
လူတိုင်းလူတိုင်း ကျန်းမာဖို့
AVAMIN
Spirulina with Extract
ကိုသောက်ကြစို့




AVAMIN ကိုသောက်သုံးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ
www.junepharmaceuticals.com
➤ Ygn: + 95 9 730 12000, 730 13000, 730 14000 ➤ Mdy: + 95 2 24490, 39985, 39725, 36122

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# သတိပြုဖွယ် လျှပ်စစ်အန္တရာယ်(၅)

ဝေယံ

**“သတိပြုဖွယ် လျှပ်စစ်အန္တရာယ်”** ဆောင်းပါးများတွင် ရေးသားဖော်ပြခဲ့သည်ကို ဖတ်မိသော တပည့်မတစ်ဦးက “အိမ်က မိဘတွေ၊ ကလေးတွေအတွက် လျှပ်စစ်နဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်စိတ်တွေ ဖြစ်လာတယ်ဆရာ။ အဲဒါနဲ့ အိမ်တွင်း ဝိုင်ယာကြိုးတွေနဲ့ လျှပ်စစ်ပစ္စည်းတွေကို လျှပ်စစ်အန္တရာယ် ရှိ မရှိ ရပ်ကွက်ထဲက လျှပ်စစ်နားလည်တဲ့သူကို ခေါ်ပြီး စစ်ဆေးခိုင်းရတယ်။ ကွဲအက်နေတဲ့ မီးပလပ်ပေါက်နှစ်ခုကိုလည်း အမျိုးအစားကောင်းတာနဲ့ ချက်ချင်းလဲပစ်လိုက်တယ်။ မိသားစုဝင်တွေကိုလည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်ပါအချက်တွေကို အသေအချာ ရှင်းပြခဲ့တယ်။”

“အေးကွာ. . . တပည့်လိုပဲ အသိစိတ်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သူတွေအတွက် မိမိရော၊ မိမိပတ်ဝန်းကျင်ပါ လျှပ်စစ်အန္တရာယ်ကင်းရှင်းတာပေါ့။ အိမ်တွင်း၊ စက်ရုံတွင်း ဓာတ်လိုက်မှု ဖြစ်စဉ်တွေကို လေ့လာတွေ့ရှိချက်ကတော့ မီးကြိုးဝိုင်ယာများ ပေါက်ပြဲနေတာတွေကို တိပ်နဲ့ ယာယီပတ်ထားတာတွေ၊ မီးပလပ်၊ မီးခလုတ်အကွဲတွေကို မလဲဘဲ ဖြစ်သလို သုံးနေတာတွေဟာ လျှပ်စစ်အန္တရာယ်ကို လက်ယပ်ခေါ်နေတာပဲပေါ့ကွာ။”

“ဒါနဲ့ ဆရာ အခု လပိုင်းအတွင်းမှာရော အလားတူဖြစ်စဉ်တွေများ ရှိသေးလား ဆရာ။”

“ဓာတ်လိုက်မှုတွေကတော့ ဖြစ်နေတာပဲကွာ။ ဓာတ်လိုက်မှုဖြစ်စဉ်များထဲကနေ လျှပ်စစ်မော်တာတွေ ကိုင်တွယ်အသုံးပြုရာမှာ သတိမထားမှုတွေကြောင့် အသက် ဆုံးရှုံးခဲ့ရတာတွေများနေတယ်”

“၂၀၁၄ ခုနှစ် စက်တင်ဘာ ၃ ရက်က ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ ဗောဓိကုန်းကျေးရွာတွေမှာရှိတဲ့ သကြားစက်ရုံအတွင်းပိုင်း မီးလိုင်းတစ်လိုင်းပျက်နေတယ်။ အဲဒီအချိန်မှာ စက်ရုံဝန်ထမ်း မောင်. . . . (၂၈ နှစ်)က မိန်းခလုတ်မပိတ်ဘဲ မီးပြင်ဖို့ ဝိုင်ယာကြိုးကို လက်ဖြင့်ကိုင်လိုက်တဲ့အခါမှာ မီးကြိုးပေါက်တဲ့နေရာကို ကိုင်မိတယ်။ အဲဒီ ပေါက်နေတဲ့ ဝိုင်ယာကြိုးနေရာကနေ လက်ကို ဓာတ်အားစီးဝင်ပြီး ဓာတ်လိုက် သေဆုံးခဲ့ရတယ်။


“နောက်ဖြစ်စဉ်တစ်ခုကတော့ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်က ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန် အလုပ်ရုံတစ်ခုရှိ တွင်ခုံမော်တာကြီး ပေါက်ပြဲနေရာမှ တွင်ခုံသံဘော်ဒီနှင့် ထိ၍ ဓာတ်အားစီးဝင်နေတယ်။ တွင်ခုံလုပ်သား မောင်. . . အသက်(၂၀ နှစ်)က လုပ်ငန်းဆောင်ရွက်ရန် တွင်ခုံကို လက်ဖြင့်ကိုင်တွယ်လိုက်စဉ် လက်သို့ ဓာတ်အားစီးဝင်၍ ဓာတ်လိုက် သေဆုံးခဲ့ရတယ်။

“လုပ်ငန်းခွင်အတွင်း နောက်ထပ် ဓာတ်လိုက်မှုဖြစ်စဉ်တစ်ခုကတော့ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၂ ရက်က ပြည်မြို့ ရွှေဆံတော်ဘုရား၏ တံတိုင်းနံရံထိန်းလုပ်ငန်းကို မောင်. . . (၂၇ နှစ်)က ဆောင်ရွက်နေတယ်။ ဘိလပ်မြေမွှန်စက်၏ မော်တာကို နေရာပြောင်းရွှေ့ချင်လို့ ခလုတ်မပိတ်ဘဲ တွန်းရွှေ့ရာမှ မော်တာသို့ ဆက်သွယ်ထားသော မီးကြိုးတစ်စပြတ်ထွက်ပြီး ဘိလပ်မြေမွှန်စက်ရဲ့ ကိုယ်ထည်မှာ လျှပ်စစ်စီးဝင်ကာ ကိုင်တွယ်တွန်းရွှေ့သူ မောင်. . . ဓာတ်လိုက်သေဆုံးခဲ့ရတယ်။ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှာဘဲ တာချီလိတ်မြို့မှာ မိုးသည်းထန်စွာရွာသွန်းပြီး မြို့တွင်း အိမ်အောက်ထပ်တွေမှာ ရေဝင်မှုဖြစ်ပေါ်ခဲ့တယ်။ ဦး-----(၃၉နှစ်)က မိမိအိမ်အောက်ထပ်အတွင်းဝင်နေတဲ့ ရေတွေကို ရေမြှုပ်မော်တာဖြင့် စုပ်ထုတ်နေခဲ့ရာမှ ဦး-----မော်တာရဲ့အတွင်းကြိုးစတစ်ချောင်း ပေါက်ပြဲနေသောနေရာသည် ရေနဲ့ ထိတွေ့သွားတဲ့အတွက် ရေများအတွင်း လျှပ်စစ်စီးဝင်ကာ လုပ်ငန်းဆောင်ရွက်နေသူ ဦး-----ဓာတ်လိုက် သေဆုံးခဲ့ရတယ်။

“ဖြစ်စဉ်တွေကြားရတာ ကျောစိမ့်မိတယ်ဆရာ။ လျှပ်စစ်အန္တရာယ်ဟာ တော်တော်ကြောက်ဖို့ကောင်းတာပဲ။ ခေတ္တခဏလေးအတွင်းမှာပဲ အမှုမဲ့အမှတ်မဲ့နဲ့ သတိကင်းလွတ်ခဲ့မှုကြောင့် ဝမ်းနည်းကြေကွဲစရာ အဖြစ်ဆိုးတွေ ကြုံတွေ့ရမှုတွေပါပဲ။”

“ဒါပေါ့ ဒီဖြစ်စဉ်တွေကို ကြည့်ရင် မိမိအိမ်လျှပ်စစ်ပစ္စည်းများရှိ ဝိုင်ယာကြိုးတွေ ကောင်း မကောင်း စစ်ဆေးမှုဆောင်ရွက်ပြီးမှ လုပ်ငန်းဆောင်ရွက်သင့်တယ်။ အလုပ်ရှင်များအနေနဲ့ လျှပ်စစ်နဲ့ပတ်သက်ပြီး လုပ်ငန်းဆောင်ရွက်တဲ့ ဝန်ထမ်းအားလုံးလျှပ်စစ်အသိ၊ လျှပ်စစ်သတိရှိအောင်ပြောကြားမှု၊ လေ့ကျင့်မှုတွေ ဆောင်ရွက်ထားရမယ်။ လုပ်ငန်းခွင်အတွင်းမှာလည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းအောင် စီမံဆောင်ရွက်ထားဖို့ လိုအပ်တယ်။”

သုံးပင်ဆော့ကတ် (3 Pin Socket)




သုံးပင်ပလပ် (3 Pin Plug)




“မီးခဲလို မြင်နေရရင်တော့ မကိုင်မိအောင် ရှောင်လို့လွယ်တာပေါ့ဆရာ။ ဝိုင်ယာကြိုးမှာ လျှပ်စစ်ဓာတ်အားရှိ/မရှိကို မမြင်ရတော့ အမှုမဲ့အမှတ်မဲ့ ကိုင်တွယ်မိတာနဲ့ အသက်ဆုံးရှုံးရတယ်။ လျှပ်စစ်ဝိုင်ယာကြိုးတွေ၊ လျှပ်စစ်ပစ္စည်းတွေပေါ်မှာ ဓာတ်အား ရှိ မရှိ ဘယ်လိုသိနိုင်မလဲ ဆရာ. . .”

“အဲဒါ သိပ်သိသင့်တဲ့ အချက်ပဲ။ လျှပ်စစ်စမ်းသပ်ကိရိယာ(Tester) တစ်ချောင်းနဲ့ထောက်ပြီး စမ်းသပ်ကြည့်ရင် အလွယ်တကူသိရှိနိုင်တယ်။ လျှပ်စစ်စမ်းသပ်ကိရိယာမှာ မီးလင်းရင် လျှပ်စစ်ဓာတ်အားရှိနေကြောင်း သိနိုင်တာပေါ့။ လျှပ်စစ်စမ်းသပ်ကိရိယာတစ်ချောင်းရဲ့ တန်ဖိုးကလည်း လက်ဖက်ရည်တစ်ခွက်စာလောက်ပဲရှိတာလေ။ အိမ်တိုင်းမှာ ဆောင်ထားသင့်တာပေါ့။ နောက်တစ်ခုရှိသေးတယ်။ နေအိမ်အများစုက လျှပ်စစ်သုံးစွဲရာမှာ မြေစိုက်ကြိုး (Earth)မပါပဲ အဖို၊ အမနှစ်မျိုးပဲ သုံးနေကြတယ်။ လျှပ်စစ်မီးပူ၊ မီးဖို၊ မော်တာစတဲ့ပစ္စည်းတွေရဲ့ ကိုယ်ထည်မှာ ဓာတ်အားရှိနေပါက လူကိုင်မိရင် ဓာတ်လိုက်မှု ဖြစ်တော့တာပဲ။ မြေစိုက်ကြိုး တပ်ဆင်ထားခြင်းဖြင့် လျှပ်စစ်ပစ္စည်းကိုယ်ထည်များတွင် လျှပ်စစ်ဓာတ်စီးဝင်မှုရှိပါက မြေစိုက်ကြိုးကတစ်ဆင့် မြေအောက်သို့ စီးဝင်သွားတာကြောင့် ကိုင်တွယ်သုံးစွဲသူများတွင် ဓာတ်လိုက်မှု မဖြစ်နိုင်တော့ဘူး။”

“မြေစိုက်ကြိုးစနစ်ကို ဘယ်လို ထည့်သွင်း သုံးစွဲရမလဲဆိုတာ သိပါရစေဆရာ. . .”

“လျှပ်စစ်ဓာတ်အသုံးပြုပြီး သုံးစွဲတဲ့ပစ္စည်းတွေ အားလုံးမှာ မြေစိုက်ကြိုးစနစ် ထည့်သွင်းသုံးစွဲရတယ်။ ဓာတ်အားလိုင်းတွေ၊ ဓာတ်အားခွဲရုံတွေမှာ မြေစိုက်ကြိုးစနစ်ရှိသလိုပဲ အိမ်တွင်းသုံး လျှပ်စစ်ပစ္စည်းတွေဖြစ်တဲ့ မီးပူ၊ မီးဖို၊ အဝတ်လျှော်စက်၊ လေအေးပေးစက်၊ မော်တာ စတဲ့ ပစ္စည်းတွေမှာလည်း မြေစိုက်ကြိုးစနစ် ထည့်သွင်းသုံးစွဲဖို့ လိုအပ်တယ်။ ဒီအိမ်သုံးပစ္စည်းတွေကို မြေစိုက်ကြိုးစနစ်မဖြစ်မနေ သုံးစွဲဖို့ စတင်ထုတ်လုပ်လိုက်တဲ့ စက်ရုံက သုံးပင်ကြိုးနဲ့ သုံးပင်ဆော့ကတ်တွေ တစ်ပါတည်း တပ်ဆင်ထုတ်လုပ်ပေးထားတာဖြစ်တယ်။ အိမ်တွေရောက်တော့မှ သုံးပင်ကြိုးနဲ့ သုံးပင်ဆော့ကတ်မသုံးဘဲ နှစ်ပင်ဆော့ကတ်ခေါင်းနဲ့ ပြောင်းသုံးနေကြတယ်။”

“မြေစိုက်ကြိုးစနစ်အသုံးပြုတဲ့ သုံးပင်ကြိုး သုံးပင်ဆော့ကတ်စနစ်က အန္တရာယ်ကင်းရှင်းတယ်ဆိုရင် အိမ်တွေမှာ ဘယ်လိုပြောင်းလဲမှုတွေ ဆောင်ရွက်ရမလဲဆရာ။”

“အေး. . . ဒါလဲ သိသင့်တဲ့အချက်ပဲ။ လျှပ်စစ်ကျွမ်းကျင်ပညာရှင်များနှင့် ဆက်သွယ်ပြီး မိမိအိမ်တွင် မြေစိုက်ကြိုးစနစ်ရအောင် ဆောင်ရွက်နိုင်ပါတယ်။ မြေစိုက်ကြိုးစနစ် ရပြီဆိုရင် နှစ်ပင်ကြိုး နှစ်ပင်ဆော့ကက်စနစ်ကနေ သုံးပင်ကြိုး သုံးပင်ဆော့ကက်စနစ် ပြောင်းသုံးပြီး အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်တဲ့ မီးပူ၊ မီးဖို၊ ရေခဲသေတ္တာ စတဲ့ ပစ္စည်းများကို မြေစိုက်ကြိုးစနစ် ဆက်သွယ်သုံးစွဲထားခြင်းဖြင့် လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်ရာမှ ဓာတ်လိုက်မှုဖြစ်စဉ်တွေ လျော့နည်းသွားမှာဖြစ်တယ်၊ သတိပြုဖို့ အနေနဲ့တော့။”

**“လျှပ်စစ်ပစ္စည်းများ မသုံးစွဲမီ ဝိုင်ယာကြိုးများပေါက်ပြဲမှု ရှိ/မရှိ စစ်ဆေးပါ”**

**“လျှပ်စစ် ပစ္စည်းများ၏ ကိုယ်ထည်များတွင် လျှပ်စစ်ဓာတ်အား ရှိ/မရှိ လျှပ်စစ်စမ်းသပ်ကိရိယာနဲ့ စမ်းသပ်ကြည့်ပါ”**

**“မြေကြီး တမံသလင်းပေါ်တွင် ခြောက်သွေ့သော ဖိနပ်စီးပြီးမှ လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်ပါ”**

**“လျှပ်စစ် ပစ္စည်းများကို မြေစိုက်ကြိုးစနစ်ပါရှိသော သုံးပင်ကြိုး သုံးပင်ဆော့ကက်စနစ် တပ်ဆင်သုံးစွဲပါ”**

**“အဆောက်အအုံများ ဆောက်လုပ်ရာတွင် လျှပ်စစ်ပိုင်းဆိုင်ရာ ဝိုင်ယာကြိုးများ သွယ်တန်းရာ၌ မြေစိုက်ကြိုးစနစ်နှင့် သုံးပင်ပလပ်စနစ်ထည့်သွင်း ဆောင်ရွက်ပါ”**

## မင်းကင်းမြို့တွင်း အဆင့်မြှင့်တင် ကွန်ကရစ်လမ်းခင်း

**မင်းကင်း အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်း ဒေသကြီး မင်းကင်းမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကျော်ဦး ဦးစီး၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ လပို့-မင်းကင်းလမ်းမိုင်တိုင် ၂၅/၃-၂၅/၅ အကြား (မြို့တွင်း) အရှည် ၁၀၈၀ ပေ၊ အကျယ် ၁၂ ပေ၊ ထုကိုးလက်မကို အောက်တိုဘာ ၇ ရက်က ငွေကျပ် ၂၈ ဒသမ ၆ သန်း အကုန်အကျခံကာ အဆင့်မြှင့် ကွန်ကရစ်လမ်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

ချင်းတွင်းသား (iprd)



## ဇမ္ဗူသီရိမြို့နယ် မြတ်ပါရမီလူမှုကူညီရေးအသင်း အဘိဓမ္မာအခါတော်နေ့တွင် စုပေါင်းသွေးလှူ

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ မြတ်ပါရမီလူမှုကူညီရေးအသင်း အသင်းဝင်ဝန်ထမ်းမိသားစုများက အဘိဓမ္မာအခါတော်နေ့အထိမ်းအမှတ် သွေးလှူဒါန်းပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီက နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

သွေးလှူဒါန်းပွဲတွင် မြတ်ပါရမီလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၏ ဦးဆောင်မှုဖြင့် မြတ်ပါရမီလူမှုကူညီရေးအသင်း၏ သွေးတာဝန်ခံ ဦးသူရနှင့် ဒေါ်မြမျိုးဆန်းတို့ပါဝင်သော သွေးလှူရှင်အသင်းဝင် ၂၇ ဦးတို့ စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်ကာ သွေးအကူအညီလိုအပ်နေသော လူနာများအနေဖြင့် မြတ်ပါရမီလူမှုကူညီရေးအသင်းသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပြီး အလှူငွေလှူဒါန်းလိုသူများအနေဖြင့် မြတ်ပါရမီလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဖုန်း ၀၉-၄၉၃၁၉၉၆၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

## ဖောက်ခွဲဆက်စပ်ပစ္စည်းများ သိုဝှက်သယ်ဆောင်လာစဉ် ဖမ်းဆီးရမိ

**နောင်ချို အောက်တိုဘာ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့တို့သည် အောက်တိုဘာ ၇ ရက် ည ၅ နာရီခန့်က နောင်ချိုမြို့အဝင် အေးရှားဝေါလ် တိုးဂိတ်အနီးတွင် လက်နက်၊ ခဲယမ်း၊ မူးယစ်ဆေးဝါးများ ရှာဖွေစစ်ဆေးစဉ် ကျောက်မဲမြို့မှ နောင်ချိုမြို့သို့ ယာဉ်မောင်းဝင်းလွင် မောင်းနှင်လာသော နမ့်ခမ်း-မန်းခရီးသည်ယာဉ် ယာဉ်အမှတ် 5A/ . . . . အားရပ်တန့်စစ်ဆေးရာ ဂျပ်ဖာအဝါရောင်အတွင်း ထည့်သွင်းထားသည့် vicopy စာတန်းပါ ဒီဗွီဒီခွေကူးစက်အတွင်းမှ ဖောက်ခွဲဆက်စပ်ပစ္စည်းများဖြစ်သော ယမ်းကြိုးအနီရောင် ၂၂ ပေခန့် တစ်ချောင်း၊ တစ်ပေခြောက်လက်မခန့် တစ်ချောင်း၊ မီးခိုးရောင်နှင့် အဝါရောင်ဝိုင်ယာကြိုးတပ်လျက် အနက်ရောင် ဒီတိုနီတာ ၂၉ ချောင်း၊ ငါးဗို့ဓာတ်ခဲ အနီရောင် ကိုးလုံး၊ မြန်မာငွေ ၅၀၀၀ ကျပ်တန် အရွက် ၈၀ နှင့် သက်သေခံပစ္စည်းများ သိမ်းဆည်း ရမိသည်။

ဖောက်ခွဲဆက်စပ်ပစ္စည်းများကို သိုဝှက်သယ်ဆောင်လာသူ စိုင်းလောင်လျှန်ဆယ် (ခ) စိုင်းလောင် (၃၆ နှစ်) ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့နှင့် အောင်ဌေး (ခ) စိုင်းအောင်ဌေး (၄၃နှစ်) ကျောက်မဲမြို့နေသူတို့ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **(ဝဇ၁)**

ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာပေးဆောင်စို့

ပြည်တွင်းသတင်း

# သီတင်းကျွတ်လပြည့်နေ့အခါသမယ နေပြည်တော်ရှိ ဘုရား၊ စေတီပုထိုးများတွင် ကုသိုလ်ကောင်းမှုပြု

**နေပြည်တော် အောက်တိုဘာ ၈**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်၏ သီတင်းကျွတ်လပြည့်နေ့ဖြစ်သည်။ မြတ်စွာဘုရားရှင် ဝါတွင်းသုံးလ ကာလပတ်လုံး တာဝတိံသာနတ်ပြည်တွင် အဘိဓမ္မာဒေသနာတော် ဟောကြားတော်မူပြီး လူ့ပြည်သို့ ပြန်လည်ကြွရောက်တော်မူသည့်နေ့လည်းဖြစ်သည်။ ထိုနေ့တွင် နတ်ပြည်မှ ဆင်းသက်တော်မူလာသည့် မြတ်စွာဘုရားရှင်အား ပူဇော်သည့်အနေဖြင့် ဘုရားစေတီ၊ တန်ဆောင်း၊ ကျောင်း၊ အိမ်များ၌ ဆီမီး၊ ဖယောင်းတိုင်၊ မီးပုံးများ ထွန်းညှိ၍ ကြိုဆိုကြသည်။

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့၌ ဆီမီးပူဇော်ပွဲများကို ခြိမ့်ခြိမ့်သဲသဲကျင်းပလျက်ရှိရာ နေပြည်တော်တစ်ခွင်ရှိ ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုးများ၌ ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းကြသူများ၊ ဥပုသ်သီတင်းသီလ ခံယူဆောက်တည်ကြသူများ၊ အလှူအတန်းပြုကြသူများ များပြားခဲ့ပြီး ဓမ္မစကြာတရားတော်ရွတ်ဖတ်ပူဇော်သံများနှင့်အတူ စည်ကားခဲ့ကာ နေပြည်တော်ရှိ ရေပန်းဥယျာဉ်၌လည်း ရပ်နီးရပ်ဝေးမှ လာရောက်အပန်းဖြေကြသည့် ပြည်သူများဖြင့် စည်းကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ဆဋ္ဌအကြိမ်အဘိဓမ္မာအခါတော်နေ့နှင့် (၅၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့ပြီး ညနေပိုင်းတွင် ဆီမီး (၉၀၀၀)ပူဇော်ပွဲကို ပြုလုပ်ခဲ့ရာ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။

ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးတွင် ဓမ္မစကြာတရားတော်ရွတ်ဆိုသံများစည်ဝေလျက်ရှိပြီး အလှူခံဌာနတွင် အလှူရှင်များ ဝင်လာမစဲ ကုသိုလ်ယူ ပါဝင်လှူဒါန်းနေကြသကဲ့သို့ လာရောက်ဖူးမြော်ကြည်ညိုကြသူ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာ ပရိသတ်အပေါင်းတို့ကို စေတနာရှင်၊ ကုသိုလ်ရှင်များက စတုဒိသာ ကုသိုလ်အဖြစ် အချိုရည်ဘူးများ လှူဒါန်းနေသည်ကိုလည်း မြင်တွေ့ခဲ့ရသည်။

ထို့အတူ နေပြည်တော် ပျဉ်းမနားရှိ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊ လောကမာရဇိန်ဘုရား၊ လောကရန်နှိမ်ဘုရားများနှင့် နေပြည်တော်ရှိ ဓာတုစယစေတီတော်နှင့် မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်၊ သတ္တသတ္တာဟ မဟာဗောဓိစေတီတော် စသည့် စေတီပုထိုးများတွင်လည်း ဆီမီးပူဇော်ပွဲများ ပြုလုပ်ခဲ့ပြီး ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာ ဧည့်ပရိသတ်များနှင့် စည်ကားများပြားလျက်ရှိသည်။

သီတင်းကျွတ်မီးထွန်းပွဲ ကျင်းပခြင်းသည် အစဉ်အလာကောင်းတစ်ခုဖြစ်ပြီး ကောင်းမှုအမွေတစ်ရပ် ဖြစ်ပါသည်။ နေပြည်တော်ရှိ တန်ခိုးကြီးဘုရား၊ စေတီပုထိုးများတွင် ဆီမီးလာရောက်ပူဇော်သူများဖြင့် စည်ကားခဲ့ပြီး နေပြည်တော်တစ်ခွင်ရှိ လူနေအိမ်ရာများ၌ ရောင်စုံမီးအလှများ ထွန်းညှိကာ မြတ်စွာဘုရားအား ပူဇော်ထားသည်ကို တွေ့မြင်ရသည်မှာလည်း အလွန်တင့်တယ်ပြီး နှလုံးစိတ်ဝမ်းချမ်းမြေ့ဖွယ်ရာဖြစ်ပါသည်။

**(သတင်းစဉ်)**



# ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ပေါ်တွင် ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် အထူးစည်ကား

**ကျောက်ဆည် အောက်တိုဘာ ၈**

ကျောက်ဆည်မြို့ရှိ ရွှေသာလျောင်းတောင်ပေါ်၌ သီတင်းကျွတ်လပြည့်နေ့တွင် အနော်ရထာမင်းကြီးနှင့်တကွ ဆင်မယဉ်သာ(ဆင်ဖြူ)ကို ရည်စူးပြီး ကုသိုလ်ကောင်းမှု ပြုလုပ်သူများ၊ ရွှေဆင်ရုပ်၊ ငွေဆင်ရုပ် လှူဒါန်းသူများ၊ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ကျောက်ဆည်နယ်သူ နယ်သားများသည် သီတင်းကျွတ်လဆန်း ၁၄ ရက် ဆင်ပွဲတော်အပြီး သီတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ကောင်းမှုပြုလုပ်ကာ ဆင်မယဉ်သာ(ဆင်ဖြူ)ကို ရည်စူးပြီး ဆင်ရုပ်များ လှူဒါန်းမှုကို "ဦးတို့ နယ်သူ နယ်သားတွေက အနော်ရထာမင်းကြီး သာသနာပြုခဲ့တဲ့ ဘုရားကျောင်းကန်တွေကို အရှည်တည်တံ့အောင် ကုသိုလ်ကောင်းမှုတွေ ဆက်လက်ဆောင်ရွက်နေတာပါ၊ ဒီနေ့ ဒီတောင်ပေါ်မှာ သံဃာတော်တွေကို ပင့်ဖိတ်ပြီး ဆွမ်းဆက်ကပ်လှူဒါန်း၊ ရတနာရွှေဆင်ရုပ်၊ ငွေဆင်ရုပ်တွေလှူဒါန်း၊ ဒီလိုလှူဒါန်းတာကလည်း ကျောက်ဆည်နယ်သူ နယ်သားတွေအားလုံးက လုပ်ဆောင်ကြတာပါ၊ တောင်ပေါ်တက်လာတဲ့ ဘုရားဖူး ပြည်သူများကိုလည်း စတုဒိသာကျွေးမွေးပြီး ဧည့်ခံကြတာ" ဟု ရွှေသာလျောင်း ဂေါပကတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**





# သီတင်းကျွတ်လပြည့်နေ့တွင် နေပြည်တော်နှင့်အနီးတစ်ဝိုက်ရှိ အထင်ကရနေရာများသို့ လာရောက်လည်ပတ်သူများပြား

**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ ရေပန်းဥယျာဉ်နှင့် နေပြည်တော်အနီးတစ်ဝိုက်ရှိ ဗုဒ္ဓဂယာ **(အပေါ်ပုံ)**၊ ရေပူစမ်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်များတွင် လာရောက်လည်ပတ်သူများ စည်းကားလျက်ရှိသည်။ လာရောက်လည်ပတ်သူများတွင် နေပြည်တော်မှသာမက ရပ်ဝေးရပ်နီးမှ ဘုရားဖူးခရီးသည်များ၊ ဝန်ထမ်းမိသားစုများ၊ အနီးဝန်းကျင် မြို့များနှင့် ကျေးရွာများမှ ဒေသခံများ ပါဝင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မုဒြာ**

## မဟာဝိဇယ စေတီတော်

**သီတင်းကျွတ် လပြည့်နေ့က ရန်ကုန်မြို့ မဟာဝိဇယစေတီတော်တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။**

(ဓာတ်ပုံ-သတင်းစဉ်)



**သီတင်းကျွတ်လပြည့်နေ့က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သော အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား၌ ဥပုသ်သီတင်းဆောက်တည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ-ကိုကြီးတင်




# ကျောက်တော်ကြီးဘုရား၌ ဘုရားဖူးကုသိုလ်ပြု


**မန္တလေး အောက်တိုဘာ ၈**

ယနေ့သည် ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာတို့၏နေ့ထူးနေ့မြတ် အခါသမယ သီတင်းကျွတ်လပြည့်နေ့အဘိဓမ္မာအခါတော်နေ့ ဖြစ်သည်နှင့်အညီ မန္တလေးမြို့အတွင်းရှိ အထင်ကရ တန်ခိုးကြီးဘုရားများ၊ မြို့နယ်ရပ်ကွက် အသီးသီးတို့မှ စေတီပုထိုး ကျောင်းကန်ဓမ္မာရုံများတွင် အဘိဓမ္မာဒေသနာတော်ကြီးကိုအထူးပြု၍ ပူဇော်သော အဘိဓမ္မာအခါတော်နေ့ပွဲတော်၊ ဝါကျွတ်ပဝါရဏာပွဲတော်နှင့် ဆီမီးရောင်စုံမီးတို့ဖြင့် ပူဇော်ခြင်း၊ ဓမ္မစကြာဝတ်အသင်းများ၊ ဘုရားဖူးလာပြည်သူများနှင့် ပန်းဆီမီး လာရောက် ဆက်ကပ်ပူဇော်ကြသဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၌ ဘုရားဖူးကုသိုလ်ပြုကြသူများဖြင့် စည်ကားနေသည်ကိုလည်းတွေ့ရသည်။ **(ယာပုံ)** **တင်မောင်(မန်းကိုယ်ပွား)**



## ပြည်တွင်းသတင်း






**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နန်နင်းမြို့ အားကစားရုံ၌ ကျင်းပသည့် (၄၅)ကြိမ်မြောက် ကမ္ဘာ့ကျွမ်းဘားအားကစား တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

**ကျောဖုံးမှ**

ပြိုင်ပွဲဝင်အားကစားသမား၊ နိုင်ငံအလိုက် အသင်းအုပ်ချုပ်သူများ၊ ဒိုင်လူကြီးများ၊ ဖျော်ဖြေရေးအနုပညာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာ ဖန်ချင်းဝှာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လျိုဖျင်နှင့် ကမ္ဘာ့ကျွမ်းဘားအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr.Bruno Grandi တို့က အမှာစကားပြောကြားကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံ လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Ma Biao က အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက ကျွမ်းဘားပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယခု ကျင်းပသည့် ကျွမ်းဘားပြိုင်ပွဲကို အောက်တိုဘာ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၇၃ နိုင်ငံမှ ကျွမ်းဘားအားကစားသမား ၆၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အမျိုးသား(၂၃)နှစ်အောက် ၃၄၃ ဦး၊ အမျိုးသမီး (၁၉)နှစ်အောက် ၂၇၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် နန်နင်းမြို့ ဝူထန်ကျေးရွာအုပ်စု ဆေးရုံသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဒုတိယသမ္မတအား ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးက ဆေးရုံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ၊ ဝန်ထမ်းအင်အား၊ ဆေးရုံသုံးပစ္စည်းများ တပ်ဆင်ထားရှိမှု၊ ရောဂါများ ကုသဆောင်ရွက်ပေးနိုင်မှု၊ ဆေးရုံအတွက် အစိုးရက နှစ်စဉ်ထောက်ပံ့ပေးနေမှု၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ထားမှု၊ အစိုးရက ကျန်းမာရေးအာမခံကြေး ပေးသွင်းထားပေးမှု၊ ဆေးကုသကုန်ကျစရိတ်ကို သတ်မှတ်ရာခိုင်နှုန်းအတိုင်း ကျခံပေးမှု၊ ဆေးကုသရာတွင် အစိုးရ၏ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း ကုသပေးနေမှု၊ ဒေသခံပြည်သူများနှင့် ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံအတွင်း လူနာများအား အနောက်တိုင်းဆေးပညာ၊ တိုင်းရင်းဆေးပညာတို့ဖြင့် ဆေးကုသပေးနေမှု၊ ဆေးရုံသုံးစက်ကိရိယာများဖြင့် ဆေးကုသပေးနေမှုတို့ကို လိုက်လံကြည့်ရှုသည်။

အဆိုပါဆေးရုံသည် ၁၉၅၆ ခုနှစ်က တည်ထောင်ထားသည့် ၇၆ ခုတင်ဆံ့ ဆေးရုံဖြစ်ကာ ဝန်ထမ်းအင်အား ၁၁၅ ဦး ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် နန်နင်းမြို့ ရှင်းရှို့ရပ်ကွက် ဒေသန္တရ ကျန်းမာရေးဆေးခန်းသို့ ရောက်ရှိပြီး လူနာများအား ဆေးကုသပေးနေမှု၊ ပြင်ပလူနာဌာန၊ မှတ်တမ်းဌာနနှင့် တိုင်းရင်းဆေးဖြင့် ကုသပေးနေမှုတို့ကို ကြည့်ရှုသည်။

အဆိုပါ ဆေးခန်းတွင် ဒေသခံပြည်သူများအား ကာကွယ်ဆေးထိုးခြင်း၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါသည်များနှင့် စိတ်ရောဂါဝေဒနာရှင်များအား ကုသပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရပ်ကွက်(၉)ရပ်ကွက်မှ ပြည်သူ ၇၀၀၀၀ ကျော်အား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပြီး ကုသမှုမှတ်တမ်းများ ထိန်းသိမ်းခြင်းကိုလည်း ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နန်နင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# အအေးမိခြင်းနှင့်အသေးစားထိခိုက်မှုခံစားနေရသော ထိုင်းရဟတ်ယာဉ်မှူးအား ရန်ကုန်မြို့ ဝိတိုရိယဆေးရုံသို့ ညတွင်းချင်းတင်ပို့ကုသ မျက်စိဝေဒနာခံစားရင်း တောတွင်းဂူအတွင်းစောင့်ဆိုင်းနေသော မြန်မာရဟတ်ယာဉ်မှူးအား ဆက်လက်ရှာဖွေ

**ပူတာအို အောက်တိုဘာ ၈**

ယူရိုကော်ပတာ ဘီဖိုးကို မောင်းနှင်ခဲ့သူ ထိုင်းနိုင်ငံသားကျွမ်းကျင်ရဟတ်ယာဉ်မှူး မစ္စတာ Chatchawal ကို ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်ရန် ယနေ့ညနေ ၆ နာရီတွင် မန္တလေးမြို့မှတစ်ဆင့် ခေါ်ဆောင်ခဲ့ရာ ည ၉ နာရီတွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဝိတိုရိယ နိုင်ငံတကာဆေးရုံကြီးတွင် ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။ တောတွင်းတစ်နေရာရှိ ဂူတစ်ခုအတွင်း မျက်စိဝေဒနာခံစားနေရင်း ကျန်ရှိနေခဲ့သော မြန်မာရဟတ်ယာဉ်မှူးကို ဆက်လက်ရှာဖွေဆဲဖြစ်ကြောင်း ထူးဖောင်ဒေးရှင်းက ယနေ့ သတင်းထုတ်ပြန်သည်။



**ထိုင်း ရဟတ်ယာဉ်မှူးအား ဆေးကုသမှုခံယူရန် ရဟတ်ယာဉ်ပေါ်သို့ တင်ဆောင်စဉ်။**
ဓာတ်ပုံ-ထူးဖောင်ဒေးရှင်း

အောက်တိုဘာ ၇ ရက်တွင် ဦးရွှေရင်တော်ကြီးကို တွေ့ရှိပြီး သိရှိရသည့် အချက်အလက်များအရ အချိန်မီ ကယ်ဆယ်ပေးနိုင်ရန်အတွက် ထူးဖောင်ဒေးရှင်း၊ နယ်မြေခံ တပ်ရင်းများနှင့် ဒေသခံရွာသားများ စုပေါင်းကာ ညတွင်းချင်း တောနင်းဝင်ရောက်ရှာဖွေခဲ့ကြရာ ယနေ့ နံနက် ၁၁ နာရီတွင် ထိုင်းရဟတ်ယာဉ်မှူးကိုနောင်မွန်းမြို့နယ် ဂါးထုကျေးရွာအလွန် တောနက်အတွင်းမှ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

"တောတွင်းမှာ သူတို့ရောက်ရှိနေကြတော့ ထိခိုက်ဒဏ်ရာအရ

**ခင်ရတနာ-ရေးသားသည်**

အနည်းဆုံး ကိုရွှေရင်တော်ကြီးကို အရင်ဆုံးသတင်းပို့နိုင်ဖို့ လွှတ်ခဲ့ကြတယ်။ နောက်တော့ ဒဏ်ရာအနည်းငယ်ရတဲ့ ထိုင်းရဟတ်ယာဉ်မှူးက ထပ်လိုက်လာပြီး သတင်းပို့ဖို့ ဆုံးဖြတ်ကာ မြန်မာရဟတ်ယာဉ်မှူး ကိုအောင်မြတ်တိုးကတော့ မျက်စိဒဏ်ရာရော အခြားအသေးစား ထိခိုက်မှုတွေပါ ရရှိထားတာကြောင့် ခက်ခဲကြမ်းတမ်းတဲ့ တောတွင်းဒဏ်ရာသီဥတုဒဏ်ကို မခံစားနိုင်မှာစိုးလို့ လုံခြုံဖွယ်ရှိတဲ့ ဂူတစ်ခုထဲမှာ ထားခဲ့တယ်လို့ သိရပါတယ်။ ကိုရွှေရင်တော်ကြီးနဲ့ ထိုင်းရဟတ်ယာဉ်မှူးတို့က တောနင်းခရီးကြမ်းကြီးကို ရှစ်ရက်ခန့်စီ ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံဖြတ်သန်းရင်း အခုလို ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေနဲ့ တွေ့ဆုံနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ထူးဖောင်ဒေးရှင်း၏ ပြန်ကြားရေးတာဝန်ခံ ကိုဖြိုးကိုကိုသက်က ပြောကြားသည်။

ထိုင်းရဟတ်ယာဉ်မှူးမှာ အသေးစား ထိခိုက်မှုဒဏ်ရာများနှင့် အအေးမိခြင်းဒဏ်ကို ခံစားနေရသော်လည်း အသက်အန္တရာယ်မစိုးရိမ်ရကြောင်း၊ ထိုင်းရဟတ်ယာဉ်မှူးအား တောတွင်းမှတစ်ဆင့် လန်ဆာထုကျေးရွာသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ညနေ ၅ နာရီတွင် ပူတာအိုသို့လည်းကောင်း သယ်ယူခဲ့ပြီး SOS medical အဖွဲ့မှ ဒေါက်တာ အိုလီဗာနှင့်အဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့သည်။

ထိုင်းရဟတ်ယာဉ်မှူးအား ပြန်လည်တွေ့ရှိကာ လန်ဆာထုကျေးရွာမှတစ်ဆင့် ရန်ကုန်သို့ ပို့ဆောင်နေကြချိန်တွင် ထူးဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များက မြန်မာရဟတ်ယာဉ်မှူး ကိုအောင်မြတ်တိုးကို ဆက်လက်တောနင်းရှာဖွေဆဲဖြစ်ကြောင်း၊ မြေပြင်ရှစ်ရက်ခရီးကို တွက်ချက်ကာ ဖြစ်နိုင်ခြေနေရာများကို ခေတ်မီနည်းစနစ်များ အသုံးပြုရှာဖွေခြင်း၊ ဝေဟင်မှ ရှာဖွေခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# မီးပူဇော်ပွဲအထိမ်းအမှတ် ဓမ္မရုပ်စုံပြပွဲပြသ

**ရန်ကုန် အောက်တိုဘာ ၈**

နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ရွှေတိဂုံစေတီတော်၏သီတင်းကျွတ်နှင့် တန်ဆောင်တိုင် မီးထွန်းပူဇော်ပွဲတော် အထိမ်းအမှတ် ရုပ်ပြပန်းချီပြပွဲကို ရင်ပြင်ပေါ်ရှိ ချမ်းသာကြီးတန်ဆောင်းအတွင်း အောက်တိုဘာ ၇ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲအတွင်း မဟာဗုဒ္ဓဝင်၊ ဇာတ်ကြီးဆယ်ဘွဲ့နှင့် ရဟန္တာမထေရ်များအကြောင်း၊ အဇာတသတ်ရုပ်ပြတို့ကို အရှင်သုဘောဂမှ စုစည်းရေးသားပေးထားပြီး ကာတွန်းမြင့်အိုတူး၊ ဒီရဲဂျာတို့က ရေးဆွဲပူဇော်ပေးထားကြောင်း သိရသည်။

"ကလေးတွေနဲ့ မျိုးဆက်သစ်တွေအတွက် ဗုဒ္ဓရဲ့အဆုံးအမတွေကို ရုပ်ပြကနေတစ်ဆင့် ခံစားနိုင်အောင် စီစဉ်ပေးတာဖြစ်ပါတယ်။ ဒါ့အပြင် ပုတက် မိုဘိုင်းအက်ပလီကေးရှင်းကိုလည်း လာရောက်ကြည့်ရှုသူတွေကို အခမဲ့ ထည့်သွင်းပေးနေပါတယ်။ ကလေးငယ်တွေအတွက် ယဉ်ကျေးလိမ္မာစေဖို့ မဟာဗုဒ္ဓဝင်ရုပ်ပြတွေကို ဖတ်ရှုနိုင်မယ့် အက်ပလီကေးရှင်းဖြစ်ပါတယ်"ဟု ပုတက်ဝေါလ်မှ တာဝန်ရှိသူက ပြောသည်။

**ခင်လေးမြင့်အောင်**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသားများလွှတ်

**ကော့သောင်း အောက်တိုဘာ ၈**

နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ အကျဉ်းထောင်များမှ အကျဉ်းသား ၃၀၀၀ ကျော်ကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ အောက်တိုဘာ ၇ ရက်က ကော့သောင်းအကျဉ်းထောင်မှ အကျဉ်းသား ၁၅ ဦး လွှတ်ပေးခဲ့ကြောင်းသိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဆဋ္ဌအကြိမ် အဘိဓမ္မာအခါတော်နေ့အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဆဋ္ဌအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် (၅၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်း၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇနိန္ဒအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝတ်အသင်းအဖွဲ့များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် လယ်ဝေးမြို့ ပေါက်မြိုင်ကျောက်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် သမန္တာအစချီ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပဋ္ဌာန်းသုတ်ပရိတ်တရားတော်များကို နာယူကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ အဘိဓမ္မာအခါတော်နေ့တရားတော်ကိုနာယူ၍ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



ညနေပိုင်းတွင်လည်း ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ စုပေါင်း၍ ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်း၌ ဝတ်ရွတ်ပူဇော်ကြပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ကျင်းပခဲ့ကြောင်းနှင့် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ဆီမီးများထွန်းညှိပူဇော်၍ စုပေါင်းပါဝင် ကုသိုလ်ယူခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်း

**✻ ရှေ့ဖုံးမှ**

ထို့ပြင် ၂၀၀၃ ခုနှစ်တွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သင်တန်းကိုလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် တရားရေးစီမံခန့်ခွဲမှုသင်တန်းကိုလည်းကောင်း တက်ရောက်အောင်မြင်ထားသူဖြစ်ပါသည်။

တွဲဖက်ပါမောက္ခ နာရာပွန် ချန်အိုချာသည် ချူလာလောင်ကွန်းတက္ကသိုလ် ဘာသာစကားသင်တန်းကျောင်း၌ စီမံကိန်းနှင့် စီမံရေးရာဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်း ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ သူမဆောင်ရွက်ခဲ့သည့် ရာထူးတာဝန်များထဲ၌ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တို့တွင်ဆောင်ရွက်ခဲ့သည့် အင်္ဂလိပ်စာအား နိုင်ငံခြားဘာသာစကားတစ်ခုအဖြစ် သင်ကြားရေး၊ အပြည်ပြည်ဆိုင်ရာ ဆရာများအသင်း၏ကော်မတီအဖွဲ့ဝင်နှင့် ၂၀၀၁ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ထိုင်းမင်းသမီး ဂယ်လ်ယာနီ ဝါဟာနာ၏ကူညီပံ့ပိုးမှုဖြင့် ဖွင့်လှစ်ထားသော ထိုင်းနိုင်ငံ အင်္ဂလိပ်စာသင်ကြားရေးဆရာများအသင်း၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့မှုများသည် ထင်ရှားသည့် ဆောင်ရွက်ချက်များဖြစ်ပါသည်။

တွဲဖက်ပါမောက္ခ နာရာပွန်ချန်အိုချာသည် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာနှင့် အိမ်ထောင်ပြုခဲ့ပြီး သမီးအမွှာ ထွန်းကားခဲ့ပါသည်။ သူမသည် ဘာသာဗေဒနှင့်လူမှုရေးလုပ်ငန်းများ၌ မွေ့လျော်သူတစ်ဦးဖြစ်ပါသည်။ ထို့ပြင် စာပေဖတ်ရှုခြင်း၊ ပြတိုက်များသို့ သွားရောက်ခြင်းနှင့် ကွဲပြားသော ရိုးရာယဉ်ကျေးမှုများကို လေ့လာခြင်းတို့ကို နှစ်သက်သူတစ်ဦးလည်းဖြစ်ပါသည်။

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ကမ္ဘာ့စာပို့တိုက်သမဂ္ဂညွှန်ကြားရေးမှူးချုပ်ထံမှသဝဏ်လွှာ

# ပြောင်းလဲနေသော ဆက်သွယ်ရေးနယ်ပယ်တွင် စာပို့တိုက်များ၏အရေးပါသောနေရာ

စာပို့တိုက်ဝန်ဆောင်မှုများသည် စီးပွားရေးလုပ်ငန်းများ၊ ဆောင်ရွက်ခြင်းနှင့် စီးပွားရေးကြီးထွားရေးကို မောင်းနှင်ပေးသည့် အရေးပါသောယန္တရားများပင်ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၄၀ က အပြည်ပြည်ဆိုင်ရာစာပို့တိုက်သမဂ္ဂကိုဖွဲ့စည်းခဲ့ရာ နယ်စပ်ကို ဖြတ်ကျော်လျက် စာရွက်စာတမ်းများနှင့် ကုန်ပစ္စည်းများဖလှယ်ရေး နိုင်ငံအများပါဝင်သော မူဘောင်ကိုတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြင့် ကမ္ဘာတစ်ဝန်း ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးအတွက် လမ်းခင်းပေးနိုင်စေရန် စာပို့တိုက်ဝန်ဆောင်မှုများကို အထောက်အကူပြုခဲ့ပါသည်။

ယခုအခါ အင်တာနက်ကြောင့် စတင်ဖြစ်ပွားလာသော ကမ္ဘာတစ်ဝန်းလုပ်ငန်းများ ဖြန့်ကြက်ဆောင်ရွက်ခြင်း၊ လှိုင်းသစ်တွင် နေရာဒေသမရွေး နိုင်ငံသားများပိုမို၍ ပါဝင်ဆောင်ရွက်လာကြစေရန်လိုအပ်ပြီး စာပို့တိုက်များသည် အလွန်အရေးပါသော အခန်းကဏ္ဍမှပါဝင်လာရန် အသင့်အနေအထားဖြစ်နေကြပါသည်။

ကမ္ဘာ့လူဦးရေ၏ထက်ဝက်မှာ ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး စာပို့တိုက်ကွန်ရက်သည် ၄င်းတို့ထံရောက်ရှိရန် အနေအထားကောင်းတွင် ရှိပါသည်။ ဥပမာ ဆဟာရသဲကန္တာရအနီးဒေသတွင် စာပို့တိုက်များ၏ ၈၀ ရာခိုင်နှုန်းမှာ လူအများစုနေထိုင်ရာ မြို့ငယ်များနှင့် ကျေးလက်ဒေသများတွင် တည်ရှိပါသည်။

အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေ၏ ၃၂ရာခိုင်နှုန်းသာလျှင် အင်တာနက်ချိတ်ဆက်နိုင်ပြီး စာပို့တိုက်များထွန်းကားရန် လျှပ်စစ်ဓာတ်အားရရှိရေးနှင့် အင်တာနက်ချိတ်ဆက်နိုင်ရေးမှာ အဓိကအရေးကြီးပါသည်။

ဤသို့ ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုနိုင်မှုကိုတိုးချဲ့ရာတွင် နိုင်ငံသူနိုင်ငံသားများနှင့် စီးပွားရေးလုပ်ငန်းများ၏အကျိုးကျေးဇူးအတွက်သာမက အစိုးရများ၊ ဖွံ့ဖြိုးရေးအေဂျင်စီများနှင့် ကမ္ဘာကြီးတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှု အခက်အခဲအများအပြားအတွက် ဖြေရှင်းချက်များရှာဖွေနေသော အခြားအကျိုးသက်ဆိုင်ပါဝင်သူများအတွက်လည်း ကမ္ဘာတစ်ဝန်း စာပို့တိုက်ကွန်ရက်မှာ ကြီးမားသောပိုင်ဆိုင်မှုဖြစ်ပါသည်။

ကမ္ဘာ့ဘဏ်အလိုအရ စာပို့တိုက်များသည် ဘဏ်များနှင့် ငွေလွှဲလုပ်ငန်းများထက် ငွေပို့သည့် ဝန်ဆောင်မှုများကို ကုန်ကျစရိတ်အသက်သာဆုံးဖြင့် ဆောင်ရွက်ပေးနိုင်ပါသည်။

စာပို့တိုက်များသည် ဘဏ်များပြီးလျှင် ဘဏ္ဍာရေးဝန်ဆောင်မှုများအသုံးပြုရာတွင် အများပါဝင်နိုင်ရေး ဒုတိယအများဆုံး အထောက်အပံ့ပေးနိုင်ပါသည်။ စာပို့တိုက်တွင် ငွေစာရင်းဖွင့်လှစ်ထားသူ လူဦးရေ တစ်ဘီလီယံကျော်ရှိပါသည်။

နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်မှု (e-commerce)ပြုလုပ်ရန် အခွင့်အလမ်းသစ်များလည်းရှိပါသည်။ ဤလုပ်ငန်းမှာ အခြားလုပ်ငန်းများနှင့် နှိုင်းစာလျှင် လုပ်ငန်းသစ်ဖြစ်သော်လည်း ယခုနှစ်ကုန်ဆုံးချိန်တွင် တစ်ကမ္ဘာလုံး၌ အင်တာနက်မှတစ်ဆင့် ရောင်းချနေသောပစ္စည်းများမှာ တန်ဖိုးအားဖြင့် ၁ ဒသမ ၅ ထရီလီယံဒေါ်လာအထိ ရှိမည်ဖြစ်ပါသည်။ အင်တာနက်မှတစ်ဆင့် ဝယ်ယူသောပစ္စည်းများကို စာပို့တိုက်မှ ပေးပို့သည်က များပါသည်။

စာပို့တိုက်လုပ်ငန်းများသည် ကမ္ဘာ့စီးပွားရေးကိုနှိုးဆွပေးပြီး အခြေခံစီးပွားရေးလုပ်ငန်းများကို တိုးတက်ကောင်းမွန်စေပါသည်။ ကမ္ဘာတစ်ဝန်း စာပို့တိုက် ၆၄၀၀၀၀ ရှိခြင်းကြောင့် အမှန်တကယ်အကျိုးပြုနိုင်သောနေရာများတွင် စာပို့တိုက်များရှိနေသည်ကို တွေ့နိုင်ပါသည်။

စာပို့တိုက်များ၏ လျှပ်စစ်ဓာတ်အားနှင့် အင်တာနက် ချိတ်ဆက်နိုင်မှုကို တိုးမြှင့်ခြင်းဖြင့် ကျေးလက်နေပြည်သူလူထုသည် ဆက်သွယ်ရေး၊ ဘဏ္ဍာရေး၊ လူမှုရေးနှင့် စီးပွားရေးဝန်ဆောင်မှုများကို ရရှိလာစေရေးကြိုးပမ်းအားထုတ်မှုများတွင် ကြီးမားသောအထောက်အကူဖြစ်စေရေး နိုင်ငံတော်အစိုးရများက ဆောင်ရွက်နိုင်ပါမည်။

ဆက်သွယ်ရေးပတ်ဝန်းကျင်တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ အထူးသဖြင့် ယခုကဲ့သို့ကမ္ဘာတစ်ဝန်းဖြန့်ကြက်ဆောင်ရွက်သော ကမ္ဘာကြီးတွင် စာပို့တိုက်များအတွက် အရေးပါသောနေရာရှိသည်ကို တွေ့ရပါသည်။

နိုင်ငံများ၏ စာပို့တိုက်ကွန်ရက်များတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြုလုပ်ပြီး နိုင်ငံသားများနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အထူးလိုအပ်ပြီး ကုန်ကျစရိတ်သက်သာသော အများပြည်သူဝန်ဆောင်မှုကို ဆက်လက်အသုံးပြုနိုင်စေရန် အစိုးရများအား တိုက်တွန်းပါသည်။

ပျော်ရွှင်ဖွယ် ကမ္ဘာ့စာပို့တိုက်နေ့ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

**နေပြည်တော် အောက်တိုဘာ ၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်အား Solar Impulse and Party, Switzerland မှ CEO, Co-Founder Mr. Andre Borschberg နှင့်အဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီက အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

# နေစွမ်းအင်အသုံးပြုမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအပေါ် အကျိုးသက်ရောက်မှုအပါအဝင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး



တွေ့ဆုံပွဲတွင် Solar Impulse and Party, Switzerland မှ CEO, Co-Founder Mr.Andre Borschberg က ၂၀၁၁ ခုနှစ်မှစတင်၍ လေယာဉ်မှူး Mr.Bertrand Piccard နှင့်အတူ ဆန်ဖရန်စစ္စကိုမှ နယူးယောက်အထိ နေစွမ်းအင် (Solar Energy) သုံး လေယာဉ် သရုပ်ပြပျံသန်းခဲ့မှု၊ နိုင်ငံတော်သမ္မတ၏ အနောက်ဥရောပခရီးစဉ်အတွင်း ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိစဉ် နေစွမ်းအင်အသုံးချခြင်း အခြေအနေကိုလေ့လာခဲ့မှု၊ လာမည့် ၂၀၁၅ ခုနှစ် မတ်လအတွင်း အဘူဒါဘီမှစတင်ပြီး အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံယဉ်ကျေးမှုနယ်မြေဖြစ်သော ပုဂံဒေသမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ဖြတ်သန်းပျံသန်းမည့်အစီအစဉ်၊ ပြီးခဲ့သော စက်တင်ဘာလအတွင်းက နယူးယောက်မြို့တွင်ကျင်းပခဲ့သည့် ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ (UN Climate Summit) တွင် နေစွမ်းအင်အသုံးပြု၍ လေယာဉ်ပျံသန်းမှုဆိုင်ရာ ရှင်းလင်းတင်ပြခဲ့မှုတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများထိန်းသိမ်းကာကွယ်မှု အခြေအနေ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုလျော့ပါးရေးအစီအစဉ်တွင် နေစွမ်းအင်နှင့် အခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အသုံးပြုခြင်းဖြင့် ကာဗွန်ထုတ်လုပ်မှု လျှော့ချနိုင်မှုအလားအလာ၊ မြန်မာနိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးအပါအဝင် ပို့ဆောင်ရေးကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှုအခြေအနေ၊ ရုပ်ကြွင်းစွမ်းအင်ထုတ်လုပ်ရရှိမှု ခက်ခဲလာသည်နှင့်အမျှ နေစွမ်းအင်အမြောက်အမြားရရှိနိုင်သည့် မြန်မာနိုင်ငံအတွက် အလားအလာကောင်းများ ပေါ်ထွန်းလာမည့်အခြေအနေ၊ ကမ္ဘာတစ်ဝန်း ထင်ရှားသည့် နေရာဒေသများသို့ ဖြတ်ကျော်ပျံသန်းခြင်းဖြင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး အထိရောက်ဆုံး နည်းလမ်းတစ်ခုဖြစ်သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်တစ်ခုဖြစ်သည့် နေစွမ်းအင်ကို ထိထိရောက်ရောက်နှင့် အကျိုးရှိစွာအသုံးချနိုင်မှုအပေါ် ကမ္ဘာတစ်ဝန်းမှ လူအများသတိပြုလာစေနိုင်မှု၊ မြန်မာနိုင်ငံမှ လူငယ်များအတွက် နေစွမ်းအင်သုံး လေယာဉ်ပျံသန်းမှုကို မျက်မြင်ကိုယ်တွေ့ လေ့လာတွေ့ရှိရခြင်းဖြင့် အားကျအတုယူ၍ စူးစမ်းလေ့လာလိုစိတ်များကို တိုးမြှင့်ပေးနိုင်မည့် အလားအလာများ၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး အထိရောက်ဆုံး နည်းလမ်းတစ်ခုဖြစ်သော နေစွမ်းအင်အသုံးပြုမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအပေါ် အကျိုးသက်ရောက်မှုအပါအဝင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မှု၊ နောင်အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ပတ်သက်၍ဆွေးနွေးကြပြီး Solar Impulse Switzerland က ပြသသည့် နေစွမ်းအင်သုံး လေယာဉ်သရုပ်ပြပျံသန်းမှု ဗီဒီယိုပြကွက်ကို ကြည့်ရှုလေ့လာကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

**❍ ရှေ့ဖုံးမှ**

မြတ်ကြီးအား ငါးနှစ်တစ်ကြိမ် ရွှေသင်္ကန်းများ ပြန်လည်ကပ်လှူခြင်းကို နိုဝင်ဘာ ၁ ရက်မှ ၂၀၁၅ ဖေဖော်ဝါရီလကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး အလှူရှင်များကိုယ်တိုင် ငြမ်းပေါ်သို့တက်ရောက်ကာ ရွှေသင်္ကန်းကပ်လှူနိုင်မည်ဖြစ်ကြောင်း၊ တစ်ရက်လျှင် ရွှေစင်ရွှေပြား ၁၀၀ ခန့်ကို အလှူရှင် ၁၀၀ က တက်ရောက်လှူဒါန်းနိုင်ကြောင်း ၊ ရွှေစင်ရွှေပြားတစ်ပြားလျှင် တစ်ကျပ်သားခန့်ရှိပြီး အပြားပေါင်း တစ်သောင်းကျော်ကပ်လှူသွားမည်ဖြစ်ကြောင်း သိရသည်။

“ငါးနှစ်တစ်ခါမို့ လှူထားပြီးသားအလှူရှင်အစဉ်အလိုက် အကြောင်းကြားပြီး ကိုယ်တိုင်ကပ်လှူနိုင်ဖို့ဆောင်ရွက်ပေးမယ်။ ကျွန်တော်တို့ အခက်အခဲက အလှူရှင် လက်ခံဖြတ်ပိုင်းမှာ နေရပ်လိပ်စာကို အတိအကျမပေးထားခဲ့တဲ့အတွက် ဆက်သွယ်ဖို့ခက်ခဲနေပါတယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေအနေနဲ့ မိမိတို့ရွှေသင်္ကန်းလှူဒါန်းခဲ့တဲ့ နေ့စွဲကိုပြောပြပြီး ကျွန်တော်တို့ ဂေါပကအဖွဲ့ ဖုန်းနံပါတ် ၃၇၅၇၆၇နဲ့ ၃၇၁၀၈၉ တို့ကို ဆက်သွယ်ပေးကြဖို့ တိုက်တွန်းပါတယ်။ ငြမ်းမဖျက်မချင်း ကိုယ်တိုင်တက်ရောက်လှူဒါန်းနိုင်ပါတယ်”ဟု ဒုတိယရုံးအဖွဲ့မှူးက ပြော ကြားသည်။ **(မြန်မာ့အလင်း)**

# ဆိုင်ကလုန်းမုန်တိုင်း မြန်မာ့ကမ်းရိုးတန်းသို့ ရွေ့လျားခြင်းမရှိ

**နေပြည်တော် အောက်တိုဘာ ၈**

ယနေ့မြန်မာစံတော်ချိန် ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသောမုန်တိုင်းငယ်သည် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းသို့ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း “ဟွဒ်ဟွဒ်” (Hud Hud) အဖြစ်သို့ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်း၏အနောက်တောင်ဘက် မိုင် ၁၃၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၆၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနေခြင်းမရှိသည့်အတွက် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

ပြည်တွင်းသတင်း

# တစ်မျိုးသားလုံးအကျုံးဝင်သည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေဖို့ စုပေါင်းပါဝင်ကြပါစို့

လူမှုဖူလုံရေးစီမံကိန်းသည် အာမခံထားရှိသော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများရရှိနိုင်ရန်နှင့် အများပြည်သူအနေဖြင့်လည်း ဆန္ဒအလျောက် အာမခံထားခြင်းဖြင့် လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုရနိုင်ရန် မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့် အလုပ်တွင်ထိခိုက်မှုများအတွက် ငွေကြေးအကျိုးခံစားခွင့်ရရှိရေးတို့မှအစ နောင်တစ်ချိန်တွင် အိမ်ရာနေထိုင်ခွင့်ကဲ့သို့သော အကျိုးကျေးဇူးများခံစားနိုင်ရေးအတွက် ရှေးရှုအကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းဖြစ်ပါသည်။

အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေနှင့်အကျုံးဝင်သော အလုပ်ဌာနများရှိ အလုပ်သမားများအား မှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေးများကောက်ခံခြင်း၊ ငွေလက်ငင်းအကျိုးခံစားခွင့်များပေးခြင်းနှင့်အာမခံအလုပ်သမားများအတွက် အခမဲ့ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် ဩဂုတ်လအထိ အကျုံးဝင်အာမခံအလုပ်ဌာနနှင့် အလုပ်သမားများမှာ နိုင်ငံပိုင်အလုပ်ဌာန ၁၉၅၆ ခုတွင် အကျုံးဝင်အာမခံအလုပ်သမား ၁၆၀၅၉၉ ဦး၊ သမဝါယမပိုင် အလုပ်ဌာန ၉၃၃ ခုတွင် ၄၆၈၇ ဦး၊ ပုဂ္ဂလိကပိုင် အလုပ်ဌာန ၃၁၁၀၁ ခုတွင် ၅၇၂၂၅၆ ဦးနှင့် ဖက်စပ်အလုပ်ဌာန ၂၈ ခုတွင် ၄၈၄၅ ဦး စုစုပေါင်း အကျုံးဝင်အာမခံအလုပ်ဌာန ၃၄၀၁၈ ခုတွင် အာမခံအလုပ်သမားဦးရေ ၇၄၂၃၈၇ ဦးရှိလာပြီဖြစ်သည်။

အဆိုပါ အကျုံးဝင်အလုပ်ဌာနများရှိ အာမခံအလုပ်သမားများကို ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း၌ မြန်မာကျပ်ငွေဖြင့် ထောက်ပံ့ပေးသည့်အကျိုးခံစားခွင့်များတွင် မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့်အတွက် ငွေကျပ် ၃၀ ဒသမ ၅၈ သန်း၊ မီးဖွားမှုအကျိုးခံစားခွင့်အတွက် ငွေကျပ် ၂၂ ဒသမ ၁၂ သန်း၊ သေဆုံးမှုအတွက် နာရေး စရိတ်ငွေကျပ် ၁၅ ဒသမ ၅၅ သန်း၊ ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့်အတွက် ငွေကျပ် ၅ ဒသမ ၆၀ သန်း၊ အမြဲတမ်းမသန်စွမ်းမှုအတွက် ငွေကျပ် ၂ ဒသမ ၃၆ သန်းနှင့် ကျန်ရစ်သူပင်စင်အကျိုးခံစားခွင့်အတွက် ငွေကျပ် ၁၃ ဒသမ ၆၇ သန်း ထုတ်ပေးနိုင်ခဲ့သဖြင့် စုစုပေါင်း အကျိုးခံစားခွင့် ငွေကျပ် ၈၉ ဒသမ ၈၈ သန်းကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော ဆေးခန်းများကို လာရောက်ပြသသည့် အာမခံအလုပ်သမားလူနာများကို ၎င်းတို့၏ရောဂါအခြေအနေအရ ပြင်ပမှအရေးပေါ်ဝယ်ယူရန် ညွှန်ကြားရသော ဆေးနှင့်ဆေးခန်းရှိ ဆေးများကိုက်ညီမှုမရှိသည့်အခါတွင် (ဥပမာ-ခွေးကိုက်ခြင်းအတွက် ခွေးရူးပြန်ကာကွယ်ဆေး၊ မြွေအဆိပ်ဖြေဆေးကဲ့သို့သော အအေးခန်းတွင်ထားရသည့် ဆေးများစသည်ဖြင့်) ပြင်ပသို့ ဆေးများဝယ်ယူရန် ညွှန်ပေးရသည့်အခြေအနေမျိုးတွင် အာမခံအလုပ်သမားများမှ ဆေးခန်းတွင်မရှိသော ဆေးဝါးအတွက် စိုက်ထုတ်ကုန်ကျထားသည့် ဆေးဖိုးကုန်ကျငွေတောင်းခံသည့် အမှုတွဲပေါင်း ၃၅၄၉ မှုအတွက် ဆေးဖိုးကုန်ကျငွေ ကျပ်သန်းပေါင်း ၁၇ ဒသမ ၉၈ သန်း ပြန်လည်ထုတ်ပေးခဲ့ပြီးဖြစ်သည်။

၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း အလုပ်သမားဆေးရုံကြီး သုံးရုံ၌ ဆေးကုသပေးရသည့်အခြေအနေတွင် ရန်ကုန်အလုပ်သမားဆေးရုံတွင် ၂၈၂၄ ဦး၊ မန္တလေးအလုပ်သမားဆေးရုံတွင် ၁၉၉၁ ဦးနှင့် ထန်းတပင်အလုပ်သမားဆေးရုံတွင် ၁၂၈ ဦး ဆေးကုသပေးနိုင်သဖြင့် စုစုပေါင်း ဆေးကုသပေးလူနာ ၄၉၄၃ ဦးတို့ကို ဆေးကုသပေးနိုင်ခဲ့သည်။ ထန်းတပင်ဆေးရုံတွင် ဆေးကုသလူနာနည်းရခြင်းမှာ အကြီးစားပြင်ဆင်မှု ပြုလုပ်နေခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။

၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူမှုဖူလုံရေးဆေးခန်းများတွင် ပြင်ပလူနာ ၃၀၈၉၈ ဦး၊ ဆေးရုံကြီးသို့ လွှဲပြောင်းလူနာ ၄၀၈ ဦး၊ ဌာနကြီးဆေးခန်း ၄၃ ခန်းတွင် ပြင်ပလူနာ ၅၀၇၁ ဦး၊ ဆေးရုံကြီးသို့ လွှဲပြောင်းလူနာ ၃၀ စုစုပေါင်း ပြင်ပလူနာ ၃၅၉၆၉ ဦးနှင့် ဆေးရုံကြီးသို့ လွှဲပြောင်းလူနာ ၄၃၈ ဦးကို ကုသပေးနိုင်ခဲ့သည်။

၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း အလုပ်သမားဆေးရုံကြီး သုံးရုံမှ အထူးကုဆရာဝန်ကြီးများသည် ခြောက်ကြိမ် ကွင်းဆင်းဆေးကုသပေးပြီး စုစုပေါင်း လူနာဦးရေ ၆၆၈ ဦးအား ဆေးကုသပေးနိုင်ခဲ့သည်။ အလားတူပင် ဆေးခန်းများမှ ဆရာဝန်များ၊ သူနာပြုများမှ စက်ရုံအလုပ်ရုံ၊ အလုပ်ဌာနများသို့ ကွင်းဆင်းပညာပေးဟောပြောခြင်းနှင့်ဆေးကုသမှုတွင် ဟောပြောသည့် အကြိမ်(၂၆)ကြိမ်တွင် တက်ရောက်ဦးရေ ၆၉၆၆ ဦးရှိ၍ ၅၀၂၈ ဦးအား ဆေးကုသပေးနိုင်ခဲ့သည်။

၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း၌ နယ်လှည့်ဆေးကုသယာဉ် Mobile Medical Unit နှစ်စီးဖြင့် ကွင်းဆင်းဆေးကုသခြင်း၊ ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်းများတွင် နယ်လှည့်ဆေးကုသယာဉ် အမှတ်(၁)ဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် ကွင်းဆင်းကုသမှု၌ လူနာဦးရေ ၁၀၇၅ ဦးတွင် ဓာတ်ခွဲစမ်းသပ်လူနာ ၉၆၁ ဦးနှင့် ECG ရိုက်လူနာ ၄၉၈ ဦးတို့အား ကွင်းဆင်းဆေးကုသပေးနိုင်ခဲ့ပြီး နယ်လှည့်ဆေးကုသယာဉ်အမှတ်(၂)ဖြင့် မန္တလေးတိုင်းဒေသကြီးသို့ ကွင်းဆင်းကုသမှု၌ လူနာဦးရေ ၃၃၀၆ ဦးတွင် ဓာတ်ခွဲစမ်းသပ်လူနာဦးရေ ၁၆၅၉ ဦး၊ ဓာတ်မှန်ရိုက်လူနာဦးရေ ၄၄ ဦးနှင့် ECG လူနာဦးရေ ၃၂၆ ဦးကို ဆေးကုသပေးနိုင်ခဲ့ပါသဖြင့် နယ်လှည့်ဆေးကုသယာဉ်အမှတ်(၁)နှင့် အမှတ်(၂) တို့မှ စုစုပေါင်းလူနာဦးရေ ၄၃၈၁ ဦးအတွက် ဓာတ်ခွဲစမ်းသပ်လူနာ ၂၆၂၀၊ ဓာတ်မှန်ရိုက်လူနာ ၄၄ဦးနှင့် ECG ရိုက်လူနာ ၈၂၄ ဦးတို့ကို ကွင်းဆင်းကုသပေးနိုင်ခဲ့သည်။

သို့ဖြစ်ပါ၍ လူမှုဖူလုံရေးအဖွဲ့သည် တစ်မျိုးသားလုံးအကျုံးဝင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အများပြည်သူများ ယုံကြည်အားထားမှုရှိစေရန်အတွက် အာမခံအလုပ်သမားများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုကို လက်ရှိအခြေအနေထက် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အလုပ်သမားဆေးရုံကြီးများကို အဆင့်မြှင့်တင်ခြင်း၊ လူမှုဖူလုံရေးဆေးခန်းဟောင်းများကို အသစ်ပြင်ဆင်ဆောက်လုပ်ခြင်း၊ အဖွဲ့ပိုင်မြေကွက်များတွင် ရုံးနှင့်ဆေးခန်းသစ်များဆောက်လုပ်ခြင်းများကို ယခုဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

**ကြူကြူဝင်း**

# အာရှယူ-၁၉ ပြိုင်ပွဲ အုပ်စု(က)အသင်းများ သတင်းစာရှင်း

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲအုပ်စု(က) အသင်းများအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီက ဟိုတယ်ရန်ကုန်၌ ကျင်းပသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲကို အုပ်စု(က)၌ပါဝင်နေသည့် အိမ်ရှင်မြန်မာ၊ အီရန်၊ ထိုင်းနှင့် ယီမင်အသင်းတို့မှ နည်းပြချုပ်များ တက်ရောက်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "ဒီပြိုင်ပွဲအတွက် အချိန်ယူပြီး ပြင်ဆင်ထားပါတယ်။ ဂျာမနီနိုင်ငံမှာ သွားရောက်လေ့ကျင့်ခဲ့သလို နိုင်ငံတကာပြိုင်ပွဲတွေလည်း ယှဉ်ပြိုင်ခဲ့ပါတယ်။ ယနေ့ကစားရမယ့် ယီမင်အသင်းရဲ့ အဖွင့်ပွဲဟာ အလွန်ကို ခက်ခဲမှာပါ၊ ပြိုင်ပွဲတိုင်းမှာ ပွဲဦးထွက်ပွဲစဉ်တွေက ခက်ခဲလေ့ရှိပါတယ်။ ဒါကြောင့် ဒီပွဲဟာ အရေးကြီးတာကြောင့် သေချာပြင်ဆင်ထားပါတယ်။ အုပ်စုအဆင့်ကျော်လွှန်အောင် အရင်ဆုံးကြိုးစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။

ယီမင်အသင်းနည်းပြ အာမက်အလီက "အာရှယူ-၁၉ ပြိုင်ပွဲအတွက် ပြင်ဆင်ချိန် အများကြီးမရပါဘူး။ အုပ်စုအနေအထားက ကျပ်သလို နောက်တစ်ဆင့်တက်ဖို့ အသင်းတိုင်းက အခွင့်အရေးရှိပါတယ်။ ပွဲဦးထွက်ကစားရမယ့် မြန်မာအသင်းအကြောင်းကို သေချာလေ့လာထားပါတယ်။ မြန်မာအသင်းက အိမ်ရှင်အသင်းဖြစ်တဲ့အတွက် ပရိသတ်အားပေးမှုရှိနေပြီး အလွန်ကိုခက်ခဲတဲ့ပွဲဖြစ်လာမှာပါ"ဟု ပြောကြားခဲ့သည်။

ထိုင်းအသင်းနည်းပြ ဆာဆွမ်က "အသင်းမှာ ကစားသမားအသစ်အများကြီးပါလာပါတယ်၊ အသင်းမှာ ရွေးချယ်ထားတဲ့ကစားသမားတွေကို ကလပ်အသင်းတွေက မပေးတာကြောင့် ကာလရှည်တော့ မလေ့ကျင့်နိုင်ခဲ့ပါဘူး။ အခု အသစ်ပါလာတဲ့ ကစားသမားတွေဟာ ပြီးခဲ့တဲ့ ဘရူနိုင်းဘုရင့်ဖလား ပြိုင်ပွဲနဲ့ အာဆီယံယူ-၁၉ ပြိုင်ပွဲမှာတော့ ပါဝင်နိုင်ခြင်း မရှိခဲ့ပါဘူး။ မြန်မာအသင်းနဲ့ ပွဲကတော့ နောက်တစ်ဆင့်တက်ဖို့ အဆုံးအဖြတ်ပွဲဖြစ်လာနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။ အီရန်အသင်း နည်းပြ အလီက "ဒီပြိုင်ပွဲကို ဝင်ရောက်ကစားခွင့်ရရှိတဲ့အတွက် ကျေနပ်မိသလို အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ မြန်မာနိုင်ငံကိုလည်း ချီးကျူးဂုဏ်ပြုပါတယ်၊ ဒီပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ရည်မှန်းထားပြီး နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးကိုယ်စီရှိပါတယ်။ ပြိုင်ပွဲမတိုင်မီ ကာတာနဲ့ ယူအေအီးတို့မှာ ခြေစမ်းပွဲတွေ ယှဉ်ပြိုင်ကစားခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-စိုးညွန့်**




# မီးရှူးပြောက်အိုးဝင်၍ သံဈေးအတွင်း မီးလောင်

**ရန်ကုန် အောက်တိုဘာ ၈**

လသာမြို့နယ် သံဈေးအနီး ကလေးများ မီးရှူးပြောက်အိုးဖောက်ရာမှ ပွင့်နေသောဈေးတံခါးမှတစ်ဆင့် ပထမထပ်ရှိ ဆိုင်အမှတ် ၁၄ ကြွေထည်ပစ္စည်းများ ရောင်းသောဆိုင် မီးလောင်မှု အောက်တိုဘာ ၈ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားခဲ့သည်။

ဆိုင်အမှတ် ၁၄ မှတစ်ဆင့် အနီးရှိ ဆိုင်ခန်းသုံးခန်းသို့ မီးကူးစက်လောင်ကျွမ်းပြီး ဆိုင်ခန်းစုစုပေါင်း လေးခန်း လောင်ကျွမ်းခဲ့သည်ဟု မီးသတ်အရာရှိတစ်ဦးက ဆိုသည်။

မီးငြိမ်းရာတွင် ကြည့်နေသူ အမျိုးသားတစ်ဦးက "အထဲကဘာတွေလောင်တယ်တော့မသိဘူး၊ မီးသတ်ကားတွေ အစီး ၂၀ ကျော်လောက်လာတယ်"ဟု ဆိုသည်။

ဈေးအတွင်း လောင်နေသောမီးများမှာ ည ၇ နာရီခွဲခန့်တွင် ငြိမ်းသွားခဲ့ပြီး မီးလောင်ရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း မီးသတ်တပ်ဖွဲ့မှ သိရသည်။

အလားတူ ည ၇ နာရီခွဲခန့်တွင် ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက် အရှေ့ကုန်းအပိုင်း ဖွံ့ဖြိုးရေး(၁)လမ်း၊ အမှတ် (၁၁၇၈) ပိုင်ရှင် ဒေါ်ခင်မျိုးရီ၏ အိမ်မီတာအတွင်း တပ်ဆင်ထားသော ဝိုင်ယာကြိုးရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း တိုင်းမီးသတ်တပ်ဖွဲ့မှ သိရသည်။

လောင်နေသောမီးကို ည ၇ နာရီ ၅၅ မိနစ်ခန့်တွင် ထိန်းပေးနိုင်ခဲ့ပြီး ည ၈ နာရီတွင် မီးငြိမ်းနိုင်ခဲ့သည်။

**ကိုကြီးတင်**






## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

(ဦးအုန်းတင်)-ဒေါ်မိုးကြည်တို့၏သမီး မတင်မိုးဝေ ၁၂/ဒဂမ(နိုင်)၀၀၂၃၇၃ သည် မိဘဆိုဆုံးမမှုကို မနာယူဘဲ မိမိသဘောအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ မိသားစုဝင်အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လိုက်လံဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဒေါ်မိုးကြည်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# နေပြည်တော် ရေပန်းဥယျာဉ်အပိုင်း(၃)အတွင်းရှိ ရှုမျှော်ခင်းကြည့်မျှော်စင် အမှတ်(၂)ဖွင့်

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော် ရေပန်းဥယျာဉ် အပိုင်း(၃)အတွင်းရှိ ရှုမျှော်ခင်း ကြည့်မျှော်စင် အမှတ်(၂)ဖွင့်ပွဲကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါ ရေပန်းဥယျာဉ်၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် ဦးမျိုးညွန့်၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြို့နေပြည်သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ရှုမျှော်ခင်းကြည့်မျှော်စင် အမှတ်(၂)ဆိုင်းဘုတ်ကို ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များက ရှုမျှော်ခင်းကြည့်မျှော်စင်ပေါ်သို့ တက်ရောက်၍ပတ်ဝန်းကျင်ရှုခင်းများနှင့် ရေပန်းဥယျာဉ်အတွင်းတည်ဆောက်ထားရှိမှုများကို ကြည့်ရှုကြသည်။

အောက်တိုဘာ ၇ ရက်က ဖွင့်လှစ်သည့်နေပြည်တော်ရေပန်းဥယျာဉ်အပိုင်း(၃)အတွင်းရှိ ရှုမျှော်ခင်းကြည့်မျှော်စင်အမှတ်(၂)သည် အကျယ်ပေ (၅၀×၃၅)၊ အမြင့် ၆၇ ပေရှိပြီးတစ်ထပ်လျှင် ၁၅ ပေ မြင့်သည့် အထပ်သုံးထပ်ပါရှိသည်။ ရှုမျှော်ခင်းကြည့်မျှော်စင်ကြီးအား LED ရောင်စုံမီးများဖြင့် အလှဆင်ထားပြီး တောတွင်းတစ်နေရာရောက်နေသည့်အလား သဘာဝကျေးငှက်များနှင့် သားရဲတိရစ္ဆာန်အသံများဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်းနှင့် နေပြည်တော်ရေပန်းဥယျာဉ်ကြီးအား ပြည်သူများ အပန်းဖြေနားနေနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်တည်ဆောက်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**



# ထားဝယ်ရိုးရာ သပိတ်မျှောပွဲဖွင့်ပွဲကျင်းပ

**ထားဝယ် အောက်တိုဘာ ၈**

ဝါလကင်းလွတ်သီတင်းကျွတ်လပြည့်နေ့တွင် ထားဝယ်ရိုးရာ ယဉ်ကျေးမှု သီတင်းကျွတ်သပိတ်မျှောပွဲဖွင့်ပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၂ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဒေါင်းငူရပ် ဆိပ်ကမ်းသာလမ်း ထားဝယ်မြစ်ကမ်း၌ကျင်းပရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဦးမြင့်ဝင်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ထားဝယ်ရိုးရာသပိတ်မျှောပွဲကို ကိုယ်တိုင်ပါဝင်ကုသိုလ်ပြုကြပြီး ဒေသခံပြည်သူများက ထားဝယ်ရိုးရာ သပိတ်မျှောမုခ်ဦးမှစ၍ အကွေ့ ၁၂ ကွေ့ရှိသော ဝက်ပါကို ပျော်ရွှင်စွာဖြတ်ကျော်ကာ ကုသိုလ်ယူကြသည်။

သပိတ်မျှောပွဲကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ပြုလုပ်ကျင်းပလေ့ရှိပြီး စေတနာရှင် အလှူရှင်များက သပိတ်မျှောပွဲ လာရောက်ကြည့်ရှုသူများကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ သပိတ်မျှောပွဲတွင် မီးပုံးပျံအငယ်များ လွှတ်တင်ခြင်း၊ ဇာတ်သဘင်များဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ ထားဝယ်ရိုးရာ ယဉ်ကျေးမှုအကများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းများ ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ လာရောက်ကြည့်ရှုအားပေးလျက်ရှိသည်။

သပိတ်မျှောပွဲကို နံနက် ၁ နာရီမှစ၍ နံနက် ၅ နာရီအထိ ဒေသခံပြည်သူများစည်ကားသိုက် မြိုက်စွာဖြင့် သပိတ်မျှောကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကြိမ်ထည်ပစ္စည်းများ တွင်ကျယ်စွာရောင်းချ

**မလှိုင် အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း-မုံရွာသွားလမ်းပိုင်း ဘေးဝဲယာ တင်းတိမ်ရပ်ရှိ ကြိမ်ထည်ပစ္စည်း အရောင်းဆိုင်များမှာ တွင်ကျယ်စွာ ရောင်းချလျက်ရှိကြောင်း သိရသည်။

ယနေ့ခေတ်တွင် လက်မှုပညာများစွာရှိသည့်အနက် ကြိမ်ဖြင့်အလှဆင် ပြုလုပ်ရောင်းချနေသည့် ကြိမ်ထည်ပစ္စည်းများကို ခရီးသွားနိုင်ငံခြားသားများသာမက ဘုရားဖူးဧည့်သည်များလည်း ယင်း၄င်းဒေသသို့ရောက်ရှိသည့်အခါတိုင်း ကြိမ်ထည်ပစ္စည်းအရောင်းဆိုင်သို့ ဝင်ရောက် လေ့လာလျက်ရှိသည်ဟု သိရသည်။

"ကြိမ်ထည်ပစ္စည်းများ၊ ကြိမ်ကုလားထိုင်မျိုးစုံ အစရှိတဲ့ ပစ္စည်းများကို ကျွန်မတို့ကိုယ်တိုင် အလှဆင်ပြုလုပ် ရောင်းချပြီး မကျီးစင်ကျေးရွာမှာရှိတဲ့ ကြိမ်ထည်ပစ္စည်းစက်ရုံများကလည်း တစ်ဆင့်ဝယ်ယူရောင်းချကြပါတယ်။

"ဒေသခံအများစုက ကြိမ်လုပ်ငန်းကိုပဲ လုပ်ကိုင်ကြပါတယ်။ အလှဆင်ပြုလုပ်ထားတဲ့ ကြိမ်ထည်များကို ရန်ကုန် အစရှိတဲ့ မြို့ကြီးများကို တင်ပို့ရောင်းချခဲ့ပေမယ့် ယခု အလုပ်သမားရှားပါးတော့ ကြိမ်ထည်ပစ္စည်းအရောင်းဆိုင်များမှာ ကိုယ်ပိုင်တစ်ပိုင်တစ်နိုင်လုပ်ကိုင်ပြီး ရောင်းချပါတယ်။ အလှဆင် ရက်လုပ်ထားတဲ့ ကြိမ်ထည်ပစ္စည်းရောင်းဈေးအနေနဲ့ ငွေကျပ် ၂၅၀ မှ အမြင့်ဆုံး ငါးသိန်းခွဲအထိ ပစ္စည်းအမျိုးအစားအလိုက်ရှိပါတယ်"ဟု တင်းတိမ်ရပ်ရှိ ကြိမ်ထည်ပစ္စည်း အရောင်းဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ရှေးအစဉ်အလာမပျက် ကြိမ်ထည်ပစ္စည်းများကို ယနေ့အချိန်ထိ ခရီးသွားနိုင်ငံခြားသားများက အထူးစိတ်ဝင်တစား လာရောက်လေ့လာ ဝယ်ယူကြသဖြင့် ကိုယ်တိုင်ပြုလုပ်ရောင်းချသူများမှာလည်း အဆင်ပြေကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၈-၁၀-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း (Max, Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၉၅ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၉၈၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၈၀၀-၄၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၃၂၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၆၇၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၃၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၈၀၀-၆၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၈၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၉၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၉၄-၉၉၇ |
| ဥရောပ | တစ်ယူရို | ၁၃၄၀-၁၃၄၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၅ |
| ထိုင်း | တစ်ဘတ် | ၃၂.၅-၃၂.၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၂-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၇ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။



# ရွှေတောင်မြို့နယ်တွင် မိုးစပါး ပုလဲသွယ်စံကွက်ရိတ်သိမ်း

**ရွှေတောင် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မကျီးပေါက်ကုန်းကျေးရွာ ကွင်း အမှတ် (၄၆၃) မိုးစပါး ပုလဲသွယ် ဧက ၁၀၀ စံပြကွက်မှ တောင်သူ ဦးညွန့်ဝေ၏ စံပြကွက် ငါးဧကတွင် အောက်တိုဘာ ၂ ရက်က စံကွက်ရိတ်သိမ်းပွဲကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးဦးလှမြင့်၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်လွင်၊ ပြည်ခရိုင် ဦးစီးမှူး ဦးစိုးနိုင်၊ ပြည်မြို့နယ်၊ သဲကုန်းမြို့နယ်၊ ရွှေတောင်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ပေါင်းတည်မြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများ၊ ပြည်ခရိုင်မြေအသုံးချရေး မျိုးစေ့၊ သီးနှံကာကွယ်ရေး တာဝန်ခံများ၊ ဝန်ထမ်းများ၊ မကျီးပေါက်ကုန်းအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ တောင်သူဦးကြီးများ စုစုပေါင်း ၇၂ ဦး တက်ရောက်ကြသည်။

အဆိုပါစံကွက်ရိတ်သိမ်းရာတွင် တစ်ဧက အခြောက် ၁၅၉ တင်း ထွက်ရှိကြောင်း သိရသည်။

**ရဲထွန်း(ရွှေတောင်)**

# မိုးစပါးစတင်ရိတ်သိမ်းချိန် ခြွေလှေ့စက်များ ရောင်းဝယ်ပြုပြင်မှုများလာ

**ရေတာရှည် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိပြီး လုပ်ငန်းခွင်သုံးစပါးခြွေလှေ့စက်များ ရောင်းဝယ်မှုနှင့် ပြုပြင်မှုများကြောင့် အလုပ်ရုံများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရေတာရှည်မြို့ မြောက်ဘက် သုံးမိုင်ခန့်အကွာရှိ သပြေတန်းကျေးရွာသည် ယခင်ကတည်းက လယ်ယာသုံး ပစ္စည်းများဖြစ်သော လှည်းဘီး၊ လှည်းဒေါက်ချလုပ်ငန်း၊ စက်တုံးနှင့် စပါးရိတ်တံစဉ်များကို ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းများ လုပ်ကိုင်သည့် ကျေးရွာဖြစ်သည်။

နောက်ပိုင်းတွင် ဆွာချောင်းရေလှောင်တမံ ဆည်ရေသောက်ဖြင့် နွေစပါး၊ မိုးစပါး၊ သီးထပ်၊ သီးညှပ်တို့ စိုက်ပျိုးပြီး လုပ်ငန်းလိုအပ်ချက်များအရ ခြွေလှေ့စက်များကို စတင်ထုတ်လုပ်ရောင်းချပြီး ဈေးကွက်တွင် အောင်မြင်မှုများရရှိကာ အခြားသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များအထိ တင်ပို့ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။

"ခြွေလှေ့စက်တစ်လုံးကို ပစ္စည်းအစုံရှိရင် ခြောက်ရက်ပဲကြာတယ်။ တောင်သူတွေရဲ့ လုပ်ငန်းနဲ့ကိုက်ညီတဲ့ပုံစံကို ကြိုးစားပြီးလုပ်ပေးတဲ့အခါမှာ သူတို့ဘက်ကလဲ အဆင်ပြေတယ်။ အစတုန်းက တစ်ထပ်စင်နဲ့စတာ၊ နောက်ပိုင်းကျတော့ ကြိတ်လုံးကို နှစ်ထပ်ဆင်ပေးတဲ့အခါမှာ စပါးထွက်နှုန်း မြန်ပြီး အလေအလွင့်မရှိသလောက်နည်းသွားတာကိုတွေ့ရတော့ တောင်သူတွေ အတော်ကြိုက်ကြတာကို တွေ့ရတယ်" ဟု ခြွေလှေ့စက်အလုပ်ရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။ ခြွေလှေ့စက်များကို လေးပေခွဲနှင့် ငါးပေဟူ၍ နှစ်မျိုးထုတ်လုပ်ပြီး ငွေကျပ် ၁၄ သိန်းခွဲမှ ၁၅ သိန်းဖြင့် အရစ်ကျ ရောင်းချပေးလျက်ရှိသည်။

ယခင် ဝယ်ယူထားပြီးသူများလည်း ရာသီချိန်အမီ ပြုပြင်မှုများ ဆောင်ရွက်ကြသည့်အတွက် ခြွေလှေ့စက်အလုပ်ရုံများမှာ နေ့ရောညပါ ဆောင်ရွက်ပေးနေရကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်

ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Galaxy Software Services Co., Ltd
ကျွမ်းကျင်ဝန်ထမ်းပေါင်း(၅၀)ကျော်ဖြင့် Customer ပေါင်း(၁၃၀၀)ကျော်ကို မြန်မာတစ်နိုင်ငံလုံးအနှံ့ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
Website : www.galaxy.com.mm

Contact Us ...
YGN 09-43064181, 09-73138079
09-254151516
MDY 09-31406813, 09-91050973

**မိုးညှင်း အောက်တိုဘာ ၈**

## ဆင်းကေရီ (၃) မိုးစပါးသီးနှံ ဖြစ်ထွန်းအောင်မြင်

၂၀၁၄ ခုနှစ် မိုးရာသီတွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ မိုးရွာသွန်းမှုများခဲ့သော်လည်း ဆင်းကေရီ (၃) မိုးစပါးများ ဖြစ်ထွန်းအောင်မြင်လျက်ရှိနေသည်ကို တွေ့ရသည်။ ကျေးရွာလယ်မြေများသို့ ကွင်းဆင်းလေ့လာရာတွင် ဆင်းကေရီ (၃) စပါးစိုက်ပျိုးခဲ့သော တောင်သူ အများစုနှင့်တွေ့ဆုံရာ၌ "ဒီနှစ်မှာ မိုးရွာသွန်းမှုများပေမယ့် စပါးနှံအသီးအားတွေက ကောင်းပါ တယ်။ စပါးအထွက်နှုန်းကျဆင်းမှု မရှိနိုင်ဘဲ တစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိမှာဖြစ်လို့ ဝမ်းသာရပါတယ်" ဟု တောင်သူတို့၏ ပီတိစကားသံများ ကြားသိခဲ့ရသည်။

**(ဝ၆၃)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်

**၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်**
**၂၀၁၄ ခုနှစ် အောက်တိုဘာ ၉ ရက်**

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာရောင်းချပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ သက်တမ်းရှိ ဂျီတီစီ(GTC) လိုင်စင်ရယူထားသူများနှင့် ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၁၃ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ သတ္တုတွင်းဝန်ကြီးဌာန Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm တွင် နိုင်ငံသားရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်ပါသည်။ Online မှတစ်ဆင့် လျှောက်ထားလိုပါက Website www.mge.gov.mm, Online Pre Registration System တွင် မှတ်ပုံတင်၍ ရောင်းချပွဲတက်ရောက်ခွင့် ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၅။ ၂၀၁၄ ခုနှစ် အောက်တိုဘာ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေပြည်တော်တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
စရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

## စာအုပ်စာပေ လူ့မိတ်ဆွေ

ကုမ္ပဏီစာရွက်စာတမ်းများပျောက်ဆုံးကြောင်း ကြေငြာခြင်း

ကျွန်တော်များ Toyo Thai Power Myanmar Company Limited
မှ အောက်ပါကုမ္ပဏီစာရွက်စာတမ်းများဖြစ်သော
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးခဲ့သော
သွင်းကုန်လိုင်စင်များဖြစ်သော
၁။ IL8 12_13 0575 18/02/2013
၂။ IL8 13_14 0018 02/04/2013
၃။ IL8 13_14 0015 02/04/2013
၄။ W Q IL 1 13_14 1425 27/05/2013
၅။ W Q IL 1 13_14 1424 27/05/2013
၆။ W Q IL 1 13_14 1426 27/05/2013
၇။ W Q IL 1 13_14 2473 15/07/2013
အထက်ဖော်ပြပါသွင်းကုန်လိုင်စင်များ ပျောက်ဆုံးသွားပါသဖြင့်
တွေ့ရှိပါက အောက်ဖော်ပြပါ လိပ်စာအတိုင်း အကြောင်းကြားပေးပါရန်
ကြေညာအပ်ပါသည်။
အမှတ်(၁၆/ခ)၊၁၆ လွှာ၊Center Point Tower
အမှတ်(၆၅) ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း - ၀၁-၃၇၁၉၆၂ ၊ ၀၁-၃၇၁၉၆၃ ၊ ၀၉ ၇၃၁၆၆၉၀၂

# အာဆီယံ အပေါင်း (၃) အကောင်းဆုံးအောင်မြင်သည်

❖ အာဆီယံ
ဆယ်နိုင်ငံပေါင်းစပ်လို့
ကောင်းမြတ်သော"မျှော်လင့်ချက်"နှင့်
ချီတက်ခဲ့ မသွေအမှန်။
"နိုင်ငံရေးလုံခြုံရေး
စီးပွားရေးလူမှုရေးနှင့်
ယဉ်ကျေးမှုအသိုက်အဝန်း"တို့
ဖြစ်ထွန်းစေရန်။
အလှည့်ကျဥက္ကဋ္ဌအမှန်
မြန်မာနိုင်ငံဆောင်ပုဒ်ထား။
"ရှေ့သို့တူညီတက်လှမ်းချီ
ငြိမ်းချမ်းဝေစည်အသိုက်အဝန်းဆီ"
ရောက်ရမည်သွေမလွဲပေဟု
တစ်လှေထဲစီး နောင်ညီဆွေတို့
အကောင်အထည်ဖော်နေခြင်း
ထင်လင်းဘိတကား။

❖ စားရိက္ခာဖူလုံမျှတော့
လူမှုဘဝမသာယာနိုင်။
ကမ္ဘာ့ကုလသမဂ္ဂ
ချပြပိုင်ပိုင်။
ထောင်စုနှစ်ပန်းတိုင်
လှမ်းနိုင်ဖို့ရည်မှန်းချက်။
Zero Hunger တဲ့
ငတ်မွတ်တာပပျောက်ရေး
တွေးဆမြော်လျက်။

❖ စားရိက္ခာနှစ်ဆတိုးဖို့
ကြိုးစား၍ထုတ်လုပ်မည်။
ကမ္ဘာကြီးပူနွေးခြင်း
သဘာဝအသွင်ဖောက်ပြန်ခြင်းနှင့်
နောက်ဆံတင်းစရာအထွေထွေမို့
လယ်ယာမြေတကယ်လှမှ
ကယ်မနိုင်မည်။
သစ်တောများတစ်ပြေးညီ
စိုပြည်၍စိမ်းလန်းရေး။
ကမ္ဘာမြေအထူးကောင်းဖို့
ပူးပေါင်းစို့လေး။

❖ ကမ္ဘာကြီးကို ကျွေးမွေးဖို့
စိုက်ပျိုးရေးစွမ်းအားချီ။
မိသားစုလယ်ယာနှစ်
အခါကဖြစ်ပြီ။
နှစ်ထောင့်တစ်ဆယ့်လေးသည်
Family Farmingမို့
အာဆီယံအသိုက်အဝန်းသည်
ညီညွတ်စွာခိုင်ကြည်လို့။
စားရိက္ခာဖူလုံမှု
ရှေးရှုပါစို့။

❖ အာဆီယံအလှည့်ကျ
ဥက္ကဋ္ဌပီပြင်စွာ။
နိုင်ငံတော်သမ္မတ
မိန့်ဟမြွက်မှာ။
အလှည့်ကျနွဲ့မရပါ
ခိုင်မာတဲ့အမြင်အတွေး။
ဘက်ပေါင်းစုံအသွင်ဟပ်လို့
မြင်တတ်ဘိလေး။

❖ အာဆီယံအပေါင်း(၃)
အကောင်းဆုံးအောင်မြင်သည်။
လယ်ယာနှင့်သစ်တော
သာမောစေမည်။
ဆွေးနွေးကြပွင့်လင်းသည်
ရေရှည်မှာ ဖွံ့ဖြိုးရေး။
ကမ္ဘာကြီးကိုအစားကျွေးဖို့
ကမ္ဘာကြီးကိုအားမွေးဖို့
တသားတသွေး သွင်သဏ္ဍာန်နဲ့
အာဆီယံကြိုးပမ်းမှု
ဂုဏ်ပြုတယ်လေး။ ။

(၃၆ ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်မြွက်ကြားသည့် အဖွင့်စကားကို ဂုဏ်ပြုဖွဲ့ဆိုပါသည်။)

မြင်းမူ-မောင်နိုင်မိုး

## (၂၁)ကြိမ်မြောက် ခရိုင်ဆိုကရေးတီးပြိုင်ပွဲ ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုပေးအပ်

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့ နယ်ရွာမအရှေ့ ယန္တရားတောင်ခန်းမတွင် အောက်တိုဘာ ၆ ရက်က (၂၁ )ကြိမ်မြောက် ခရိုင်အဆင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

ယင်းဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ခေတ်ဟောင်းကာလပေါ် အဆိုပြိုင်ပွဲ၌ ပထမဆုရ မောင်ဟန်ဝင်းအောင်က လည်းကောင်း၊ အကပြိုင်ပွဲ ပထမဆုရ မောင်ဇွဲကိုကိုကျော်ကလည်းကောင်း၊ ဒုတိယဆုရ မောင်အောင်မျိုးကလည်းကောင်း၊ ခေတ်အကြိုက်တေး ပထမဆုရ မတင်တင်မော်ကလည်းကောင်း၊ အခြေခံအဆင့် အဆိုပြိုင်ပွဲ ရွှေတံဆိပ်ဆုရ မနော်မေရီထွန်းကလည်းကောင်း သီဆိုကပြ ဖျော်ဖြေခဲ့ကြပြီး အကဲဖြတ်ဒိုင်များအား ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှတ်တရဂုဏ်ပြုပန်းခြင်း ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

မြင့်ဦး(အင်းစိန်)

## ဖြောက်အိုးနှင့်မီးရှူးမီးပန်းများ ရောင်းချနေသူများကို ဖမ်းဆီးအရေးယူ

**ရန်ကုန် အောက်တိုဘာ ၈**

လှိုင်သာယာ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အမှတ်(၂) ရပ်ကွက် ပီမိုးနင်းလမ်းဘေးတွင် ဖြောက်အိုးနှင့် မီးရှူးမီးပန်းများရောင်းချနေကြောင်း သတင်းအရ သက်သေများနှင့်အတူ အောက်တိုဘာ ၇ ရက် ည ၈ နာရီခွဲက သွားရောက်ရှာဖွေဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

အဆိုပါနေရာတွင် ခင်းကျင်းရောင်းချနေကြသော လှိုင်သာယာမြို့နယ်နေသူများ ဖြစ်ကြသည့် ဒေါ်နွဲ့ကြည် (၅၁ နှစ်)မှ ဖြောက်အိုးမျိုးစုံ ၁၄၈ ခု၊ မီးပန်းဖြောက်အိုး ၆၇ခု၊ မီးပန်း ၂၁ခု၊ ရှူးဒိုင်း၆၆ခု၊ ရေပန်းပုံထွက်မီးပုံး ၁၉ လုံးနှင့် ရောင်းချရငွေကျပ် ၁၃၀၀ ကိုလည်းကောင်း၊ ဒေါ်ညို (၅၆နှစ်) ထံမှ ဖြောက်အိုးမျိုးစုံ ၆၇ခု ၊ မီးပန်းဖြောက်အိုး ၆၇ခု ၊ မီးပန်း ၄၀၊ ရှူးဒိုင်း ၂၀၊ ရေပန်းပုံမီးပုံး ၁၇ ခုနှင့် ရောင်းချရငွေကျပ် ၁၉၃၀ ကိုလည်းကောင်း၊ မသင်းမာဦး(၃၁ နှစ်)ထံမှ ဖြောက်အိုးမျိုးစုံ ၂၁၀၊ မီးပန်းဖြောက်အိုး ၆၀၊ မီးပန်း ၄၉ ခု၊ ရှူးဒိုင်း ၈၈ခု၊ ရေပန်းပုံမီးပုံး ၁၈ ခုနှင့် ရောင်းချရငွေကျပ် ၁၃၀၀ ကို လည်းကောင်းတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဒေါ်နွဲ့ကြည်၊ ဒေါ်ညိုနှင့် မသင်းမာဦးတို့ သုံးဦးကို လှိုင်သာယာမြို့မရဲစခန်းက အမှုများဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

တင်လှမောင်

## ရိခေါဒါရ်မြို့နယ်စပ်ဂိတ်တွင် အီဘိုလာရောဂါ စစ်ဆေးခြင်းဆောင်ရွက်

**ရိခေါဒါရ် အောက်တိုဘာ ၈**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ အိန္ဒိယ-မြန်မာနယ်စပ်ဂိတ် (အိန္ဒိယ-မြန်မာချစ်ကြည်ရေးတံတား)တွင် အီဘိုလာရောဂါ စစ်ဆေးခြင်းကို အောက်တိုဘာ ၇ ရက်က မြို့ကျန်းမာရေးဌာနက ဆောင်ရွက်သည်။

အီဘိုလာရောဂါစစ်ဆေးခြင်းကို ရိခေါဒါရ်မြို့ ပြည်သူ့ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာပေါင်ချန်းလျန်နှင့် သူနာပြုဆရာ ဆရာမများ၊ လဝကဝန်ထမ်းများမှ ပူးပေါင်းဆောင်ရွက်ပြီး နယ်စပ်ဂိတ်ကို ဖြတ်ကျော်သွားလာသည့် ပြည်တွင်း ပြည်ပ ပြည်သူများကို ရောဂါလက္ခဏာရှိ/မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ရဲမြင့်အောင်

C B BANK

ပြည်တွင်းငွေလွှဲခနှုန်း - (၅) ပြား

CB Bank ၏ ပြည်တွင်းငွေလွှဲခနှုန်းထားများကို ၂၀၁၄ ခုနှစ် အောက်တိုဘာ( ၇ )ရက်နေ့မှစ၍ ငွေကျပ် (၁၀၀) လျှင် (၅) ပြားနှုန်းသို့ ပြောင်းလဲသတ်မှတ်ပါကြောင်း ဘဏ်နှင့်ဆက်သွယ်သူ Customer များအား လေးစားစွာအသိပေးအပ်ပါသည်။

နိုင်ငံတကာအားကစားနှင့် ကျော်ငြာ

# ပိုလန်နဲ့ ဂျာမနီ ထိပ်တိုက်ဆုံပြီ

မိုးမြင့်လင်းလက်

ပိုလန်နဲ့ ဂျာမနီတို့ ကစားကြမယ့် ယူရို ၂၀၁၆ ခြေစစ်ပွဲကိုတော့ အောက်တိုဘာ ၁၂ ရက် နံနက်မှာ စတင်မှာဖြစ်ပါတယ်။ ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီတို့အတွက်တော့ ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ပိုလန်အတွက်ကလည်း ခက်ခဲမယ့် ဖြတ်ကျော်မှုအဖြစ် ရင်ဆိုင်ရပါလိမ့်မယ်။ ဂျာမနီရဲ့ ခြေစွမ်းဟာ မယိမ်းမယိုင်ဘဲ ဆက်ရှိနေတယ်ဆိုတာကို သက်သေပြနိုင်မလား စောင့်ကြည့်ရမယ့်ပွဲဖြစ်ပါတယ်။

**ပိုလန်နှင့် ဂျာမနီ**

အုပ်စု (D)မှာ ပိုလန်တို့ သုံးမှတ်ရနေပြီး ထိပ်ဆုံးက ဦးဆောင်နေသလို ဂျာမနီတို့ကလည်း သုံးမှတ်နဲ့ အုပ်စုဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ပိုလန်နဲ့ဂျာမနီတို့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် နှစ်ပွဲသရေဖြစ်ပြီး ဂျာမနီကတစ်ပွဲနိုင်ထားပါတယ်။ ပိုလန်ရဲ့လက်ရှိခြေစွမ်းကထက်မြက်နေပြီး တိုက်စစ်မှူးတွေကလည်း တစ်ပွဲတည်းခုနစ်ဂိုးအထိသွင်းယူထားနိုင်ပါတယ်။ ကစားအားကျရိုပ်ပြနေတဲ့ ဂျာမနီဟာ အခုပွဲကို သရေပွဲဖြစ်အောင် ခြေကုန်ထုတ်ရမယ့်အခြေအနေရှိပါတယ်။

**အယ်လ်ဘေးနီးယားနှင့် ဒိန်းမတ်**

ဒီပွဲက အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ နှစ်သင်းစလုံး ခြေရည်တူနေတာမို့ အခုပွဲ အနိုင်ရမယ့်အသင်းက အုပ်စု (I)မှာ အုပ်စုပထမအဖြစ် ရပ်တည်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ နောက်ဆုံးဆုံတွေ့ခဲ့တဲ့ သုံးပွဲစလုံးမှာ ဒိန်းမတ်တို့ ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါဟာ ရလဒ်ကောင်းအောင် ကြိုးစားနိုင်တဲ့ စွမ်းရည်နဲ့ နည်းဗျူဟာအပိုင်းတွေကြောင့် ဖြစ်ပါတယ်။ ဒီပွဲရဲ့ နှစ်ဖက်ကစားသမားတွေ ခြေကုန်ထုတ်မှုကြောင့် သရေရလဒ်လည်း ပေါ်ထွက်နိုင်ပါတယ်။

**ဖင်လန်နှင့်ဂရိ**

ဂရိတို့အဝေးကွင်းမှာ ခြေစွမ်းကျဆင်းပြီး ခံစစ်ဦးစားပေးကစားတဲ့ ပုံစံကြောင့် ဘောလုံးသမားတွေလည်း ပွဲတိုင်းခက်ခဲနေပါတယ်။ ဖင်လန်ဟာ ဂရိကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်မှတ်တမ်းကို ကြည့်ရင် ဂရိတို့ နှစ်ပွဲနိုင်ထားပါတယ်။ ဖင်လန်ဟာ ခံစစ်အသားပေးကစားမယ့် ဂရိကိုရင်ဆိုင်ဖို့ ပြင်ဆင်နေပြီဖြစ်တာမို့ ဒီပွဲဟာအမှတ်ခွဲယူဖို့ မရှိနိုင်ဘဲ အိမ်ရှင်တို့ပြိုးပျော်ရမယ့်ပွဲဖြစ်ပါတယ်။

**မြောက်အိုင်ယာလန်နှင့် ဖာရိုးကျွန်းစု**

အုပ်စု (F)မှာ မြောက်အိုင်ယာလန်တို့ တစ်ပွဲနိုင်သုံးမှတ်ရထားပါတယ်။ ဖာရိုးကျွန်းစုကတော့ အမှတ်မရသေးပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုသုံးပွဲရလဒ်ကို ကြည့်ရင် မြောက်အိုင်ယာလန်တို့ ရှုံးပွဲမရှိခဲ့ပါဘူး။ မြောက်အိုင်ယာလန်ဟာ အသင်းလိုက်ကစားအား ကောင်းတာမို့ အခုပွဲအိမ်ကွင်းမှာ ဖာရိုးကျွန်းစုကို အနိုင်ရအောင် ကြိုးစားမှာဖြစ်တာကြောင့် အိမ်ရှင်ပရိသတ်တွေ အောင်ပွဲခံဖို့ ပြင်ဆင်ထားဖို့ပဲလိုပါလိမ့်မယ်။

## အင်္ဂလန်ပရီမီယားလိဂ် ပွဲစဉ် (၇) အပြီးအဆင့်ရပ်တည်မှုဇယား

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ချယ်လ်ဆီး | ၇ | ၆ | ၁ | ၀ | ၁၉ |
| မန်စီးတီး | ၇ | ၄ | ၂ | ၁ | ၁၄ |
| ဆောက်သမ်တန် | ၇ | ၄ | ၁ | ၂ | ၁၃ |
| မန်ယူ | ၇ | ၃ | ၂ | ၂ | ၁၁ |
| ဆွမ်ဆီး | ၇ | ၃ | ၂ | ၂ | ၁၁ |
| စပါး | ၇ | ၃ | ၂ | ၂ | ၁၁ |
| ဝက်စ်ဟမ်း | ၇ | ၃ | ၁ | ၃ | ၁၀ |
| အာဆင်နယ် | ၇ | ၂ | ၄ | ၁ | ၁၀ |
| လီဗာပူး | ၇ | ၃ | ၁ | ၃ | ၁၀ |
| ဗီလာ | ၇ | ၃ | ၁ | ၃ | ၁၀ |
| ဟားလ်စီးတီး | ၇ | ၂ | ၃ | ၂ | ၉ |
| လက်စတာစီးတီး | ၇ | ၂ | ၃ | ၂ | ၉ |
| ဆန်းဒါးလန်း | ၇ | ၁ | ၅ | ၁ | ၈ |
| ဝက်စ်ဘရွန်း | ၇ | ၂ | ၂ | ၃ | ၈ |
| ခရစ္စတယ်ပဲလေ့စ် | ၇ | ၂ | ၂ | ၃ | ၈ |
| စတုတ် | ၇ | ၂ | ၂ | ၃ | ၈ |
| အဲဗာတန် | ၇ | ၁ | ၃ | ၃ | ၆ |
| နယူးကာဆယ် | ၇ | ၀ | ၄ | ၃ | ၄ |
| ဘန်လေ | ၇ | ၀ | ၄ | ၃ | ၄ |
| ကျူပီအာ | ၇ | ၁ | ၁ | ၅ | ၄ |

# မန်ယူဂိုးသမားအသင်းမှထွက်ခွာဖွယ်ရှိ



ဂိုးသမားဒေးဗစ် ဒီဂီယာသည် ၂၀၁၁ ခုနှစ်တွင် အက်သလက်တီကိုမှပေါင်၁၈သန်းဖြင့်ပြောင်းရွှေ့လာပြီး မကြာခဏ ဝေဖန်ခံရခြင်းကြောင့် မန်ယူမှထွက်ခွာရန် စဉ်းစားနေပြီဟုဆိုသည်။ "ကျွန်တော် မန်ယူအတွက် အကောင်းဆုံးဖြစ်အောင် ကစားပေးနေရပါတယ်။ ဒါပေမယ့် ဝေဖန်ခံရဖန်များလာတော့ မခံနိုင်တော့ပါဘူး။ ကျွန်တော်အသင်းက ထွက်ခွာဖို့ စဉ်းစားရပါပြီ"ဟု အသက် ၂၃ နှစ်ရှိ ဒီဂီယာက ပြောသည်။

"ဒီလိုဝေဖန်ပြစ်တင်ပြောဆိုနေမယ်ဆိုရင် တိုးတက်အောင်ကစားဖို့ ခက်ပါတယ်။ ဂိုးသမားကောင်းတစ်ယောက်အဖြစ် ရပ်တည်ဖို့ ခက်ပါတယ်"ဟု မန်ယူအတွက် ပွဲပေါင်း ၁၃၀ ကျော် ကစားပေးခဲ့သည့် ဒီဂီယာက ပြောသည်။

## ကာတာကမ္ဘာ့ဖလားကျင်းပခွင့် အံ့သြမိကြောင်း ဘက်ကင်ဘောင်ဝါပြော

၂၀၂၂ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကာတာနိုင်ငံကျင်းပခွင့် ရရှိသွားခြင်းမှာ မိမိအနေဖြင့် အံ့သြမဆုံးဖြစ်ရကြောင်း ဖရန့်ဘက်ကင်ဘောင်ဝါက ပြောဆိုလိုက်သည်။ ဂျာမန်ဂန္တဝင်ဘောလုံးသမားကြီး ဘက်ကင်ဘောင်ဝါသည် ၂၀၁၈ နှင့် ၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် မဲခွဲဆုံးဖြတ်ရာတွင် ၂၂ ဦးအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ ကာတာနိုင်ငံသည် ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်တို့ကို ကျော်ဖြတ်ကာ ၂၀၂၂ ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိသွားသည်။

## ချယ်လ်ဆီးနည်းပြဟောင်း ရှော်လ်ကေးနည်းပြဖြစ်လာ

ချယ်လ်ဆီးနှင့် ဝက်စ်ဘရွန်းနည်းပြဟောင်း ဒီမတ်တီယိုအား ဂျာမန်ကလပ် ရှော်လ်ကေးနည်းပြအဖြစ် ရွေးချယ်လိုက်သည်။ အသက် ၄၄ နှစ်ရှိ အီတလီနိုင်ငံသား ဒီမတ်တီယိုသည် ဂျင်းစ်ကယ်လာ၏ နေရာတွင် ဆက်ခံမည်ဖြစ်သည်။ ရှော်လ်ကေးအသင်းသည် ခုနစ်ပွဲကစားပြီး ရှစ်မှတ်ရရှိကာ အမှတ်ပေးဇယားနံပါတ် ၁၁ တွင် ရှိနေသည်။

ရှော်လ်ကေးအသင်းသည် နှစ်ပွဲသာ အနိုင်ရရှိသေးသည်။ ရှော်လ်ကေးသည် ချယ်လ်ဆီးနှင့် ကစားခဲ့သည့် တစ်ဖက်တစ်ဂိုးစီ သရေပွဲအပါအဝင် သရေပွဲနှစ်ပွဲရရှိကာ ချန်ပီယံလိဂ်အုပ်စု အတွင်း တတိယနေရာတွင် ရှိနေသည်။ ဒီမတ်တီယိုသည် နိုဝင်ဘာ ၂၅ ရက်တွင် အသင်းဟောင်း ချယ်လ်ဆီးကို ဂျာမနီမြေတွင် ရင်ဆိုင်ရဦးမည်ဖြစ်သည်။

**ကောင်းမြတ်သူ-စုစည်းသည်**


ထိုင်းနိုင်ငံသီးသန့် ခရီးစဉ် များ စတင်ပါပြီ
( OCT 31/ NOV 7 / 21 )
၁။ဘန်ကောက် ၊ ပတ္တရား ၊ အယုဒ္ဓယ (၃ည / ၄ရက်) (၃၉၉ပပပ/-) / (၄ည / ၅ရက်) (၄၉ပပပပ/-)
၂။ဘန်ကောက် - Krabi ကမ်းခြေ / ဖူးခက် (၃ည / ၄ရက်) (၄၉၅ပပပ/-) / (၅ည / ၆ရက်) (၆၆၆ပပပ/-)
❑ ဘန်ကောက်ရှိ ခေတ်မီ ဆေးရုံကြီးများတွင် သက်သာသောနှုန်းထားဖြင့်. Medical Check-Up ပြုလုပ်ခြင်းနှင့် ဆေးကုသခြင်းများ၊ အလှအပ ပြုပြင်မှုများ။
❑ Golf Tours ခရီးစဉ်များ / ချင်းမိုင် ခရီးစဉ်များ ။
➢ ကုမ္ပဏီ အဖွဲ့အစည်း၊ မိသားစုများအတွက် အထူးဈေးနှုန်းဖြင့် စီစဉ်ပေးပါသည် ။
➢ လေယာဉ်လက်မှတ် + ဗီဇာပါပြီး 3*Hotel များဖြင့် စရိတ်ငြိမ်း ခရီးစဉ်များ ဖြစ်ပါသည် ။
သိဒ္ဓိကျော် ( TDK ) ခရီးသွား ဝန်ဆောင်မှု
No. 274,Myawaddy St, Sanchaung Township , Yangon
Tel: -09428314085, 095196746 , 0949366801
Email:myanmartdktravels@gmail.com Website:www.myanmartdktravels.com



JENKO MINDWORKS education centre
မြန်မာနိုင်ငံအပါအဝင်နိုင်ငံတကာတွင်အထူးလိုအပ်လျက်ရှိနေသော
နိုင်ငံတကာကျွမ်းကျင်မှုအဆင့်ရှိလက်မှတ်ရဟိုတယ် နှင့် ခရီးသွားဝန်ဆောင်မှုဝန်ထမ်းများကို
ပြုစုပျိုးထောင်ရန် ရည်ရွယ်၍
Jenko Mindworks နှင့် BERJAYA UNIVERSITY တို့ပူးပေါင်းချီးမြှင့်မည့်
အထူးပညာတော်သင်ဆုအစီအစဉ်
✔ 100%(၁ဦး) - 50%(၂ဦး) - 30%(၅၀ဦး) ပညာတော်သင်ဆုများ။
✔ လက်တွေ့လုပ်ငန်းခွင်ကို ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်၊ အပန်းဖြေစခန်း၊ စားသောက်ဆိုင်များတွင် ဆင်းခွင့်ရခြင်း။
✔ နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာ၊ ဘွဲ့၊ မဟာသင်တန်းများအတွက် အကျုံးဝင်လျှောက်ထားနိုင်ခြင်း ။
✔ (၁၀)တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီးသူများ၊ အမှန်တကယ်စိတ်ဝင်စားသူများ၊ သတ်မှတ်အရည်အချင်းပြည့်မီပါက ပညာသင်ဆုရရှိမည်။
အသေးစိတ်စုံစမ်းရန်နှင့်လျှောက်လွှာတင်ရန် - ၀၉-၅၀၆၂၈၉၁ / ၀၉-၄၂၁၁၁၈၅၈၂ / ၀၉-၄၂၀၀၇၉၆၃၁
" လူတွေ့စစ်ဆေးမည့်အစီအစဉ် "
ဤအခွင့်အရေးကို လက်လွှတ်အဆုံးအရှုံးမခံပါနှင့်။
နေ့ရက်များ ။ ၂၀၁၄ ခုနှစ် ၊ အောက်တိုဘာ ( ၁၈ - စနေနေ့ ) နှင့် ( ၁၉ - တနင်္ဂနွေနေ့ )အင်တာဗျူးရှိသည်။
ကျင်းပမည့်အချိန် ။ နံနက် ( ၁၀:၀၀)နာရီ မှ ညနေ ( ၄:၀၀)နာရီအထိ ။
ကျင်းပမည့်နေရာ ။ Jenko Mindworks Education Centre/ No.18-1-B, Kyauk Kone Road, Yankin , Yangon.
အခမဲ့


## O.T.S -29 ရွှေရတုဖိတ်ကြားလွှာ

ဗိုလ်သင်တန်း ၂၉၏ အနှစ်(၅၀)မြောက် ကျောင်းဆင်းပွဲ ရွှေရတုအထိမ်းအမှတ်အဖြစ် ၁၇-၁၀-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်သံဃမဟာနာယကဆွမ်းစားဆောင်၌ ကွယ်လွန်ပြီးသောကျောင်းဆင်းအရာရှိ(၇၆)ယောက်အားရည်စူး၍ ဆရာတော်ကြီးများအား ဆွမ်းကပ်တရားနာရေစက်ချပွဲနှင့် ကျောင်းအုပ်ကြီး၊ နည်းပြဆရာများအား ကန်တော့ပွဲကို ကျင်းပမည်။ ယင်းနေ့ ညနေ ၆ နာရီတွင် ရွှေဂုံတိုင် Excel Treasure Tower (၁၀)ထပ်၊ ပတ္တမြားခန်းမ၌ မိတ်ဆုံစားပွဲကို ဆက်လက်ကျင်းပမည်။ ဖော်ပြပါ အလှူပွဲ၊ ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲသို့ အရာရှိများနှင့် မိသားစုများတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ရွှေရတုမော်ကွန်း စာအုပ်များကိုလည်း တစ်အုပ်လျှင် ကျပ်သုံးထောင်နှုန်းဖြင့် ယင်းအခမ်းအနားများတွင် ရောင်းချပေးမည်ဖြစ်ပါကြောင်း။

**လူမှုရေးအကျိုးဆောင်အဖွဲ့**

## ပုသိမ်ပညာရေးကောလိပ် (နဝမ)အကြိမ်အငြိမ်းစား အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ဆရာအတတ်သင်ကျောင်း/သိပ္ပံ/ပညာရေးကောလိပ်တွင် ၁၉၅၃ မှ ၂၀၁၄ခုနှစ်အတွင်း သင်တန်းတက်ရောက်ခဲ့ကြသော သင်တန်းသား/သူဟောင်းများ၏ ၅-၁၁-၂၀၁၄ ရက် ညမိတ်ဆုံစားပွဲနှင့် ၆-၁၁-၂၀၁၄ ရက် နံနက် အာစရိယပူဇော်ပွဲကို အမိပညာရေးကောလိပ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အငြိမ်းစားဆရာကြီး/ဆရာမကြီးများ ပူဇော်ကန်တော့ခံကြွရောက်ပါရန် သင်တန်းသား၊ သင်တန်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်။ ။ ကျောင်းအုပ်ကြီး - ဖုန်း-၀၉-၄၂၂၄၈၂၀၈၀၊ ၀၄၂-၂၉၀၇၃**
**ဌာနမှူး(စီမံ) - ဖုန်း-၀၉-၂၅၀၃၂၅၆၄၆**
**ရုံးအဖွဲ့ - ဖုန်း-၀၉-၈၅၅၁၂၄၃**

## အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကန်ပြောင်ကျေးရွာ၊ အရှေ့ပိုင်းရပ်ကွက်နေ (ဦးသန်း)-ဒေါ်သန်းဝင်းတို့၏သား မောင်မျိုးမြင့် ၁၂/ကတန(နိုင်)၀၅၄၄၇၇သည် မိဘဆွေမျိုးများ ပြင်းပြင်းထန်ထန်ကန့်ကွက်သည့်ကြားမှ ခွင့်မလွှတ်နိုင်သော ကိစ္စရပ်ကို မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ငွေနှင့်ပတ်သက် သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(မိခင်) ဒေါ်သန်းဝင်း ၁၂/ကတန(နိုင်)၀၅၄၅၂၀

# စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို**

**ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂။)**

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်**

**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စစ်ဘက်ရာထူးနှင့်အဆင့် အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ(က)၌ပါရှိသော "စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ရှေ့၌ထားပြီး" ဆိုသည့်စကားရပ်ကို "စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်နှင့် ယှဉ်တွဲ၍ အသုံးပြုပါက ယင်းစစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ရှေ့၌ထားပြီး" ဆိုသည့်စကားရပ်ဖြစ်လည်းကောင်း၊ "အငြိမ်းစားဟူသောစကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့် မိမိအမည်၏ နောက်၌ထား၍ခေါ်ဝေါ်သုံးစွဲရမည်။" ဆိုသည့်စကားရပ်ကို "အငြိမ်းစားဟူသောစကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့်မိမိအမည်၏နောက်၌ထား၍ ခေါ်ဝေါ်သုံးစွဲနိုင်သည်။" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)၌ပါရှိသော တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့" ဆိုသည့်စကားရပ်၏ရှေ့တွင် "ပုဒ်မခွဲ(က)အရ ခေါ်ဝေါ်သုံးစွဲသည့်အခါ" ဆိုသည့် စကားရပ်ကိုဖြည့်စွက်ရမည်။

၃။ စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည်-

(က) လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## (၁၀) ကြိမ်မြောက် Horizon Streetball ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၇**

၂၀၁၄ ခုနှစ် (၁၀) ကြိမ်မြောက် Horizon Streetball ဘတ်စကက်ဘောပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရွှေခင်းသာမြို့ပတ်လမ်း အမှတ် (၂၃၅) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းများသည် တစ်သင်းလျှင် အဓိက ကစားသမား သုံးဦးနှင့် အရန်ကစားသမားတစ်ဦး စုစုပေါင်း လေးဦးအမည်စာရင်းကို နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဖုန်း ၄၅၀၃၉၆၊ ၄၅၀၃၉၇ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဆင်း

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၄)သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက်က ဒက္ခိဏသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်း အောင်လက်မှတ်ချီးမြှင့်ခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒက္ခိဏခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသား အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်မီးသတ်ဦးစီးဌာန)**




## ညောင်ဦး၌ ဖိတ်ခေါ်ဂေါက်ရိုက်ပြိုင်ပွဲ ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၈**

ညောင်ဦးတွင် Bagan Myanmar Co.,Ltd. နှင့် 100 Pluss အားဖြည့်အချိုရည်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ဆောင်းရာသီအကြို ငါးမြို့နယ် ဖိတ်ခေါ် ဂေါက်ရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီက ညောင်ဦးမြို့ ပုဂံဂေါက်ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆောင်းရာသီအကြို ငါးမြို့နယ် ဖိတ်ခေါ်ဂေါက်ရိုက်ပြိုင်ပွဲသို့ ရေနံချောင်း၊ချောက်၊ ပခုက္ကူ၊ ကျောက်ပန်းတောင်းနှင့် ညောင်ဦးမြို့တို့မှ ဝါသနာရှင် ဂေါက်ရိုက်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့ကြောင်းသိရပြီး အောက်တိုဘာ ၄ ရက်က ဝင်ရောက်ယှဉ်ပြိုင်သူဦးရေ ၆၇ ဦးနှင့် အောက်တိုဘာ ၅ ရက်တွင် ဝင်ရောက်ယှဉ်ပြိုင်သူဦးရေ ၆၄ ဦး ရှိကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပထမဆုအဖြစ် ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သိန်း၊ တတိယဆု ငွေကျပ်ငါးသိန်းနှင့်အခြားဆုငွေကျပ် သုံးသိန်းအပြင် အကြိုးစားဆုံးဆုအဖြစ် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## ဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှုဖြစ်ပွား

**မအူပင် အောက်တိုဘာ ၈**

အောက်တိုဘာ ၅ ရက် ည ၉ နာရီ မိနစ် ၂၀ က မအူပင်မြို့နယ် အိုင်ဝိုင်းကျေးရွာအုပ်စု အိုင်ဝိုင်းကျေးရွာ မအူပင်-ကျိုက်လတ်ကားလမ်း မိုင်တိုင်အမှတ် (၁၉/၂) နှင့် (၁၉/၃) ကြားရှိ မအူပင်ရေနံမြေမှ ပို့လွှတ်သော အချင်းရှစ်လက်မခန့်ရှိ ဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်နေကြောင်း သတင်းအရ မအူပင်မြို့မရဲစခန်းမှ ဒုရဲအုပ်သီဟဇော်လွင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးသည်။ အဆိုပါဓာတ်ငွေ့ပိုက်လိုင်းမှာ မြေအတွင်းသို့ သုံးပေခန့်မြှုပ်ထားသော ပိုက်လိုင်းဖြစ်ပြီး ရာသီဥတုဒဏ်ကြောင့် သံချေးတက်၍ ဓာတ်ငွေ့များယိုစိမ့်ထွက်ရခြင်းဖြစ်ကြောင်း သိရသည်။ မအူပင်ရေနံမြေ စက်မှုအင်ဂျင်နီယာဌာနရှိ လက်ထောက်အမှုဆောင်အင်ဂျင်နီယာ ဦးငွေဝင်းနှင့်အဖွဲ့က ယိုစိမ့်နေသော ဓာတ်ငွေ့ပိုက်လိုင်းကို ည ၁၀ နာရီ ၄၅ မိနစ်မှစတင်၍ ပြုပြင်ခဲ့ရာ အောက်တိုဘာ ၆ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## သက်ကြီးရွယ်အိုများအားစောင့်ရှောက်

**နေပြည်တော် အောက်တိုဘာ ၈**

ပျဉ်းမနားမြို့နယ်အတွင်းရှိ အဘွားများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အောက်တိုဘာ ၃ ရက်က အိမ်တိုင်ရာရောက်စောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါစောင့်ရှောက်မှုဆောင်ရွက်ရာသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုး၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့်အဖွဲ့ဝင်များက ပျဉ်းမနားမြို့နယ် ဥယျာဉ်စုရပ်ကွက်မှ အသက် ၁၀၂ နှစ်ရှိ အဘွား ဒေါ်ပု၊ ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာမှ အသက် ၁၀၃ နှစ်ရှိ အဘွား ဒေါ်ခင်နှင့် အဘွား ၂၉ ဦးအား ထောက်ပံ့ငွေများနှင့်ပစ္စည်းများ လှူဒါန်းခဲ့ပြီး မျက်စိနား ကုသလိုသည့် အဘွားများကို ပျဉ်းမနားမြို့နယ် ခုတင် ၂၀၀ ဆေးရုံသို့ သွားရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို (Turnkey) စနစ် နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

(၁) ၂၃၀ ကေဗွီ အလုံ-သီတာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
(၂) ၂၃၀/၆၆/၁၁ကေဗွီ ဘုရင့်နောင် ဓာတ်အားခွဲရုံစီမံကိန်း
(၃) ၂၃၀ ကေဗွီ အသုတ်-ဟသ်ာတ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
(၄) ၂၃၀ကေဗွီ မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း

**တင်ဒါပုံစံရောင်းချမည့်ရက်** -၇-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** -၅-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** -၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

**ဖခင်အမည်မှန်**
လားရှိုးမြို့၊ အမက(၂၆)၊ ပထမတန်း(ခ)မှ မောင်ရဲရင့်ဘို၏ ဖခင်အမည်မှန်မှာ ဦးဆန်းဘို ၉/ပဘမ(နိုင်)၁၂၂၇၄၉ ဖြစ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားလိုင်းများကို (Turnkey) စနစ် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

(၁) အရှေ့ဒဂုံ-ရွှေပေါက်ကံ ၆၆ ကေဗွီ ဓာတ်အားလိုင်း(၁၁.၈)မိုင် စီမံကိန်းနှင့် ရွှေပေါက်ကံ-ဝေဘာဂီ ၆၆ ကေဗွီဓာတ်အားလိုင်း (၂.၅)မိုင် စီမံကိန်း
(၂) အရှေ့ဒဂုံ-မြောက်ဥက္ကလာပ ၆၆ ကေဗွီ ဓာတ်အားလိုင်း(၁၃)မိုင် စီမံကိန်း
(၃) အရှေ့ဒဂုံ-ဒဂုံမြောက် (ကုန်ပဒေသာ) ၆၆ ကေဗွီ ဓာတ်အားလိုင်း (၉.၃)မိုင် စီမံကိန်း
(၄) အရှေ့ဒဂုံပင်မခွဲရုံ-ဒဂုံအရှေ့ (၁)၊ (၂)၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း (၈.၇)မိုင် စီမံကိန်း

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၅-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

**ဖခင်အမည်မှန်**
လားရှိုးမြို့၊ အထက(၉)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ စိုင်းမင်းဟန်၏ ဖခင်အမည်မှန်မှာ ဦးအိုက်ငင်းလို ၁၃/လရန(နိုင်)၀၂၈၂၄၀ ဖြစ်ပါသည်။

**အစိုးရနည်းပညာကောလိပ်(ရွှေဘို)**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အစိုးရနည်းပညာကောလိပ်(ရွှေဘို)မှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင် သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဝန်ထမ်းအိမ်ရာ(၁၃၂'×၄၅') ခြောက်ခန်းတွဲ RC တစ်လုံး
- ဂါလန် ၁၂၀၀၀ ဆံ့ Ground Tank တစ်လုံး
- ဂါလန် ၄၀၀ ဆံ့ Elevated Tank နှစ်လုံး
- Steel ရေစင်အမြင့် ၁၆ ပေနှင့်
၄" Ø အဝီစိတွင်းတစ်တွင်းအပါအဝင်

(ခ) တစ်ထပ်သံကူကွန်ကရစ် အလုပ်ရုံ၏ ဆက်စပ်လုပ်ငန်းများ

၂။ အိတ်ဖွင့်တင်ဒါများကို အစိုးရနည်းပညာကောလိပ် (ရွှေဘို)၌ ၁၀-၁၀-၂၀၁၄ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၂၄-၁၀-၂၀၁၄ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များ စုံစမ်းလိုပါက ဖုန်း-၀၉-၆၄၆၀၆၀၀ နှင့် ၀၉-၂၅၆၀၅၉၈၅၂ တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်ရက်ကို ထပ်မံကြေညာပါမည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**အစိုးရနည်းပညာကောလိပ်(ရွှေဘို)**

**ခင်ပွန်းအဖြစ် မသက်ဆိုင်တော့ပါကြောင်း**

အမှတ် ၁၆၁၊ ဆည်တော်ကုန်း ၁ လမ်း၊ ပဲခူးမြို့နေ ကျွန်မ မဇာဇာလွင်(ခ)ဖြူဖြူ ၁၂/ဒဂတ(နိုင်)၀၈၉၃၅၁ နှင့် ကိုအောင်ကိုဦး (ဘ)ဦးဘိုရွှေ (ထားဝယ်မြို့)နေသူနှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ် မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မဇာဇာလွင်(ခ)ဖြူဖြူ**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# နန့်ကဲချောင်းနှင့် လေးတန်ချောင်း တာပေါင်ရိုးကျိုးပေါက် ကမ်းပါးပြိုကျမှုများ ကင်းဝေးရန် ကွင်းဆင်းဆောင်ရွက်



**မော်လူး အောက်တိုဘာ ၈**

စက်တင်ဘာ ၁၈ ရက်နှင့် ၂၄ ရက်တို့က မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသတွင်းရှိ နန့်ကဲချောင်း တာပေါင်ရိုးကျိုးကာ လယ်ယာမြေများရေနစ်ခြင်း၊ လေးတန်ချောင်းကမ်းပါးတစ်လျှောက် ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျကာ နေအိမ်များ၊ လမ်းများပျက်စီးခြင်းတို့ကို ပြန်လည်တည်ဆောက်ပြုပြင်မှုများ ပြုလုပ်နိုင်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က အောက်တိုဘာ ၅ ရက်က ကွင်းဆင်းတိုင်းတာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရေ-မြစ်-ဖြိုး ဦးစီးအရာရှိ (တိုင်းတာရေး) ဦးကိုကို(မုံရွာ)၊ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမြင့်(မုံရွာ)နှင့်လက်မှုကျွမ်းကျင်အဆင့် (၅) ဦးဝင်းနိုင်(မုံရွာ)တို့သည် အောက်တိုဘာ ၅ ရက်က အင်းတော်မြို့နယ် မော်လူးသို့ရောက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်နှင့်အတူ ရေတိုက်စားခံရသည့် နန့်ကဲချောင်းရေ အသုံးပြုဒေသခံတောင်သူများနှင့်တွေ့ဆုံကာ နန့်ကဲချောင်း၏ ပထဝီအနေအထား၊ ဆည်တည်ထားရှိပုံ၊ ရေကြောင်းပေါင်းစီးပုံ၊ ကောက်ကွေ့စွာ ရေစီးကြောင်းဖွဲ့တည်နေပုံများနှင့် နှစ်စဉ်မိုးရာသီကာလတွင် ကြုံတွေ့နေရသည့် တာပေါင်ရိုး ကျိုးပေါက်ခြင်းမှ ကင်းဝေးစေရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ တိုးတက်ရေးကို ရည်ရွယ်လျက် အသေးစိတ်တိုင်းတာခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် လေးတန်ချောင်းကမ်းနားနေအိမ်များ ကမ်းပါးပြိုကျပြီး ရေထဲမျောပါခြင်းမှ ကင်းလွတ်စေရန် ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်လုပ်ဆောင်နိုင်ရန်အတွက် ငွေ့ကြီးကျေးရွာအုပ်စု ငွေ့ကြီးရွာ၊ မော်လူးကျေးရွာအုပ်စုအတွင်းရှိ ပဲခူးကျေးရွာတို့သို့ ကွင်းဆင်းတိုင်းတာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ညီမင်းထက်(မြန်မာစာ)**

## မြိုင်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**မြိုင် အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဝန်ထမ်းများသည် မြို့ပေါ်ရပ်ကွက်/ ကျေးရွာများရှိ လမ်းမီးတိုင်များ မီးကြိုးဖြင့်ထိနေသော သစ်ပင်ချုံပင်များခုတ်ခြင်းနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် အောက်တိုဘာ ၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဓာတ်အားသုံးစွဲသူပြည်သူများ ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု မရှိစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်ဆောင်နှင့် ဝန်ထမ်းများက မြိုင်-ကမ္မဓာတ်အားလိုင်းတစ်လျှောက် ကွန်ကရစ်တိုင်များ အစားထိုးခြင်း၊ ကြွေသီးလဲလှယ်ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**



## လေယာဉ်မောင်/မယ်များ အာဟာရမုန့်များ ကျွေးမွေးလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ်(၄၅) ရန်ကုန်-ပြည်လမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်း(ထောက်ကြန့်)ရှိ သင်တန်းသူ ၈၆ ဦးကို အောက်တိုဘာ ၁ ရက် နံနက် ၁၁ နာရီက ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းပျံသန်းရေးဌာန (၁/၂၀၁၂)မှ လေယာဉ်မောင်၊ လေယာဉ်မယ်များက စာရေးကိရိယာများပေးအပ်ကာ အာဟာရမုန့်များ ကျွေးမွေးလှူဒါန်းခဲ့သည်။

ထို့နောက် လေယာဉ်မောင်၊ လေယာဉ်မယ်များက သင်တန်းကျောင်းသူများနှင့် အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**ခင်ဇော်(မင်္ဂလာ)**

## မီးတိုင်နှင့် မီးကြိုးဟောင်းများ အသစ်ပြန်လည်လဲလှယ်တပ်ဆင်

**ရွှေပြည်သာ အောက်တိုဘာ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် လှော်ကားကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးကြိုးကြပ်ရေးကော်မတီက ဦးဆောင်လျက် လျှပ်စစ်မီးတိုင်နှင့် လျှပ်စစ်ကြိုးများ တာရှည်ကြံ့ခိုင်နိုင်ရန်အတွက် ရွှေပြည်သာမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ ရွှေပြည်သာမြို့နယ် လှော်ကားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တာ ဦးစီးကာ ပြည်တော်သာကျေးရွာ မိန်းလမ်းမကြီးတစ်လျှောက် အောက်တိုဘာလ ပထမပတ်က သံတိုင်၊ မီးတိုင်များအစား ကွန်ကရစ်မီးတိုင်အသစ်များဖြင့်လည်းကောင်း၊ မီးအဝင် ELEVEN LINE မီးလိုင်းကြိုးဟောင်းများနှင့် လှော်ကားကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာရုံမှ 4 -LINE မီးအထွက်ကြိုးများကို မီးကြိုးအသစ်များဖြင့်လည်းကောင်း လဲလှယ်တပ်ဆင်ကြောင်း သိရသည်။

ယင်းကဲ့သို့လဲလှယ်ရာတွင် ကွန်ကရစ်မီးတိုင်များနှင့် ELEVEN LINE ACSR 70. mm မီးကြိုးအသစ်များကို ရွှေပြည်သာမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူးရုံးက ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရှိရသည်။

**မောင်ယဉ်ဦး-ခနဖြူ**

## အင်းဝကျေးရွာ၌ လူတစ်ဦးချောက်ထဲပြုတ်ကျသေဆုံး

**ကျိုက်ထို အောက်တိုဘာ ၈**

ကျိုက်ထိုမြို့နယ် ဝင်းကလောကျေးရွာနေ ဦးမြင့်ဦး (၄၃နှစ်) သည် အောက်တိုဘာ ၄ ရက် ည ၈ နာရီတွင် ကျောက်ခင်းရန် မြေဖို့ထားသော လမ်းပေါ်မှ လမ်းလျှောက်ပြန်လာစဉ် အင်းဝကျေးရွာ ကင်မွန်းချောင်းကားလမ်းနှင့် ၁၂ပေ အကွာရှိ ချောက်ထဲသို့ ပြုတ်ကျခဲ့ကြောင်း၊ ပြုတ်ကျမှုကြောင့် ချောက်အတွင်းရှိ သစ်ပင်သစ်ကိုင်းများနှင့်ရိုက်မိပြီး ဦးခေါင်းပေါက်ပြဲဒဏ်ရာရရှိခဲ့သဖြင့် ကျိုက်ထိုပြည်သူ့ဆေးရုံသို့ တင်ပို့ကုသထားစဉ်ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်**

ပြည်သူ့အကျိုးဖော်ဆောင်ဖို့
အခွန်မှန်စွာ ပေးဆောင်စို့

## ကြေညာချက်

**ရက်စွဲ။ ။၂၀၁၄ခုနှစ် အောက်တိုဘာ ၃ရက်**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်-ကလေးမြို့၊ အမှတ်(၁၈) ကလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီသည် ကလေးစက်မှုဇုန်အတွင်း စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ၂၀၀၄ခုနှစ်မှစတင်၍ စက်မှုလုပ်ငန်းရှင်များသို့ မြေကွက်များ ချမှတ်ပေးခဲ့ပါသည်။

၂။ အချို့စက်မှုလုပ်ငန်းရှင်များမှာ စက်မှုဇုန် စတင်တည်ထောင်ချိန်မှ မြေကွက်များရယူထားပါသော်လည်း ဆက်လက်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု မရှိသည့်အပြင် မြေကွက်ဖိုးငွေများ ကြွေးကျန်ပေးသွင်းရန် ကျန်ရှိပါသည်။

၃။ ဤကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ကလေးစက်မှုဇုန်အတွင်း မီးတင်းနေထိုင်ပြီး လက်ရှိစက်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများအား မြေကွက်တစ်ကွက်လျှင် တန်ဖိုးငွေကျပ် ၃၂သိန်း (ကျပ်သုံးဆယ့်နှစ်သိန်းတိတိ)နှုန်း စက်မှုဇုန်ပြင်ပနေပြီး မြေကွက်ရယူထားသူများအား မြေကွက်တစ်ကွက်လျှင် ကျပ် ၄၈သိန်း (ကျပ်လေး ဆယ့်ရှစ်သိန်းတိတိ)နှုန်းထားများဖြင့် ပေးသွင်းစေရန် သတ်မှတ်ထားပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်၍ မြေကွက်များရယူထားပြီး မြေကွက်ဖိုးငွေကြွေးကျန် ကျန်ရှိသူများသည် အပိုင်(၃)ပါနှုန်းထားအတိုင်း ဤကော်မတီရုံးသို့ ၃၁-၁၂-၂၀၁၄ ရက်အတွင်း မပျက်မကွက်(မပျက်မကွက်)အပြေအကျေလာရောက် ပေးသွင်းလာပါရန် အကြောင်းကြားသိစေအပ်ပါသည်။

၅။ ပျက်ကွက်မှုအတွက်မိမိတာဝန်သာဖြစ်မည်ဖြစ်ပါသည်။

**ကလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊**
**အမှတ်(၁၈)ကလေးစက်မှုဇုန်**
**စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့**

ဒေါ်သူဇာဝင်း (စာရင်းကိုင်သင်တန်း)
B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc
LCCI Level I ,II ,III
Apri 2015 Series အတွက်တန်းခွဲသစ်များ October စမည်။
(ကျောင်းအပ်လက်ခံပြီ။)
အမှတ်(၃၀)၊ ဂုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ တာမွေမြို့နယ်။(ခြံလမ်းမှတ်တိုင်ဦးချစ်မောင်အိမ်ရာရှေ့)
Ph: 09-5029621, 09-5402724, 09-250371045

## ကန့်ကွက်နိုင်ပါသည်

ဒေါ်နန်းအေးဆိုင် ၁၃/လရန(နိုင်)၁၁၂၆၉၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၆၁)၊ မြေကွက်အမှတ်(၂၇၄၉+၂၇၅၀)၊ (အလျား ၈၈ပေ×အနံပေ ၆၀)၊ နှစ် ၆၀ ဂရန်မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးအိုက်အုံး (ဘ)ဦးစိမ်းဝေ TYN-၁၀၀၈၆၄၊ ၁၂/ဗဟန(နိုင်)၁၄၈၄၃၃ အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၆၁)၊ မြေကွက်အမှတ်(၂၇၄၆+၂၇၄၇)၊ (အလျား ၈၈ပေ × အနံပေ ၆၀)၊ နှစ် ၆၀ ဂရန်မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးစောကျော်မျိုးဝင်း (ဘ) ဦးစောဝဏ္ဏဖိုးလှ ၁၂/အစန(နိုင်)၀၃၁၆၃၅ အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ ဦးစောကျော်မျိုးဝင်းထံမှ ဦးအိုက်အုံး TYN-၁၀၀၈၆၄၊ ၁၂/ဗဟန(နိုင်)၁၄၈၄၃၃ က တရားဝင်ဝယ်ယူပြီး လက်ရှိပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါမြေကွက်(၄)ကွက် (နှစ် ၆၀ ဂရန်နှစ်စုံ)ကို တရားဝင်ပိုင်ဆိုင် လက်ရှိထားရှိသူ ဦးအိုက်အုံး TYN-၁၀၀၈၆၄၊ ၁၂/ဗဟန(နိုင်)၁၄၈၄၃၃ ထံမှ ဒေါ်နန်းအေးဆိုင်က ဝယ်ယူရန်အတွက် ဦးအိုက်အုံး၏ ဇနီးဖြစ်သူ ဒေါ်ဥမ္မာလွင် ၁/မညန(နိုင်)၀၈၆၂၃၆ ထံသို့ စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါမြေကွက်များနှင့် ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာလာ LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက် ၅၊ အခန်း ၀၀၈၊**
**အေးရိပ်မွန် ၉ လမ်း၊**
**(၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ဖုန်း-၀၉-၅၁၈၁၈၂၀**

နိုင်ငံခေါင်းဆောင်များ၊ နိုင်ငံ့ခေါင်းဆောင်ဖြစ်လိုသူများနှင့် ကမ္ဘာ့အကြောင်းထိုင်ရာမထဘဲသိလိုသူများအတွက်စာအုပ်များ
* ခရီးသည်ဝန်ကြီး — သခင်ချစ်မောင်(မြန်အောင်)
* နိုင်ငံရေးအတွေ့အကြုံများ(နိုင်ငံရေးသံသရာ-၂) — သခင်ချစ်မောင်(မြန်အောင်)
* DIARY OF A GLOBE TROTTER — By MAUNG PON NYA
* ကမ္ဘာတစ်လွှားခရီးသွားမှတ်တမ်း — မောင်ပုည
ဆက်သွယ်ရန်- စိန်တိုက်စာပေ
၂၃၁/က၊ တပင်ရွှေထီးလမ်း(မဟာမြိုင်)
ဥဿာမြို့သစ်၊ ပဲခူးမြို့၊
ဖုန်း-၀၅၂-၃၀၅၁၈၊ ၀၉-၅၄၁၀၉၃၈၊ ၀၉-၃၁၄၂၆၉၃၅၊
၀၁-၆၃၆၇၈၀၊ ၀၉-၄၃၁၅၂၁၁၁
Email:sansanaye.lye @ gmail.com
sanlwin.lwin6 @ gmail.com
၃၄၊ ပန်းမဥ္ဇူလမ်း၊ ခရေပင်ရိပ်မွန်-၂၊ မင်္ဂလာဒုံ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ ယုဇနပလာဇာ၊ မြေညီထပ်၊ ဆိုင်အမှတ်(SD-16)ဆိုင်ခန်းကို ဒေါ်ရင်(ခ)လွီတုံးရင် ၁၂/ကတတ(နိုင်)၀၂၃၀၂၈ အမည်ပေါက် ဆိုင်ခန်းဖြစ်ပါသည်။ ဒေါ်ရင်(ခ)လွီတုံးရင်သည် ၄-၄-၂၀၀၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယခုအခါ ၎င်းဆိုင်ခန်းအား ဦးကျော်ဆန်း ၁၂/ဗဟန(နိုင်)၀၈၂၃၈၇ သို့ အမည်လွှဲပြောင်းလိုကြောင်း သားဖြစ်သူ ဦးမြသန်း ၁၂/ကတတ(နိုင်)၀၂၃၇၅၁မှ လျှောက်ထားလာပါသည်။ သို့ပါ၍ အမည်လွှဲပြောင်းမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက အောက်ပါလိပ်စာအတိုင်း ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အမည်ပြောင်းကိစ္စကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒုတိယထပ်ရုံးခန်း**
**ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ဖုန်း-၀၁-၂၀၀၈၀၁၊ ၂၀၀၇၄၇၊ Ext:၄၄၄၄၊ ၃၄၄၄**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် ရခိုင်နေလှန်းဆား အဆင့်မြင့်ထုတ်လုပ်ဆောင်ရွက်

**ကျွန်းသားငမန်း**

ရခိုင်ပြည်နယ်အတွင်း နေလှန်းဆားအား ဆားကောင်း၊ ဆားသန့်များအဖြစ် အရည်အသွေးမြင့်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် ရခိုင်ပြည်နယ်ရှိ နေလှန်းဆားထုတ်လုပ်သူ ဆားတောင်သူများအား ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် အတွင်းချေးငွေသိန်း ၃၀၀ ထုတ်ချေးပေးသွားရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီစဉ်လျက်ရှိကြောင်းသိရသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် နေလှန်း ဆားထုတ်လုပ်သည့် ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ပြီးလျှင် ထုတ်လုပ်မှုအများဆုံးဒေသ ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် မြို့နယ် ၁၇ မြို့နယ် ရှိသည့်အနက် ကမ်းရိုးတန်း မြို့နယ် ၁၄ မြို့နယ်ရှိပြီး မာန်အောင်မြို့နယ်မှအပ ကျန်မြို့နယ်များတွင် နေလှန်းဆားများကို ထုတ်လုပ်လျက်ရှိကြသည်။ ၁၉၁၂-၁၉၁၃ စာရင်းအရ လက်ရှိဆားလုပ်ကိုင်နေသည့် မြို့နယ်များမှာ စစ်တွေဧက ၇၀၊ ပေါက်တောဧက ၅၀၀၊ ပုဏ္ဏားကျွန်း ဧက ၂၅၊ ရသေ့တောင် ၂၅ဧက၊ မင်းပြား ဧက ၂၀ ၊ မြေပုံ ဧက ၂၀၀၊ ကျောက်ဖြူဧက၁၅၀၀၊ ရမ်းဗြဲ ဧက ၁၀၀၊ သံတွဲဧက ၅၀၊ တောင်ကုတ် ဧက ၂၀၊ ဂွ ဧက ၃၀ နှင့် မောင်တော ဧက ၂၀၀ဖြစ်ပြီး ရခိုင်ပြည်နယ် အတွင်း ၁၃ မြို့နယ်၌ စုစုပေါင်း ဆားလုပ်ဧက ၂၇၅၀ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်၏ အဓိကနေလှန်းဆားဈေးကွက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ကြောင်းလည်း သိရသည်။ "ရခိုင်ဒေသက နေလှန်းဆားကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အများဆုံးရောင်းခဲ့ရပါတယ်။ ၂၀၀၄ ခုနှစ်လောက်ထိပေါ့။ အဲဒီတုန်းက တင်ပို့ခဲ့ရတဲ့ ဆားကြမ်းတွေက ရွှံ့အလူးလူးနဲ့ဖြစ်ပါတယ်။ ဖြူဖွေးသန့်စင်နေတဲ့ ဆားတွေကို ရွှံ့နှစ်ရည်လောင်းပြီး တင်ပို့ခဲ့ရတာပါ" ဟု ထိုစဉ်က ဆားတင်ပို့ခဲ့သူကုန်သည်တစ်ဦးက ဆိုသည်။ ရခိုင်ဒေသမှ နေလှန်းဆားများကို နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့ရောင်းချခဲ့စဉ်က ၂၀၀၂ ခုနှစ်တွင် ဆားတန်ချိန် ၁၂၄၀ တန်၊ ၂၀၀၃ ခုနှစ်တွင် ဆားတန်ချိန် ၁၅၈၄၉ တန်နှင့် ၂၀၀၄ ခုနှစ်တွင်ဆားတန်ချိန် ၄၂၁၁၂ တန်ကို တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ဒေသတွင်းထုတ်လုပ်မှုနှင့် လုံလောက်မှုမရှိခဲ့၍ ဧရာဝတီတိုင်းဒေသကြီးမှ ဆားများကို မှာယူတင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။ ထိုစဉ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူအရ ရခိုင်ပြည်နယ်မှ ဆားများကို တရားဝင်တင်ပို့ခွင့်မရခဲ့ကြောင်း၊ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမြစ်ဝကျွန်းပေါ်ဒေသထွက် ဆားများနှင့်တူအောင် ရွှံ့နှစ်ရည်လူးပြီးတင်ပို့ခဲ့ရခြင်းဖြစ်ကြောင်း ၄င်းက ရှင်းပြသည်။

"၂၀၀၄-၂၀၀၅ခုနှစ်လောက်ကစပြီး မြန်မာနိုင်ငံကဆားတွေကို တင်ပို့ခွင့် မရတော့တဲ့အတွက် ရခိုင်ကရရှိထားတဲ့ ဆားဈေးကွက်ပျက်ခဲ့ရတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ သူတို့လိုအပ်တဲ့ဆားတွေကို အိန္ဒိယကနေတင်သွင်းခဲ့ကြတယ်" ဟုလည်း ၄င်းကပြောသည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဆက်သွယ်ကမ်းလှမ်းမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆားတင်ပို့မှုပြန်လည်စတင်ခဲ့သော်လည်း ရခိုင်ဆားမှာ အရည်အသွေးမကောင်းမှုကြောင့် သတ်မှတ်အရေအတွက်ပြည့်မီအောင် တင်ပို့ရောင်းချခြင်းမပြုနိုင်ဘဲ အဝယ်ရပ်ဆိုင်းခံခဲ့ရကြောင်း ရခိုင်ဆားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသန်းဝင်းက ပြောသည်။ အစကနဦးတွင် ဆားတန်ချိန် တစ်သောင်းဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်များရှိခဲ့သော်လည်း ဆားတန်ချိန် ၃၀၀၀ ကိုသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆားဝယ်ယူမှုရပ်ဆိုင်းခဲ့ကြောင်းလည်း ၄င်းက ဆိုသည်။

"ဘင်္ဂလားဒေ့ရှ်ရဲ့ ဆားဈေးကွက်က ပြောင်းသွားပြီ။ လွန်ခဲ့တဲ့လေးငါးခြောက်နှစ်ကလို အရည်အသွေးညံ့တဲ့ဆားတွေ မဝယ်တော့ဘူး။ ဆားကောင်းဆားသန့်တွေပဲဝယ်တယ်။ ထုတ်လုပ်မှုစနစ်ကလည်း ပြောင်းသွားပြီ။ ဆားကောင်း၊ ဆားသန့်ရဖို့ ပလတ်စတစ်အခင်းတွေနဲ့ ထုတ်လုပ်နေကြတာကိုတွေ့ခဲ့ရတယ်" ဟုဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်လေ့လာခဲ့သူ ဦးသန်းဝင်းက ဆက်လက်ပြောကြားသည်။

"၂၀၁၄-၂၀၁၅ခုနှစ်မှာ ရခိုင်ဒေသက ဆားကောင်း၊ ဆားသန့်တွေ ထုတ်လုပ်ရရှိနိုင်ဖို့ ပလတ်စတစ်ခင်း နေလှန်းဆားထုတ်လုပ်ဖို့ ဆားတောင်သူတွေကို ပလတ်စတစ်တစ်လိပ်ကို ငွေကျပ် ၆၀၀၀၀ နှုန်းနဲ့ အလိပ် ၅၀၀ အတွက် ကျပ်သိန်း ၃၀၀ကို ပလတ်စတစ်ကို ထုတ်ချေးဖို့ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ပေးခဲ့ပါတယ်" ဟုသတ္တုတွင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က စက်တင်ဘာ ၁၈ ရက်တွင် အမျိုးသားလွှတ်တော်၌ ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ဆားကောင်း၊ ဆားသန့်တွေ ထုတ်နိုင်ရင် ဈေးကွက်က အလိုလိုရလာမှာပါ။ အခုက ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း အရည်အသွေးညံ့လို့ မဝယ်သလို ရိုးမအရှေ့မှာလည်း ထိုင်းဆားတွေဈေးပေါပေါနဲ့ ဝင်နေတော့ ဆားဈေးကွက်ပျက်သလိုဖြစ်နေပါတယ်" ဟု ကျောက်ဖြူမြို့မှ ဆားကုန်သည်တစ်ဦးက ပြောသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် ရခိုင်နေလှန်းဆားကြမ်း ထုတ်လုပ်မှုလုပ်ငန်း ရပ်တန့်သွားခြင်းမရှိစေရေးအတွက် ရခိုင်ပြည်နယ် ဆားတောင်သူများအား ချေးငွေများထုတ်ချေးပေးလျက်ရှိခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်မှ ဆားတောင်သူများပါဝင်သည့် ရွှေအဏ္ဏဝါဆားထုတ်လုပ်သူများအသင်းသို့ ၂၀၁၁-၂၀၁၂ခုနှစ်တွင် ငွေကျပ်သိန်း ၂၀၀၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၂၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင်လည်း ရခိုင်ပြည်နယ် ဆားထုတ်လုပ်သူတောင်သူများ ပါဝင်ဖွဲ့စည်းထားသော တက်နေဝန်းဆားတောင်သူများအသင်းကို ငွေကျပ် ၃၂၉ သိန်း ထုတ်ချေးပေးခဲ့သည့်အပြင် ဆားတောင်သူများကို နေလှန်းဆားကြမ်းထွက်ရှိမှုအပေါ် မူတည်၍ တစ်ပိဿာငါးကျပ်နှုန်းဖြင့် ရခိုင်ပြည်နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ငွေကျပ်သိန်း ၅၀၀ ကို ထပ်မံထုတ်ချေးပေးခဲ့ကြောင်းလည်း သိရသည်။

ရခိုင်ပြည်နယ်၌ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် ဆားထုတ်လုပ်မှုဧက ၁၂၈၇ ဧကလုပ်ကိုင်ခဲ့ပြီး ဆားကြမ်းတန် ၄၇၂၇၀ ကို ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။ ရခိုင်ပြည်နယ်၏ ဆားထွက်နှုန်းမှာ တစ်ဧက ဆား ၁၀ တန်မှ တန် ၂၀ ခန့်ရှိကြောင်းဖြင့်လည်း သိရသည်။ လူတစ်ဦး ဆားစားသုံးမှုမှာ တစ်နှစ်အတွက် ၁ဒသမ ၉ပိဿာခန့်ရှိပြီး လက်ရှိရခိုင်ပြည်နယ်လူဦးရေ သိန်း ၃၀အတွက် တစ်နှစ်စားသုံးရန် ဆားလိုအပ်ချက်မှာ တန်ချိန် ၁၀၀၀၀ ခန့်သာရှိရာ နှစ်စဉ်ဆားတန်ချိန် ၃၀၀၀၀မှ ၄၀၀၀၀အထိ ပိုလျှံကြောင်းလည်း သိရသည်။

ရခိုင်ပြည်နယ်၏ ဆားဈေးကွက်မှာ နိုင်ငံခြားငွေရှာဖွေပေးနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဆားကောင်း၊ ဆားသန့်များ ထုတ်လုပ်နိုင်မည်ဖြစ်ကာ ပြည်ပ ဈေးကွက်နှင့် ပြည်တွင်းစားသုံးမှုအတွက်ပါ တိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း ဆားထုတ်လုပ်သူ တောင်သူများက မျှော်လင့်အားထားနေကြသည်။

**ပြည်တွင်းသတင်းနှင့် ဆောင်းပါး**

## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆုချီးမြှင့်

**ရမည်းသင်း အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပညာရေးဌာနက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်နှင့် သက်ကြီးပူဇော်ပွဲဆောင်းပါးဆုရသူများ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီခွဲက ရမည်းသင်းမြို့ မိုးကုတ်ခမ္မာရုံတွင် ကျင်းပသည်။

အစီအစဉ်အရ ဆရာ ဆရာမများက မြတ်ဆရာသီချင်းဖြင့် သီဆိုဖွင့်လှစ်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြတ်အောင်က ကုလသမဂ္ဂအဖွဲ့ လက်အောက်ခံ အဖွဲ့ခေါင်းဆောင်မှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် မြတ်ဆရာပူဇော်ပွဲနာယကကြီး ဦးစိန်မောင်၊ မြို့နယ်ပညာရေးမှူး(ငြိမ်း)က ကမ္ဘာ့ဆရာများနေ့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြတ်ဆရာခေါင်းစဉ်ပါ ဆရာ ဆရာမများဆောင်းပါးပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုချီးမြှင့်ရာ ပထမ ဒေါ်အေးအေးဝင်း၊ အလယ်တန်းပြ၊ မြို့မအထက၊ ဒုတိယ ဒေါ်တင်သီတာ၊ အလယ်တန်းပြ၊ မြို့မအထက၊ တတိယဒေါ်လှလှစန်း၊ အလယ်တန်းပြ၊ အထက(၁)တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ နှစ်သိမ့်ဆုနှစ်ဦးနှင့် အကဲဖြတ်သုံးဦးကို ဒုတိယခရိုင်ပညာရေးမှူးက ဂုဏ်ပြုလက်ဆောင်နှင့် ငွေများပေးအပ်ချီးမြှင့်သည်။

ထို့ပြင် အသက် ၇၀ ကျော် အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၀၀ ကို ဂါရဝပစ္စည်းနှင့် ငွေများဖြင့် ကန်တော့ကြသည်။ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီးဦးစိန်မောင်က ဆုများပေးအပ်ချီးမြှင့်ပြီးနောက် ဆရာ ဆရာမများက အသီးတစ်ရာအညွှာတစ်ခုသီချင်းဖြင့် ဂုဏ်ပြုသီဆိုခဲ့ကြောင်း သိရသည်။ (၀၁၁)

## ဘီးပေါက်သောယာဉ် လမ်းဘေးထိုးကျ

**နေပြည်တော် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ်(၁၅၅/၁-၂)ကြားတွင် အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ဇေယျာအောင်ရပ်ကွက်နေ မျိုးနိုင်(၃၇ နှစ်) မောင်းနှင်လာသော BB/---- ကရီနာ အဖြူရောင်ယာဉ်သည် ဝဲဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းယာ ဘက်မြေသားလမ်းပေါ်သို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိမ်းမှောက်မှုကြောင့် မျိုးနိုင်နှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် သာကေတမြို့နယ်(၁၂)ရပ်ကွက်နေ ဆန်းလင်း(၂၈ နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် တောင်ငူဆေးရုံသို့ တင်ပို့ကုသခဲ့ပြီး မျိုးနိုင်ကို ဗောဓိကုန်းအမြန်လမ်းရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**၂၀၁၄ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၃၉/၄၂**

ဒေါ်ထားထားကြည် နှင့် ဦးဘိုအေးချို
ဒေါ်ရီရီထွေး (၄င်းကိုယ်တိုင်နှင့် အယူခံတရားပြိုင် ၂ မှ ၆ တို့၏ ကိုယ်စားလှယ်စာရသူ) ပါ-၉

**အယူခံတရားလိုများ** **အယူခံတရားပြိုင်များ**

(၇) ဦးကျော်စိန် အမှတ်၅/၇၊ ဗိုလ်တထောင်လမ်းသွယ်(၁)လမ်း၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ (၈) ဦးဘိုရွှေဥ အမှတ် ၅/၇၊ ဗိုလ်တထောင်လမ်းသွယ်(၁)လမ်း၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့(ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) အယူခံ တရားပြိုင်များသိစေရမည်။

အယူခံတရားလိုက မိမိအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၃ ခုနှစ် တရားမအယူခံမှုအမှတ် ၃၁၃ တွင် ချမှတ်လိုက်သော ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအပေါ်၌ အထူးအယူခံဝင်ရောက်ခွင့်ကို တရားစီရင်ရေးဥပဒေပုဒ်မ ၁၉ အရ ပေးပါမည့်အကြောင်း အထက်အမည်ဖော်ပြပါ အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက တင်သွင်း၍ အထူးအယူခံဝင်ခွင့်ပြုပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအထူးအယူခံမှုနှင့်စပ်လျဉ်း၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ကိုယ်စား သင်တို့၏ တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင်တို့အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားမဌာန လက်ထောက်ညွှန်ကြားရေးမှူးထံ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ရုံးကချိန်းဆိုပြီးဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

**အမိန့်အရ-**

**(နန်းမေယဉ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**



**ကန့်ကွက်နိုင်ပါကြောင်း**

ရွှေဘိုမြို့၊ အမှတ်(၆)ရပ်ကွက်၊ သခွတ္တောရပ်ကွက်နေ ကျွန်တော် ဦးမြင့်ဌေး ၅/ရဘန(နိုင်)၀၂၇၈၈၃သည် မူလပိုင်ရှင် ဦးသိန်းထံမှ လွန်ခဲ့သောနှစ်(၂၀)ကပင် ဝယ်ယူနေထိုင်ခဲ့ပါသည်။ ရွှေဘိုမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ် ၁၇၊ သခွတ္တောရပ်၊ ဦးပိုင်အမှတ် ၂၀၂/ဃ တစ်ပိုင်း၊ ၂၀၃/ဇတစ်ပိုင်း၊ ဧရိယာ ၀ ဒသမ ၀၆၉ဧကရှိ ဘိုးဘပိုင်မြေကွက်သည် ကျွန်တော် ဦးမြင့်ဌေးကိုယ်တိုင် နေထိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်ဦးမြင့်ဌေးအား အမည်ပြောင်းမပေးသင့်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၃၀-၁၀-၂၀၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

**ဦးမြင့်ဌေး**
**သခွတ္တောရပ်၊ အမှတ်(၆)ရပ်ကွက်၊ ရွှေဘိုမြို့**



**ဒေါ်ကျင်ငွေ(ခ)ဒေါ်ကျင်မွေး ၁၂/ဆကခ(နိုင်)၀၀၃၄၇၀**
**သိသာရန်**

ဒေါ်ကျင်ငွေသည် ဦးကျော်နောင်ထံ၌ စုငွေပေးသွင်းရန် တာဝန်ရှိငွေ ၁၀၂၆၀၀၀၀ိ/-ကို ပေးသွင်းခြင်းမပြုပါ။ ဆက်သွယ်၍လည်းမရပါ။ ဤသတင်းစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပေးအပ်ရန်ငွေများကို လာရောက်ပေးအပ်ခြင်းမပြုပါက ဒေါ်ကျင်ငွေ၏ ဝန်ခံတင်ပြထားသည့်အတိုင်း ဥပဒေနှင့်အညီ စီစဉ်ဆောင်ရွက်ပေးရန် ဦးကျော်နောင်မှ လွှဲအပ်တာဝန်ပေး အပ်ထားပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်နောင်** **ဦးမြသွေး (ဥပဒေအကျိုးဆောင်ရှေ့နေ)**
**၁၂/ဆကခ(နိုင်)၀၀၃၄၅၁** **အမှတ် ၅၈၊ တတိယထပ်၊ အခန်း ၃၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**



**ကန့်ကွက်နိုင်ပါကြောင်း**

ပြင်ဦးလွင်မြို့၊ ရေငယ်ရွာ၊ ရပ်ကွက်ကြီး (၁၁)၊ ကွင်းအမှတ် ၆၈၀၊ ရေငယ်အနောက် ဦးပိုင်အမှတ် N/84 ယာမြေပေါ်ရှိ N/84c နှင့် N/84e ခြံမြေနှစ်ကွက်အပါအဝင် ထိုမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သော ဒေါ်ပိုးနှင်းပွင့်အောင် ၉/ပမန(နိုင်)၁၅၈၁၉၇နှင့် ဒေါ်စုစန္ဒီအောင် ၉/ပမန(နိုင်)၁၈၇၉၈၆တို့ထံမှ ဦးဇော်မိုးဝင်း ၅/ခဥတ(နိုင်)၀၅၃၀၀၉ မှ ပြန်လည်ဝယ်ယူမည်ဖြစ်ရာ စရန်ငွေပေးချေပြီးဖြစ်၍ ကျန်ငွေအား ၁၀ လပိုင်း ၂၀၁၄ လဆန်းပိုင်းတွင် အပြီးသတ်ငွေချေမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများနှင့် အတူ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်မိုးဝင်း ၅/ခဥတ(နိုင်)၀၅၃၀၀၉**
**၈၁ မိုင်လမ်းသွယ်၊ မြို့ဝင်ရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း-၀၉-၅၁၇၃၃၉၁**



**ကန့်ကွက်နိုင်ပါကြောင်း**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိမိခိုင် ၁၂/တမန(နိုင်)၀၂၈၄၈၀သည် တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် ၃၅၊ မြေညီထပ်(ခြေရင်းခန်း) ဟုခေါ်တွင်သော (၁၂½×၅၅)ပေအကျယ်ရှိသည့် တိုက်ခန်းနှင့် အကျိုးခံစားစီမံခန့်ခွဲပိုင်ခွင့်များကို ပိုင်ရှင်ဆိုသူ ဦးမင်းသူ ၁၂/တမန(နိုင်)၀၈၉၆၁၁ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပြီးဖြစ်ပါ၍ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း သက်သေခိုင်လုံစွာဖြင့် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရတနာခိုင်ဖြူမြင့် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၂၈၃၂၆)**
**အမှတ် ၁၈၊ စိတ္တသုခလမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၇၃၀၉၆၁၈၀၊ ၀၉-၃၁၆၃၅၉၂၄**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မြောက်ယမားချောင်းကူး ကျေးရွာချင်းဆက်တံတားသစ်တည်ဆောက်

**ယင်းမာပင် အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ဇီးတော-အေးကုန်း ကျေးရွာချင်းဆက် မြောက်ယမားချောင်းကူး သံကူကွန်ကရစ်တံတားသစ်ကို ဒေသခံဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး ဇီးတောကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆောင်ကာ စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ တံတားတည်ဆောက်ရေးအတွက် တံတားတည်ဆောက်ရေးကော်မတီကို ၂၀၁၃ ခုနှစ် အောက်တိုဘာလမှ စတင်ဖွဲ့စည်းကာ ကျေးရွာကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ငွေကျပ်သိန်း ၃၀ နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ဘိလပ်မြေအိတ် ၅၀ ဖြင့် မတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီတံတားကိုတည်ဆောက်ရခြင်းက ယင်းမာပင်မြို့နယ်အတွင်းမှာရှိတဲ့ အရှေ့ခြမ်းကျေးရွာတွေနဲ့ အနောက်ခြမ်းကျေးရွာတွေမှာနေထိုင်ကြတဲ့ ဒေသခံတွေရဲ့ ဒေသသီးနှံထွက်ကုန်တွေကို အချိန်တိုအတွင်း အခက်အခဲမရှိ လွယ်ကူလျင်မြန်စွာ သွားလာရောင်းဝယ်နိုင်ဖို့နဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးတွေ တိုးတက်ဖို့ရည်ရွယ်ပြီး အခိုင်အမာတံတားကို ဦးစားပေးတည်ဆောက်ရခြင်းဖြစ်ပါတယ်။ တံတားအရှည်ပေ ၆၄၀၊ အမြင့် ၁၅ ပေ၊ အကျယ်ကိုးပေခန့်၊ သစ်သားခင်း၊ သံကူကွန်ကရစ်တိုင်ကြီးများ၊ သံပေါင်ကြီးများနဲ့ အခိုင်အမာတည်ဆောက်မှာဖြစ်ပါတယ်။ ကားငယ်၊ ဆိုင်ကယ်၊ စက်ဘီး၊ လှည်းတွေ ရာသီမရွေး သွားလာနိုင်မယ့် တံတားဖြစ်ပါတယ်။

ယနေ့အချိန်အထိ သံကူကွန်ကရစ်တိုင်ခြောက်စုံကို ကိုယ့်အားကိုယ်ကိုးဖြင့် တည်ဆောက်ပြီးစီးနေပါပြီ။ စုစုပေါင်းကုန်ကျငွေကတော့ ငွေကျပ် ၆၅ သိန်း ကုန်ကျပြီးဖြစ်ပါတယ်။ နည်းပညာကိုလည်း မြို့နယ်ဆောက်လုပ်ရေးနဲ့ စည်ပင်တို့မှ တာဝန်ရှိသူတွေက ကူညီပေးပြီး ရွာသူ ရွာသားတွေကပဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ခဲ့ကြပါတယ်"ဟု ကျေးရွာချင်းဆက်တံတား တည်ဆောက်ရေးကော်မတီမှ တာဝန်ရှိသူ ဦးဝင်းစိန်က ပြောကြားသည်။

ဆက်လက်ပြီး ဆရာတော်ကြီးများနှင့်ဒေသခံများထံမှ ထပ်မံထည့်ဝင်လှူဒါန်းငွေများဖြင့်မတည်ကာ ဒုတိယအကြိမ်အဖြစ် ကျန်ရှိသည့် သံကူကွန်ကရစ်တိုင် ကိုးစုံကို လာမည့်နတ်တော်၊ ပြာသို၊ တပို့တွဲလများအတွင်း တည်ဆောက်မည် ဖြစ်ကြောင်း သိရသည်။

ယခင်က နှစ်စဉ်တည်ဆောက်ခဲ့သည့် ယာယီသစ်သားတံတားများသည် မိုးရာသီရေကြီးချိန်တွင် မျောပါပျက်စီးသွားသည့်အတွက် အခက်အခဲများ ကြုံတွေ့ခဲ့ရသည့်အပြင် ယမားချောင်းကိုဖြတ်၍ ကျောင်းတက်သော အလယ်တန်းကျောင်းသားတစ်ဦး ရေမျောသေဆုံးမှုပါ ဖြစ်ခဲ့ဖူးကြောင်း သိရသည်။

"အခုတံတား ပြီးသွားရင်တော့ ကျောင်းသား ကျောင်းသူလေးတွေလည်းရင်ပေါင်တိုင်ကျေးရွာ အထက်တန်းကျောင်းကို ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်မှာဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးကြည်ဆွေက ပြောသည်။

ဇီးတောကျေးရွာသည် ယင်းမာပင်မြို့နယ်မှ ခြောက်မိုင်ခန့်ကွာဝေးပြီး ယင်းမာပင်-ဇီးတော-အမေရေယာဉ်လမ်း ပတ်ဝန်းကျင်မှ ပြည်သူများနှင့် အေးကုန်း-ရင်ပေါင်တိုင်-အလောင်းတော်ကဿပလမ်း ဇီးတော-အေးကုန်းကျေးရွာချင်းဆက် သံကူကွန်ကရစ်တံတားသည် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ အဓိကအားထားရသည့်တံတား ဖြစ်လာမည်ဖြစ်သည်။

တံတားတည်ဆောက်မှုအတွက် ငွေကြေးလိုအပ်ချက်များ ရှိနေပြီး အမြန်ပြီးစီးနိုင်ရန်အတွက် ရပ်ဝေးရပ်နီးမှ စေတနာရှင်များအနေဖြင့် ထည့်ဝင်လှူဒါန်းလိုပါက ဇီးတောကျေးရွာ ဆရာတော် ဦးနန္ဒိယ ဖုန်း- ၀၉-၄၄၂၀၇၄၄၃၃၊ တံတားတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန် ဖုန်း- ၀၉-၂၅၆၆၂၅၆၀၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ကမ္ဘာ့ဆရာများနေ့အခမ်းအနား ကျိုင်းတုံမြို့တွင် ကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို အောက်တိုဘာ ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက အမှာစကားပြောကြားပြီး ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ ပေးပို့သည့် UNESCO,UNICEF,UNDP,ILOနှင့် Education International အဖွဲ့အကြီးအကဲတို့၏ စုပေါင်းသဝဏ်လွှာကို ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး(ရုံးခွဲ)ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ငွေးက ဖတ်ကြားသည်။

ဆက်လက်ပြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာပြိုင်ပွဲဆုရရှိသူများကို ဆုများချီးမြှင့်ပေးခဲ့သည်။ ထို့နောက် ကန်တော့ခံ ဆရာဆရာမကြီးများအား ကန်တော့ကြကာ ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ ထို့နောက် အထက(၁) ကျောင်းမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဦး၊ ကျိုင်းတုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဒေါ်မေရီသိန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မြအေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကန်တော့ခံဆရာ ဆရာမကြီးများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**




# ပျက်စီးနေသော ပြင်ဦးလွင်လမ်းမကြီးများကို ပြန်လည်ပြုပြင်လျက်ရှိ

**ပြင်ဦးလွင် အောက်တိုဘာ ၈**

စက်တင်ဘာလအတွင်းက ပြင်ဦးလွင်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လမ်းများပေါ်တွင် ရေလွှမ်းကာ လမ်းများပျက်စီးခဲ့ပြီး ယခုအခါ ပြုပြင်မှုများ ပြန်လည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လမ်းများပျက်စီးနေမှုကြောင့် ပြည်သူများခရီးသွားလာရေးတွင် ကြန့်ကြာခက်ခဲမှုများရှိနေခြင်းကြောင့် မြို့နယ်စည်ပင်သာယာက ဦးစီးပြီး လမ်းများကို ပြန်လည်ပြုပြင်နေခြင်း ဖြစ်သည်။ အမျိုးသားကန်တော်ကြီးသို့သွားသော မြို့ပတ်လမ်းပေါ်ရှိ ပျက်စီးနေသောလမ်းမကြီးကို ယခင်လမ်းမထက် ပိုမိုကောင်းမွန်စေပြီး မိုးရေများ မတင်ကျန်စေရန် စနစ်တကျ ဆောင်ရွက်ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့တွင် စက်တင်ဘာလအတွင်း မိုးရေချိန် ၆ ဒသမ ၈၉ လက်မအထိရှိခဲ့ပြီး မိုးများစဉ်ဆက်မပြတ် ရွာသွန်းမှုကြောင့် လူနေအိမ်များ၊ လမ်းများပေါ်တွင် မိုးရေများဖုံးလွှမ်းခဲ့သည်။ မိုးရွာသွန်းမှုရပ်တန့်ပြီးနောက်တွင် မိုးရေများခြောက်ခန်းသွားသော်လည်း အနိမ့်ပိုင်းသို့ကျရောက်နေသောနေရာများမှ ကတ္တရာလမ်းကြီးများတွင် ချိုင့်ခွက်ကြီးများ ဆက်လက်ကျန်ခဲ့ကာ ရှောင်တိမ်းသွားလာနေရသဖြင့် လမ်းပိတ်ဆို့မှု၊ အချိန်ကြန့်ကြာမှုများဖြစ်လျက်ရှိကြောင်း မြို့ခံများ၏ပြောကြားချက်အရ သိရသည်။ (၄၃၂)

**စက်မှုဝန်ကြီးဌာန**
**ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ ဒိုင်းမွန်းအချိုရည်နှင့်ရေခဲစက်ရုံနှင့် အမှတ် (၂) ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)တို့မှ အသုံးမလိုပိုလျှံစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်**-၉-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်**-၂၄-၁၀-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆**

**အများသိရှိစေရန်ကြေညာခြင်း**

မော်တော်ယာဉ်နံပါတ် 6F/5806 တိုယိုတာဗစ်ကားကို ဦးဝေယံမိုး ၅/ကလတ(နိုင်) ၀၅၃၂၆၉ က ၂၀၁၃ခုနှစ်ကပင် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ခဲ့ပါသည်။ ဝယ်ယူစဉ်၌ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်တို့မှာ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနသို့ လျှောက်ထားဆဲဖြစ်၍ ဝယ်ယူသူအား လက်ရောက်တစ်ပါတည်း မလွှဲအပ်ခဲ့ပါ။ သို့သော် ယခုအခါ အခြားသူတစ်ဦးတစ်ယောက်က သက်ဆိုင်ရာဌာနမှ အထက်ဖော်ပြပါ မော်တော်ယာဉ်၏မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်တို့ကို ထုတ်ယူသွားကြောင်း စုံစမ်းသိရှိရသည်။ သို့ပါ၍ အထက်ဖော်ပြပါ ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံခက်မှတ်များ လက်ဝယ်ရှိသူအနေဖြင့် ခုနစ်ရက်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်က ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝေယံမိုး**
**ဖုန်း-၀၉-၂၀၁၀၇၆၉၊ ၀၉-၄၀၂၅၈၉၈၃၅၊ ၀၂-၃၄၇၆၉**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် Decentralized Wastewater Treatment Solution(DEWATS) Project မှ ရေဆိုးသန့်စင်စနစ်ပါရှိသော ခေတ်မီသန့်စင်ခန်းများအား ဆောက်လုပ်ရန်ရှိကြောင်း MMIC Co., Ltd. မှ စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များ အကြောင်းကြားအပ်ပါသည်။

Project ၏ အမြင့်ဆုံးခန့်မှန်းတန်ဖိုးမှာ မြန်မာငွေကျပ် သိန်း ၉၈၅၀၅၅၇·၆၈ (ကိုးဆယ့်ရှစ်သိန်းငါးသောင်းငါးရာငါးဆယ့်ခုနစ်ဒသမခြောက်ရှစ်ကျပ်)ဖြစ်ပါသည်။

သို့ပါ၍ စိတ်ပါဝင်စားပြီး အရည်အချင်းနှင့်အတွေ့အကြုံရှိသော ပြည်တွင်းလုပ်ငန်းရှင်များသည် မိမိတို့ကုမ္ပဏီ၏ အသေးစိတ်အချက်အလက်များနှင့် Profile ကို အင်္ဂလိပ်လိုရေးသား၍ MMIC Co., Ltd. ၏ဖော်ပြပါလိပ်စာသို့ ၂၀-၁၀-၂၀၁၄ရက် ညနေ ၅ နာရီထက်နောက်မကျစေဘဲ ပေးပို့ပေးပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

Shortlist ဖြစ်သော ကုမ္ပဏီများကို ဆက်လက်လုပ်ဆောင်မည့် တင်ဒါလုပ်ငန်းစဉ်အတွက် ထပ်မံ၍ ဖိတ်ခေါ်သွားပါမည်။

MMIC Company Limited.၊ အခန်းအမှတ်(၄၀၁-A~B)၊ လေးလွှာ၊ လပြည့်ဝန်းပလာဇာ၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၁၂၂၃၂၂၁၊ mail:mmicltd.com.mm

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မြင်းမူမြို့(ထခွဲ)၊ တက္ကသိုလ်ဝင်တန်း (A)မှ မောင်အောင်ကိုသက်၏ ဖခင် အမည်မှန်မှာ ဦးစိုးမင်း(ခ)ဦးစိန်လင်း ၅/မမတ(နိုင်)၀၅၄၆၁၈ ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မြင်းမူမြို့(ထခွဲ)၊ တက္ကသိုလ်ဝင်တန်း (B)မှ မမေသက်မွန်၏ ဖခင် ဦးဇော်နှင့် ဦးသိန်းဇော်မြင့် ၅/မမတ(နိုင်)၀၅၁၀၆၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မြင်းမူမြို့(ထခွဲ)၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်မျိုးမင်းသက်၏ ဖခင် ဦးမျိုးဇော်ဦးနှင့် ဦးဇော်ဦး ၅/မမတ(နိုင်)၀၄၆၆၄၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဌာနခွဲများတွင် အသုံးပြုရန်အတွက်လိုအပ်သော ရုံးသုံးမော်တော်ယာဉ်များ(Double Cab, City Bus, Mico Bus, Light Truck, မော်တော်ဆိုင်ကယ်များ၊ ထရန်စဖော်မာများ၊ Generator, Tractor(60HP), Tractor(75 HP), မိတ္တူကူးစက်များ၊ မျိုးစေ့အခြောက်ခံစက်၊ ခြွေလှေ့စက်၊ မျိုးစေ့သန့်စင်စက်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်၊အချိန်** - ၂၀-၁၀-၂၀၁၄ ရက်၊ ၁၁း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင်ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၉၇**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၀ယ/၇၁၄၄၀ Kenbo 110, M/C လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ထွန်း ၈/ပခက(နိုင်)၁၉၅၇၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၀ယ/၅၁၅၀၀ Kenbo 125, M/C လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၈/မမန(နိုင်)၀၂၀၆၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

**ပြည်တွင်းသတင်းနှင့်ဆောင်းပါး**

# သုံးခွမြို့နယ်ရှိကျေးရွာများတွင် ဆိုလာပြားများဖြင့် မီးအလင်းရောင်ရရှိတော့မည်

**သုံးခွ အောက်တိုဘာ ၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ကျေးလက်ဒေသမီးလင်းရေးအတွက် ဘုရားကြီးကျေးရွာတွင် အိမ်ခြေ ၂၆၀၊ အဇန်းကျေးရွာတွင် အိမ်ခြေ ၄၀၊ မကျီးပေါက်ကန်ကျေးရွာတွင် ၂၉၁ အိမ်၊ တူးမြောင်းကျေးရွာတွင် အိမ်ခြေ ၁၈၆ အိမ်၊ ဘန့်ဘွေးကျေးရွာတွင် အိမ်ခြေ ၂၁၀ တို့တွင် ဆိုလာပြားများ တပ်ဆင်ပြီးစီး၍ လျှပ်စစ်မီးများရရှိနေပြီဖြစ်ကြောင်း သိရသည်။

ဥယျာဉ်တော၊ ရှမ်းစု၊ မင်းရွာကျေးရွာများတွင်လည်း ဆက်လက်တပ်ဆင်လျက်ရှိကြောင်း သိရသည်။

၎င်းဆိုလာပြားများကို (Full Jewel )ကုမ္ပဏီမှ တာဝန်ယူတပ်ဆင်ပေးကြောင်း သိရသည်။ အိမ်တစ်အိမ်လျှင် (၂×၅)ပေ၊ ဝပ် ၁၀၀ ဆိုလာပြား တစ်ချပ်၊၁၂ ဗို့ ၆၅ ဝပ် ဘက်ထရီ တစ်လုံး၊ ချာချင်ကွန်ထရိုလာ (ထိန်းချုပ်ကိရိယာ)တစ်ခု၊ ၃၀၀ ဝပ် အင်ဗာတာ တစ်လုံး၊ အယ်အီးဒီမီးလုံး နှစ်လုံး၊ မီးချောင်းတစ်ချောင်း၊ မီးကြိုး၊ မီးခေါင်း၊ မီးခလုတ်များရရှိမည်ဟု သိရသည်။

သုံးခွမြို့နယ်အတွင်းရှိ လျှပ်စစ်မီးရရှိရန်ခက်ခဲသည့် ကျေးရွာများတွင် နေရောင်ခြည်သုံး ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိသဖြင့် ကျေးလက်ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ကြောင်းသိရသည်။

**ကိုကျော်(သုံးခွ)**



# သက်ကြီးပူဇော်ပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

**ကျွန်းလှ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ အသက် ၈၀ နှစ်အထက် သက်ကြီးဘိုးဘွားများအား ဒုတိယအကြိမ်ပူဇော်ကန်တော့ပွဲနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို ပျဉ်းမမြိုင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၆ ရက်က ကျင်းပသည်။

ပူဇော်ကန်တော့ပွဲတွင် အဘိုးအဘွား ၇၀ အား ကန်တော့ကြပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်း၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆန်းရှောင်နှင့် အထောက်အကူပြုကော်မတီ၊ ရပ်မိရပ်ဖများက အလှူငွေကျပ် ၁၀၀၀၀ စီနှင့် ဆေးဝါးလှူဖွယ်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဒေါက်တာအောင်ဇော်ထက်နှင့်အဖွဲ့က အဘိုးအဘွားများအား ကျန်းမာရေးစစ်ဆေးပေးပြီး အားဆေးများ အခမဲ့ပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ပူတာအို၌ ကျင်းပ

**ပူတာအို အောက်တိုဘာ ၈**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက်က ပူတာအိုမြို့ အထက အောင်ဆန်းခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ခရိုင်ပညာရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးကိုယ်စား အထက ဒုတ္တန်-ကျောင်းအုပ်ဆရာကြီး ဦးအောင်သန်းက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ ၂၀၁၃-၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ စကားရည်လု၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် အငြိမ်းစားသက်ကြီးအာစရိယဆရာကြီး ဆရာမကြီးများကို ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။

**ဖုန်ကန် (iprd)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

**မြစ်ကြီးနား အောက်တိုဘာ ၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ သောက်သုံးရေရရှိရေးနှင့်ကျေးလက်ဒေသမီးလင်းရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်တွင်း၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်မည့် ဖစ်ချောင်းနှင့် ဖန်ချောင်းတို့တွင် သံမဏိကြိုးတံတားတည်ဆောက်ခြင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် သောက်ရေသန့်ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ထန်ထုကျေးရွာတွင် စက်ရေတွင်း သုံးတွင်း၊ ကဆန်ဘူးကျေးရွာတွင် နှစ်တွင်း၊ နမ်ပန်ဒမ်းကျေးရွာတွင် နှစ်တွင်း၊ ကွမ်လင်းကျေးရွာတွင် နှစ်တွင်းတူးဖော်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုများကို နောင်မွန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင်နှင့် နောင်မွန်းအုပ်စု အုပ်ချုပ်ရေးမှူးတို့က အောက်တိုဘာ ၂ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

နောင်မွန်းမြို့နယ်သည် ဝေးလံခေါင်းပါးသည့်ဒေသဖြစ်ရာ ယခုကဲ့သို့ ပြည်နယ်အစိုးရအဖွဲ့မှကြီးကြပ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာချင်းဆက်လမ်း၊ တံတားနှင့် ကျေးလက်မီးလင်းရေး၊ သောက်ရေသန့်ရရှိရေးတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးသဖြင့် ဒေသခံများအတွက် များစွာအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# နမ့်ခမ်းမြို့နယ် ဓမ္မစကူးလ်ကျောင်းများသို့ တက်ရောက်သူများပြား

**နမ့်ခမ်း အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ရှိ ဓမ္မစကူးလ်ကျောင်းများသို့ မြို့ပေါ်မှရော၊ ကျေးရွာများမှပါ ကျောင်းသား ကျောင်းသူ ကလေးငယ်များပါ အများအပြားတက်ရောက်သင်ကြားလျက်ရှိနေကြောင်း သိရသည်။

နမ့်ခမ်းမြို့နယ် ဓမ္မစကူးလ်ကို မေ ၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မြို့ပေါ်ရှိ ပညာရာမကျောင်းတိုက်၊ ဇေယျသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ယောသိတာရုံကျောင်းများနှင့် မြို့နယ်အတွင်းကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများတွင်လည်း အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ မြို့နယ်အတွင်းမှ အခြေခံပညာ ဒုတိယတန်းနှင့် အထက်ကျောင်းသား ကျောင်းသူများအား ဗုဒ္ဓဘာသာဆိုင်ရာများကို ပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းများအတိုင်း အခြေခံအဆင့်မှ စတင်သင်ကြားပေးလျက်ရှိကာ မူလတန်းအဆင့် အောင်မြင်ပြီးပါက အလယ်တန်း၊ အထက်တန်းအဆင့်များကိုပါ အဆင့်ဆင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဓမ္မစကူးလ်ကျောင်းများတွင် သံဃာတော်များသာမက ဆရာ ဆရာမများကလည်း စေတနာ့ဝန်ထမ်းအဖြစ်ပါဝင် သင်ကြားပေးလျက်ရှိကြကြောင်း သိရသည်။

နမ့်ခမ်းမြို့သည် တရုတ်နိုင်ငံနှင့် နယ်မြေထိဆက်မှု များပြားသော နယ်စပ်မြို့ဖြစ်ရာ ဒေသခံတိုင်းရင်းသား လူငယ်များအနေဖြင့် ပြည်ပ၏ ဓလေ့စရိုက်နှင့် ဝတ်စားဆင်ယင်နေထိုင်မှုများ၊ ယဉ်ကျေးမှုများကြားတွင် မိမိတို့၏ ဘာသာသာသနာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ လူငယ်များလိမ္မာယဉ်ကျေးမှုရှိစေရန်နှင့် အကျင့်စာရိတ္တမြင့်မား ကောင်းမွန်စေရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း မြို့နယ် ဓမ္မစကူးလ်ကျောင်း၏ ဒုတိယဥက္ကဋ္ဌ ဇေယျသုခဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာတော်က မြွက်ကြားသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**





## ဖြူးမိသားစု၏ အငှမအကြိမ်မြောက်ဓမ္မသဘင်

၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ရက်၊ ၉-၁၀-၂၀၁၄ ရက် (ကြာသပတေးနေ့) ည ၇ နာရီ၌ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဇမ္ဗူသီရိဗိမာန်တော် (တံတားလေးလမ်းဝ နဝဒေးရပ်ရှင်ရုံအနီး)တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်

**ဒေါက်တာအရှင်နန္ဒမာလာဘိဝံသမှ**

နိဗ္ဗာန်ရောက်ကြောင်း တရားရေအေးတိုက်ကျွေးမည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

## လက်ထပ်ပြီးစီးခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ ဦးအောင်ဇံဝေ-ဒေါ်မနှင်းအေးတို့၏သားငယ်

**မောင်ကျော်ဆန်းဝင်း Zoology B.S.C (ခေတ္တ Bahrain)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးတင်မောင်ဝင်း-ဒေါ်စန်းစန်းမိုးတို့၏သမီးကြီး

**မနှင်းသီရိခိုင် (ခေတ္တ Bahrain)**

တို့သည် နှစ်ဖက်မိဘများ၏ ခွင့်ပြုချက်ဖြင့် Bahrain နိုင်ငံတွင် ၂၅-၉-၂၀၁၄ ရက်၌ နှစ်ဦးသဘောတူ လက်ထပ်မင်္ဂလာပွဲကျင်းပပြီးစီးပါကြောင်း ဂုဏ်သရေရှိ လူကြီးမင်းတို့အား လေးစားစွာ အသိပေးအပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်ဆန်းဝင်း-မနှင်းသီရိခိုင်**

## စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ၁၉၇၇ခုနှစ် (မတ်လနှင့်နိုဝင်ဘာလ)ဘွဲ့ရသူငယ်ချင်းများ တွေ့ဆုံမိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀)မြောက် ရွှေရတုပွဲ ၃၁-၁၀-၂၀၁၄မှ ၂-၁၁-၂၀၁၄ကို တက်ရောက်ဆင်နွှဲရင်းတို့သူငယ်ချင်းတွေ အမိတက္ကသိုလ်ရင်ခွင်မှာ ပြန်ဆုံကြပါဦးစို့။

တို့သူငယ်ချင်းတွေ့ရဲ့ သာရေး၊ နာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများအတွက် ကူညီဖေးမနွေးထွေးတိုင်ပင် ရင်းနှီးမှုများရရှိစေရန် သီးခြားတွေ့ဆုံပွဲလေးလည်း စီစဉ်ထားတယ်။

**နေ့ရက်** - ၁-၁၁-၂၀၁၄ရက် (စနေနေ့)
**အချိန်** - နံနက် ၈း၀၀ နာရီမှ နံနက် ၁၁ နာရီအထိ
**နေရာ** - ROYAL GARDEN RESTAURANT နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်ဝင်ပေါက်၊ ဗဟန်းမြို့နယ်။

**ဖခင် အမည်မှန်**

လားရှိုးမြို့နယ် အထက(၉)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်မျိုးဇော်သန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးညွန့်ဝင်း ၉/မလန(နိုင်) ၁၀၄၈၂၀ ဖြစ်ပါသည်။

## စိန်အန်ထော်နီ အထက(၄)မင်္ဂလာတောင်ညွန့် (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၏ (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၆ ရက် (တနင်္ဂနွေနေ့) (အမျိုးသားနေ့)တွင် ကျင်းပမည်ဖြစ်သည်။ မြတ်ဆရာပူဇော်ပွဲကို နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ မင်္ဂလာသီရိခန်းမတွင် ကျင်းပမည်ဖြစ်၍ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ပါရန်နှင့် အလှူငွေများထည့်ဝင်လိုပါက ကျောင်းအုပ်ဆရာကြီး ဖုန်း-၀၁-၃၇၅၈၈၄၊ ဆရာဦးစိန်ဝင်း ဖုန်း-၀၉-၇၃၀၃၀၀၀၅၊ ဦးအောင်ကျော်ဟန် ဖုန်း-၀၉-၂၅၀၂၈၂၆၀၄၊ ဦးသက်မင်း ဖုန်း-၀၉-၅၀၇၀၂၉၈၊ ဦးတင်အောင်လင်း ဖုန်း-၀၉-၄၃၁၂၄၆၆၄၊ ဦးစိုးဝင်း ဖုန်း-၀၉-၇၃၁၀၃၃၈၂၊ ဦးလှမြင့် ဖုန်း-၀၉-၅၅၀၁၅၈၈၊ ဦးဇေဗီးယား ဖုန်း-၀၉-၃၁၀၄၀၉၂၆၊ ဦးလှသိန်း ဖုန်း-၀၉-၇၃၁၂၃၇၀၆၊ ဆရာဦးမြကြူ ဖုန်း-၀၉-၄၂၀၀၇၇၇၆၅၊ ဦးမျိုးအောင် ဖုန်း-၀၉-၄၃၁၄၇၆၀၁၊ ဆရာသစ်လွင် (သချၤာ) ဖုန်း-၀၉-၅၁၉၅၄၁၇၊ ဦးသက်နိုင်ဦး ဖုန်း-၀၉-၇၃၀၆၉၈၃၆ တို့ထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

**ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

## ဖခင်၊ မိခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ အမက (၁၁)၊ တတိယတန်း(C)မှ မစုမြတ်နှင်း၏ ဖခင်အမည်မှန်မှာ ဦးဘသိန်း ၁၂/ဥကမ(နိုင်) ၂၀၂၅၃၂နှင့် မိခင်အမည်မှာ ဒေါ်ခင်အုန်းမြင့် ၁၂/မဂဒ(နိုင်)၀၂၆၅၂၉ ဖြစ်ပါသည်။

**ဦးဘသိန်း-ဒေါ်ခင်အုန်းမြင့်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၄၁ယ/၉၆၇၈၃ HANBO 125 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးနန္ဒာဦး ၁၃/လရန(နိုင်) ၁၉၄၆၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကျမ်းချောင်းရေတိုက်စားမှုကာကွယ်ရန် ရေလွှဲလမ်းကြောင်းနှင့် သဲတာပေါင်ဆောက်လုပ်

**ကနီ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိ ကျမ်းချောင်း၏ ချောင်းရေတိုက်စားမှုကာကွယ်ရန် ရေလမ်းကြောင်းတူးဖော်ခြင်း၊ တာပေါင်တင်ခြင်းနှင့် ရေလွှဲလမ်းကြောင်းများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



စက်တင်ဘာလတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ကနီမြို့နယ် တောင်ပေါက်အရှေ့ကျေးရွာ၏ အရှေ့ဘက်မှ ကျမ်းချောင်းရေဖြတ်စီးဆင်းမှုကြောင့် ယာမြေနှင့် လယ်မြေများ သဲထိုးဖို့သွားခဲ့သည်။ ကျမ်းချောင်းရေတိုက်စားမှုမှ ကာကွယ်ရန် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးထိန်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝေနှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးပြီး ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ချောင်းရေတိုက်စားမှုကာကွယ်ရန်အတွက် တောင်ပေါက်အရှေ့ကျေးရွာတွင် ကျမ်းချောင်းတစ်လျှောက် ရေလမ်းကြောင်း တူးဖော်ခြင်း၊ တာပေါင်တင်ခြင်းနှင့် ရေလွှဲလမ်းကြောင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အလျားပေ ၂၀၀၀၊ အမြင့် ခုနစ်ပေရှိ သဲတာပေါင်နှင့် အနက် သုံးပေရှိ ရေလမ်းကြောင်းတို့ကို တူးဖော်နိုင်ခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**



**ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သံတံခါးကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ စာရေးခုံများနှင့် ကျောင်းသူကျောင်းသားများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅ သိန်းကျော်ကို အလှူရှင်များစုပေါင်း၍ အောက်တိုဘာ ၅ ရက်က သွားရောက်လှူဒါန်းစဉ်။**

တင်စိုး(မြန်မာ့အလင်း)

## သတင်းတိုများ

### စလင်းမြို့နယ်တွင် ကမ်းပါးပြိုသဖြင့် လူနေအိမ်အချို့ပြောင်းရွှေ့

မင်းဘူးခရိုင် စလင်းမြို့နယ် တလင်းကြီးကုန်းကျေးရွာအုပ်စု တလင်းကြီးကုန်းကျေးရွာအနီးတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီခန့်က ကမ်းပါးများပြိုနေသဖြင့်တလင်းကြီးကုန်းကျေးရွာရှိ ကမ်းပါးနှင့်နီးစပ်သည့် လူနေအိမ်ခြောက်လုံးကို သရက်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၆၂၈)သို့ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ ရွာသူ ရွာသားများက ဝိုင်းဝန်းပြောင်းရွှေ့ပေးခဲ့ကြရကြောင်း သိရသည်။

**ကျော်ဇေယျ**

### ထရန်စဖော်မာသစ် ဓာတ်အားစတင်ဖြန့်ဖြူး

သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အင်ဂျင်နီယာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့၏ ညွှန်ကြားချက်အရ မြို့နယ်လျှပ်စစ်မှူး ဦးထွန်းထွန်းဦး၏ ကြီးကြပ်မှုဖြင့် လိုင်းဝန်ထမ်းများက ရွှေဥဒေါင်းရပ်ကွက် ရွှေပြည်အေးလမ်းနှင့် ရေကင်းလမ်းဆုံတွင် 11/0.4 KV-200 KVA ထရန်စဖော်မာအသစ်တစ်လုံးကို အောက်တိုဘာ ၆ ရက် နေ့လယ်ပိုင်းက တပ်ဆင်ပြီးစီးခဲ့ပြီး အောက်တိုဘာ ၆ ရက် ညပိုင်းမှစ၍ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကာ ဓာတ်အားပြည့်ဝစွာ ရရှိသုံးစွဲနိုင်ပြီဖြစ်သဖြင့် ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

### ကမ္ဘာ့ဆရာများနေ့အခမ်းအနား ပြင်ဦးလွင်၌ကျင်းပ

ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ပြင်ဦးလွင်မြို့ အမှတ် (၄) အထကတွင် အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့ရာ မြို့နယ်ပညာရေးမှူး ဦးဇော်လင်းက UNESCO,UNICEF,UNDP,ILO နှင့် Education International အဖွဲ့များမှ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားကာ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်၍ အသက် ၈၀ အထက် အငြိမ်းစား ဆရာ ဆရာမကြီးများ၊ အငြိမ်းစားပညာရေးမှူးများအား ဂါရဝပြုကန်တော့လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကန်တော့ခံဆရာ ဆရာမကြီးများက ဆုံးမဩဝါဒများ ပြန်လည်ပြောကြားခဲ့သည်။

**(၄၃၂)**

### မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းလောင်းပွဲ သီပေါ၌ကျင်းပမည်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် (၁၁၉) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းကြီးလောင်းလှူပွဲ၊ မဟာမြတ်မုနိဘုရားကြီး အနေကဇာတင်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ရပ်ကွက်ကျေးရွာများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ပဒေသာပင်များလှူဒါန်းပွဲကို အောက်တိုဘာ ၁၁ ရက်နှင့် မြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်း ၈၀ မှ သံဃာနှင့် သာမဏေ ၁၄၅ ပါး စာရေးတံမဲပွဲနှင့် မဟာမုနိဆင်းတုတော်ပုံတူ ကြေးဘုရားနှစ်ဆူ(မဟာဒုက်မဲ)ပွဲကို အောက်တိုဘာ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**


**သန်လျင်နည်းပညာတက္ကသိုလ်(ယခင် GTC သန်လျင်)စက်မှုအင်ဂျင်နီယာဌာန ကျောင်းသား/သူဟောင်းများ၏ပထမအကြိမ်အာစရိယပူဇော်ပွဲကျင်းပမည်**

သန်လျင်နည်းပညာတက္ကသိုလ် (ယခင် GTC သန်လျင်)စက်မှုအင်ဂျင်နီယာဌာန၌ 2000 Intake မှ 2006 Intake အထိတက်ရောက်ခဲ့ကြသော ကျောင်းသား/သူဟောင်းများ၏ ပထမအကြိမ်အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ပါသည်။သို့ပါ၍ ကျင်းပရေးကော်မတီဖွဲ့စည်းခြင်းနှင့် အလှူငွေကောက်ခံခြင်းကိစ္စများ စီစဉ်ဆောင်ရွက်ရန်အတွက် ရပ်ဝေးရပ်နီးမှ ကျောင်းသား/သူဟောင်းများအားလုံးကို ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးနေ့ရက်-၁၂-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့)၊ အချိန်-မွန်းလွဲ ၁း၀၀နာရီ၊ နေရာ-ခြံအမှတ်(၄၂)၊ အောင်မြေရတနာလမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ -အောင်သက်နောင်(ပွေးကြီး) ဖုန်း-၀၉-၇၃၀၀၇၇၆၀၊ ဇေယျာအောင် ဖုန်း-၀၉-၅၁၂၀၅၈၂၊ မဖြူဇာလှိုင်(ဖြူလေး)ဖုန်း-၀၉-၅၄၀၈၂၄၀၊ အောင်သူခိုင် (ခိုင်ကြီး) ဖုန်း-၀၉-၅၀၂၄၀၅၇၊ ဝေဖြိုးဟန်(ဝင်းဦး) ဖုန်း-၀၉-၄၃၁၄၃၁၄၇၊ မဇာနည်အောင် ဖုန်း-၀၉-၇၃၁၃၅၄၀၄၊ ကိုကိုဦး ဖုန်း-၀၉-၂၅၄၈၆၂၈၈၇၊ သော်ဦးဇော် ဖုန်း-၀၉-၄၃၀၂၀၄၇၀၊ ဌေးဇော် ဖုန်း-၀၉-၄၂၀၀၅၅၀၆၈။

**မေမြို့စက်မှုလက်မှုအထက်တန်းကျောင်း စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပနိုင်ရေး အစည်းအဝေး**

မေမြို့ စက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းအားလုံး စိတ်ဝင်စားသူများအားလုံး တက်ရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၆-၁၀-၂၀၁၄ ရက် (ကြာသပတေးနေ့)
**ကျင်းပမည့်နေရာ** - စစ်ကိုင်းမြို့၊ မိုးယံကဖေး
**ကျင်းပမည့်အချိန်** - ညနေ ၄း၀၀ နာရီတိတိ

**ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်**

(၁၀)နှစ်ပြည့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကြီးကို ၃-၁၁-၂၀၁၄ ရက်မှ ၇-၁၁-၂၀၁၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ပွဲတော်ရက်များတွင် The Three Band နှင့်အတူ R ဇာနည်၊ ရဲရင့်အောင်၊ ဆိုတေး၊ ဇော်ပိုင်၊ ဟဲလေး၊ နိုင်းဝမ်း၊ စိုးထက်၊ စစ်သွေး၊ ဝိုင်းစုခိုင်သိန်း၊ အိမ့်ချစ်၊ မိစန္ဒီ၊ ခင်စုစုနိုင်၊ Super Models ၊ နွေးနွေးချစ်ဖွယ်တို့မှ သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပါသည်။

၄င်းပွဲတော်ကြီးတွင် ကြော်ငြာထည့်သွင်းလိုသူများ၊ ဈေးပွဲတော်ကျင်းပလိုသူများ၊ ဆိုင်ခန်းငှားရမ်းလိုသူများ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန်-**

**ဦးစိုးလွင်** - **ဖုန်း-၀၉-၈၆၄၀၀၀၆**
**ဦးတိုးတိုး** - **ဖုန်း-၀၉-၂၀၁၃၆၂၁**
**ဦးဇလ** - **ဖုန်း-၀၉-၂၀၁၄၄၂၇**

**အများသိစေရန်**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောအောင်ဇေယျ ၁၂/မဘန(နိုင်)၀၁၁၂၆၄ ကိုင်ဆောင်သူ အမှတ်(၁၃၀၂)၊ မင်္ဂလာသုခ(၁)လမ်း၊ (၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်အမည်ပါ ကျွန်ုပ်၏မိတ်ဆွေ တရားဝင်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ပင်းယ ၄လမ်း၊ အမှတ် ၇၁၈ ရှိ ခေါင်းရင်းဘက်ခြမ်း(ပါမစ်မူရင်းခြမ်း)(၂၀'×၆၀')အကျယ်ရှိသော ဥပစာမှာ ယခုအချိန်ထိ ကျွန်ုပ်၏မိတ်ဆွေ ဦးစောအောင်ဇေယျ၏ တရားဝင်လက်ရောက်ပိုင်ဆိုင်ထားသော ဥပစာမြေကွက်ဖြစ်ပါသည်။ အဆိုပါဥပစာအား ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ တရားမဝင်လွှဲပြောင်းပေါင်နှံရောင်းချခြင်းများပြုလုပ်ပါက ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝ မသက်ဆိုင်ပါကြောင်းနှင့် အကယ်၍ အထက်ပါကြေညာချက်အား မလိုက်နာပါက ဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Kyaw Htun Khaing**
**LL.B, Dip in Maritime Law, PGCCIPL(USIC), Marine Consultant & Lawyer**
**BAR CONCIL, Bar St, Kyauktadar Tsp, Yangon, Myanmar, Mobile: 951-9425305410**

**ကျေးဇူးဆပ်ပါမည်**

ကျွန်မ မငုဝါခိုင် ၁၂/ဥကတ(နိုင်)၁၇၃၄၈၂ ၏ နိုင်ငံကူးလက်မှတ်ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း အမြန်ဆုံးပြန်လည်ပေးပို့ပါ ကျေးဇူးဆပ်ပါမည်။

**အမှတ် (၂၈၂) ရွှေကုံကော်လမ်း၊ ၅၅ ရပ်ကွက် တ/ဒဂုံ၊ ဖုန်း-၀၉-၂၅၄၄၁၈၅၂၄**

# ကင်ဆာရောဂါ ကြိုတင်ကာကွယ်ကုသရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရတစ်ကမ္ဘာလုံးတွင် ကင်ဆာရောဂါအသစ် ဖြစ်ပွားမှုနှုန်းမှာ နှစ်စဉ် ၁၄ ဒသမ ၁ သန်းခန့်ရှိပြီး ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်းမှာ နှစ်စဉ် ၇ ဒသမ ၄ သန်းခန့်ရှိပါသည်။ အရှေ့တောင်အာရှဒေသတွင် ကင်ဆာရောဂါအသစ် ဖြစ်ပွားမှုနှုန်းမှာ နှစ်စဉ် ခုနစ်သိန်းခန့်ရှိကာ ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်းမှာ နှစ်စဉ် ငါးသိန်းခန့်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကင်ဆာရောဂါဖြစ်ပွားသေဆုံးမှု ပိုမိုများပြားလာသည်ကို သိရှိရသည်။

ကင်ဆာရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွား၍ ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်းတွင်မဆို ဖြစ်ပွားနိုင်သည်။ တစ်ဦးနှင့်တစ်ဦး ကူးစက်တတ်သောရောဂါ မဟုတ်ပါ။ အကြောင်းအမျိုးမျိုးကြောင့် ခန္ဓာကိုယ်ရှိမူမမှန်သော ဆဲလ်များ ထိန်းချုပ်မှုကင်းမဲ့စွာ ပွားများလာခြင်းကြောင့် ကင်ဆာရောဂါဖြစ်ပွားလာခြင်းဖြစ်သည်။

ကင်ဆာရောဂါ၏ သံသယလက္ခဏာများမှာ ခန္ဓာကိုယ်အတွင်း အဖုအကျိတ်များထွက်လာပြီး လျင်မြန်စွာ ကြီးထွားလာခြင်း၊ ပျောက်သင့်သည့် အချိန်ကျော်၍ မပျောက်သောအနာများဖြစ်ရခြင်း၊ အမြဲအသံဝင်လာခြင်း၊ တရှောင်ရှောင်ဖြစ်ခြင်း၊ ကိုယ်အလေးချိန် သိသာစွာကျဆင်းခြင်း၊ အမြဲမပြတ်ချောင်းဆိုးလာခြင်း၊ အစာမျိုရခက်ခဲခြင်း၊ အစားအသောက် သိသာစွာ ပျက်ခြင်း၊ ခန္ဓာကိုယ်ပေါ်ရှိ မှဲ့(သို့)ကွက်နို့၊ မွေးရာပါအမှတ်များ ကြီးထွားလာခြင်းနှင့် သွေးထွက်ခြင်း၊ အရောင်ပြောင်းခြင်း၊ အမျိုးသမီးများတွင် အချိန်အခါမဟုတ်ဘဲ သွေးဆင်းခြင်း၊ အဖြူဆင်းခြင်း၊ လည်ပင်း၊ ချိုင်း၊ သားမြတ်၊ ပေါင်ရင်း စသည်တို့တွင် အလုံး၊ အကျိတ်အခဲများ ဖြစ်ပေါ်ခြင်းစသည်တို့ ဖြစ်ပါသည်။

ကင်ဆာရောဂါကို ခွဲစိတ်ကုသခြင်း၊ ကင်ဆာဆေးများဖြင့် ကုသခြင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်း၊ ဟိုမုန်းဆေးများဖြင့် ကုသခြင်း၊ မျိုးရိုးဗီဇ ကုထုံးကဲ့သို့ ခေတ်မီကုသနည်းများဖြင့် ကုသခြင်းတို့ဖြင့် ကုသနိုင်ပြီး ရောဂါအခြေအနေအလိုက် ကုသနည်း တစ်ခုချင်းသော်လည်းကောင်း၊ ပေါင်းစပ်၍ သော်လည်းကောင်း ကုသနိုင်ပါသည်။ အချို့ကင်ဆာရောဂါများကို စောစီးစွာသိရှိ၍ အချိန်မီထိရောက်စွာ ကုသမှုခံယူပါက ပျောက်ကင်းနိုင်ပါသည်။ ရောဂါအဆင့်လွန်မှ ကုသလျှင် ပျောက်ကင်းရန် မလွယ်ကူပါ။ စနစ်တကျ မကုသပါက ရောဂါပိုမိုဆိုးရွား၍ အသက်ဆုံးရှုံးနိုင်ပါသည်။

သို့ဖြစ်ပါ၍ ကင်ဆာရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ရန်အတွက် ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းစားခြင်း၊ အရက်သောက်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ တာရှည်အထားခံရန်အတွက် ပြင်ဆင်ထားသော အစားအစာများ၊ အကင်များ၊ ယမ်းစိမ်းဖြင့်ပြုလုပ်ထားသော အစားအစာများ၊ ဆိုးဆေးပါဝင်သော အစားအစာ၊ အသီးအနှံများ၊ စားသုံးခြင်းမှ ရှောင်ကြဉ်၍ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများစားသုံးခြင်း၊ ပြင်းထန်သော နေရောင်ခြည်ကို ကြာရှည်စွာတိုက်ရိုက်ထိတွေ့မှုမှ ကာကွယ်ခြင်း၊ ကျန်းမာရေးစစ်ဆေးမှုပုံမှန်ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံကြီးများတွင် ကင်ဆာရောဂါကို ထိရောက်စွာ ကုသမှုခံယူနိုင်ရန်အတွက် အရည်အသွေးပြည့်မီသော ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ပါ၍ မိမိတွင် ကင်ဆာရောဂါ သံသယလက္ခဏာများကို တွေ့ရှိပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများတွင် စစ်ဆေးကုသမှု ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# မိုးလေဝသအခြေအနေ

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၁ဒသမ ၉၇ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ဒသမ ၄၁လက်မနှင့် မချမ်းဘောမြို့တွင် ၁ဒသမ ၂၆လက်မတို့ ဖြစ်ကြသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

## ကျော်ငြာ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး**
**ဒေါ်မြင့်မြင့်စိန် (ချောက်မြို့)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိကျောင်းလမ်း၊ အမှတ် ၅နေ(ဦးဆင့်)၏ဇနီး၊ ဦးကိုကိုဦး(MD-Skyward Education Group)-ဒေါ်မြင့် မြင့်ဆွေ(ဦးစီး၊ ငြိမ်း၊ လဝက)၊ ဦးကျော်စိန် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ရှေ့နေချုပ်ရုံး)-ဒေါ်ခင်မာမာလတ်(ဥပဒေအကြံပေးနှင့် တရားလွှတ်တော်ရှေ့နေ၊ Chairman-Myanmar Legal Advisors Group)၊ ဦးမျိုးထွန်း (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သစ်တောဦးစီးဌာန၊ GM- KMA Forestry)-ဒေါ်ဆွေဆွေသန်း၊ ဦးစိုးမင်းလတ် (Chairman - SML Business Group)-ဒေါက်တာချောချောလင်းစန္ဒာ (Executive Director-SML Business Group) တို့၏ချစ်လှစွာသောမိခင်၊ ဦးကျော်မင်း-ဒေါ်အေးအေးခိုင်၊ ဦးကျော်ဆန်း-ဒေါ်ပိုးသီရိပိုင်၊မကေခိုင်ကိုကို၊ဦးဆန်းထွန်းကျော်-ဒေါ်ဝါဝါဝင်း၊ဒုတိယဗိုလ်မှူးကြီးနိုင်ဦး-ဒေါ်ထက်စန္ဒာကျော်၊ ဦးနေဘုန်းဦး-ဒေါ်ဖြိုးသန္တာကျော်၊ ဦးဇော်ဖြိုး-ဒေါ်မေလွင်မောင်၊ ဦးသန်းဇော်-ဒေါ်ခိုင်သဇင်၊ မောင်သုတတို့၏ချစ်လှစွာသောအဘွား၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၇-၁၀-၂၀၁၄ရက် မွန်းလွဲ ၁း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၀-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ဖြူ (စစ်တွေ)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၃၅၊ ဝေဇယန္တာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးကျော်လှဖြူ-ဒေါ်လှမြသူ)တို့၏သမီး၊ (ဦးစံသိန်း)၏ဇနီး၊ ဦးမောင်မောင်သိန်း(ပြည်တွင်းအခွန်)-ဒေါ်ခင်သန်းနု(အလယ်တန်းပြ၊ ငြိမ်း)၊ ဦးဘလှိုင် (ကပရ)-ဒေါ်ညွန့်ညွန့်သိန်း(ကထိက၊ တောင်ကြီးတက္ကသိုလ်)၊ ဦးမြမောင် (ရန်ကုန်စည်ပင်)-ဒေါ်စုစုသိန်း(T-Three Group Contruction)၊ ဦးညီညီသိန်း-ဒေါ်ခင်မိုးမိုး (ထိပ်တန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၇-၁၀-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးလှဝင်း(ခ)ဦးသိန်းအောင်**
**အသက်(၇၄)နှစ်**

ဦးကီဝီ(UMG Myanmar Co.,Ltd.)နှင့် ဒေါ်မာလာဝင်း(ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်၊ UMG Myanmar Co.,Ltd.)တို့၏ဖခင် ဦးလှဝင်း(ခ)ဦးသိန်းအောင်သည် ၇-၁၀-၂၀၁၄ရက် နံနက် ၈း၂၈နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးလှဝင်း(ခ)ဦးသိန်းအောင်**
**အသက်(၇၄)နှစ်**

ဦးကီဝီ-ဒေါ်မာလာဝင်း(UMG Myanmar Co.,Ltd.)တို့၏ဖခင် ဦးလှဝင်း(ခ)ဦးသိန်းအောင်သည် ၇-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

CHD Bank B.O.D

အဖွဲ့ဝင်များ

**ဦးဇော်မျိုးနိုင်**
**ခြံအုပ်ချုပ်ရေးမှူး၊ လှိုင်းတက်ခြံ(၂)၊ စိုက်ပျိုးရေးဦးစီးဌာန**
**အသက်(၄၃)နှစ်**

မန္တလေးမြို့၊ ၄၂လမ်းနှင့် လမ်း ၈၀ထောင့်၊ ချမ်းမြသာစည် မြောက်ရပ်ကွက်နေ (ဦးမြင့်တိုး-ဒေါ်ငွေကြည်)တို့၏သား၊ ဦးစိန်ဝင်း(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ခင်ဦးတို့၏သားသမက်၊ မခင်ဖူးပွင့်ဇော်၏ဖခင်၊ ဒေါ်ခင်မမ၏ချစ်လှစွာသောခင်ပွန်းသည် ၇-၁၀- ၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၄ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးဇော်မျိုးနိုင်**
**ခြံအုပ်ချုပ်ရေးမှူး၊ လှိုင်းတက်ခြံ(၂)၊ စိုက်ပျိုးရေးဦးစီးဌာန**
**အသက်(၄၃)နှစ်**

ဦးဇော်မျိုးနိုင်သည် ၇-၁၀-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၉၁-၁၉၉၅ B.Agr Sc

သူငယ်ချင်းများ

**သတိပေး နှိုးဆော်ချက်**

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယိကာမကြီး**
**ဒေါ်ကျင်ယုံ**
**(ကျိုက်ထို/တောင်စွန်း)**
**ဝင်းသိဂီစာပုံနှိပ်တိုက်**
**အသက်(၁၀၀)**

ကျိုက်ထိုမြို့နေ(ဦးဘိုးပြောင်း-ဒေါ်ရွှေချိန်)တို့၏သမီး၊ (ဒေါ်အေးကျင်)၊ (ဒေါ်သောင်)၊ (ဦးဟုတ်တင်)တို့၏ညီမ/အစ်မ၊ (ဦးကျော်မြင့်)၏ဇနီး၊ (ဦးဘစု)၊ဒေါ်ဌေးဌေးကြွယ်၊ ဦးဝင်းနု၊ ဒေါ်အေးအေးသွယ်တို့၏မိခင်ကြီး၊မြေး ခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၁၀-၂၀၁၄ရက် ည ၈း၅၀နာရီတွင် ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ် ၄၇(က) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၀-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဦးဆွန်ခန့်ဒေါင်**
**(Pa Suan Khan Dong-Ngaihte)**
**B.A, Law, LLB**
**ခရိုင်ဥပဒေအရာရှိ(ငြိမ်း)**
**တရားလွှတ်တော်ရှေ့နေ**
**အသက်(၇၃)နှစ်**

တီးတိန်မြို့နယ်၊ Zang Zawl ရွာနေ Pu Thang Lian - Pi Ngai Luan တို့၏သားကြီး၊(Pa Sian Za Dong), Nu Zen Luan Cing, Nu Ngin Man Cing, Nu Ngai Za Nuam,Nu Ngo Sian Vung တို့၏ အစ်ကိုကြီး၊ Nu Cing Khan Man ၏ချစ်လှစွာသော ခင်ပွန်း၊ Pa Lian Sian Mung(M.th) (Tedim ဓမ္မကောလိပ်) - Nu Nem San Mang, Tg.Lian Lam Cin (B.C.Sc)(နည်းပြ၊ ကွန်ပျူတာ တက္ကသိုလ်)၊Nu Niang LunCing(အထက်တန်းသူနာပြု၊ ကလေးပြည်သူ့ဆေးရုံကြီး) - ဦးဆွေလှိုင်ဦး(ကြေးနန်းမှူး၊ မင်းကင်းမြို့)၊ Nu Luan Khan Pum (လယ်ပြ၊ Tung Zang ရွာ)-Pa Ngo Lam En Khup (LL.B) (အထက်တန်းရှေ့နေ)၊ Lia En Sian Muan Kim(လယ်ပြ၊ Dim Zangရွာ)တို့၏ဖခင်၊ Tg.Dong Khan Pau,Tg.Lian Lam Tuang,Tg.Dong Khan Za Lang, Tg. Khai Sian Hung,T.g Man Sian Huam တို့၏အဘိုးသည် ၇-၁၀-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၁၀-၂၀၁၄ရက် ညနေ ၄နာရီတွင် အမှတ် ၃၈၊ နယ်မြေ(၃)၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကန်တော်ကြီးလမ်း၊ ကလေးမြို့နေအိမ်၌ ဝတ်ပြုဆုတောင်းခြင်း အစီအစဉ်ပြုလုပ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဒေါ်မြမြစမ်း**
**လ/ထ ညွှန်မှူး(ငြိမ်း)**
**စက်မှုဆေးဝါး**
**စက်မှု(၁)ဝန်ကြီးဌာန**
**အသက်(၇၀)**

ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်တင်တင်လှ)တို့၏သမီးကြီး၊ ကျောက်မဲမြို့နေ (ဦးကျော်ညာ-ဒေါ်ခင်ဥ)တို့၏သမီးချွေးမ၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ၊ တိုက် ၂၊ အခန်း ၂၀၁နေ ဦးကျော်ထူး(Exဥပဒေအရာရှိ၊ အဆင့် ၄၊ Ex 2/0 O/T Co.,)၏ဇနီး၊ ကိုကျော်ထက်-မပန်းမို့မို့ဖြူ၊ မအေးကြည်သာတို့၏ ချစ်လှစွာသောမိခင်၊ မပန်းသွေးချယ်၏အဘွား၊ (ဦးခင်မောင်ဦး-ဒေါ်ထွေးညွန့်)၊ ဦးကျော်ရွှေ-ဒေါ်မူမူ၊ ဦးသန်းအောင်-ဒေါ်တင်တင်ဝင်း၊ ဦးရန်လင်း - ဒေါ်အေးအေးမာတို့၏အစ်မကြီး၊ တူ၊ တူမ ၁၁ယောက်တို့၏ကြီးဒေါ်သည်၇-၁၀-၂၀၁၄ရက်(အင်္ဂါနေ့)ညနေ ၃း၃၅နာရီတွင်အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ ဇရပ် ဒါယကာကြီး**
**ဦးမောင်ညွန့် (ကျုံကန်/ကျောက်တန်း)**
**အသက်(၉၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ စံချိန်မီရပ်ကွက်၊ စိမ့်စမ်းလမ်း၊ အမှတ် ၄၆နေ (ဒေါ်တင်ဥ၊ ကျုံကန်)၏ခင်ပွန်း၊ ဦးခင်မောင်လတ်-ဒေါ်ခင်စိုး၊ ဦးအုန်းတင့်-ဒေါ်ခင်လှိုင်၊ ဦးသိန်းအေး-ဒေါ်တင်ရီ၊ ဦးသောင်းစံ-ဒေါ်ခင်ဝင်း၊ ဦးမောင်မောင်အုန်း-ဒေါ်ငွေတင်၊ (ဦးသန်းဆွေ)-ဒေါ်အေးသန်း၊ ဦးမြင့်အောင်-ဒေါ်ကြည်စန်း၊ ဦးခင်မောင်ဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးအောင်ကျော်လွင်-ဒေါ်သန်းသန်းဆင့်၊ ဦးကြည်လွင်-ဒေါ်တင်တင်နွယ်တို့၏ဖခင်ကြီး၊ မြေး ၃၀၊ မြစ်ကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၈-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ကျောင်း ဒါယကာကြီး**
**ဦးချစ်တင် (ရက္ခန်း)**
**ပုသိမ်မြို့**
**အသက်(၉၇)နှစ်**

ပုသိမ်မြို့၊ (၂)ရပ်ကွက်၊ ယိုးဒယားကုန်းလမ်း၊ အမှတ် ၄၄နေ (ဦးပု-ဒေါ်သင်း)တို့၏သား၊ ဦးအေးတင်-(ဒေါ်ကျင်မေ)၊ (ဦးညွန့်မောင်)-ဒေါ်စိန်တင်တို့၏အစ်ကို၊ (ဒေါ်ကျင်မြိုင်)၏ခင်ပွန်း၊ (ဦးထင်အောင်)-ဒေါ်ခင်အုန်းမြင့်၊ ဦးဟုန်စိန်(ခ)ဦးကိုလေး-ဒေါ်ခင်မမ၊ ဦးထွန်းအောင်ကျော် - ဒေါ်မြမြသိန်း (မြန်မာနိုင်ငံ ဆရာဝန်အသင်း)တို့၏ဖခင်၊ မဇင်မာဖြူ (ခေတ္တ-စင်ကာပူ)၊ ဒေါက်တာဝေဖြိုး-ဒေါက်တာဆုမွန်စိုး၊ မောင်အောင်ထွဋ်-ဒေါက်တာလဲ့ရည်သင်း(ခေတ္တ-စင်ကာပူ)တို့၏အဘိုးသည် ၈-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တစ်ရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဦးအုံးကြွယ်**
**မော်ကွန်းဝင်(ဒု)ဆင့်**
**ပြည်တွင်းအခွန်များဦးစီးဌာန(ငြိမ်း)**
**အုတ်ဖိုမြို့နယ် ရာသက်ပန်အသင်းဝင်**
**အသက်(၉၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၉၆နေ (ဦးဖိုးရ-ဒေါ်မမလေး)တို့၏သား၊ (ဦးမြမောင်-ဒေါ်ကျင်နု)တို့၏သားသမက်၊ ဒေါ်ခင်ရွှေ၏ခင်ပွန်း၊ မခင်စန်းကြွယ်၊မောင်ခင်မောင်ကြွယ်-မစန်းစန်းမော်၊ မောင်မင်းမင်းအောင်၊ မောင်သီဟ-မတင်ဇာဝင်း၊ မောင်ဝင်းထွန်း-မယမင်းကေခိုင်တို့၏ချစ်လှစွာသောဖခင်၊ မောင်လင်းထက်ကျော်၊ မဟေမာန်ရွှန်းလဲ့တို့၏အဘိုးသည် ၇-၁၀-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၀-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဦးကျော်မြင့် (ဥက္ကံ)**
**ဆက်သွယ်ရေး(ငြိမ်း)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊မဟာဗေယျလမ်း၊အမှတ် (၅)/2A နေ (ဦးဆင့်-ဒေါ်သိန်းညွန့်)တို့၏သားလတ်၊ (ဦးစောလင်း-ဒေါ်ခင်ခင်လင်း)တို့၏ညီ၊ (ဦးစိန်အောင်)-ဒေါ်ခင်မေဆင့်၊ (ဒေါ်တင်မေဆင့်)တို့၏အစ်ကို၊ (ဒေါ်လှသိန်း)၏ခင်ပွန်း၊ (ဦးတင်ထွန်း)၊ (ဦးညိုမင်း)၊ ဒေါ်ခင်အေးမြင့်၊ ဦးအောင်မြင့်ဦး-ဒေါ်မငယ်တို့၏ဖခင်သည် ၇-၁၀-၂၀၁၄ရက် (အင်္ဂါနေ့)နံနက် ၇း၁၅နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်စန်းနွဲ့**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ၁၆လမ်း၊ အမှတ် ၉၆နေ (ဦးချက် - ဒေါ်ထွန်းမေ)တို့၏ သမီး၊ (ဦးအဟင်း - ဒေါ်ကျင်ကြူး)တို့၏ချွေးမ၊ ဦးထွန်းရွှေ၏ဇနီး၊ ကိုခင်မောင်ဝင်း(ခ)Liu Hsiang Ming - မယဉ်ယဉ်ထွန်း(ခ)Su Pi Yu၊ မနီလာထွန်း၊ ကိုကျော်ဗေယျာထွန်း - မစိမ်းလဲ့လဲ့စိုး၊ ကိုရဲအောင်တို့၏မိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၈-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၅ နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၀-၁၀-၂၀၁၄ ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (၁၆လမ်းနှင့် ၅၁ လမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးစိုးလှိုင် (ကျောက်တန်း)**
**အင်းစိန်စောင်စက်ရုံ၊**
**စက်မှု(၁) (ငြိမ်း)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ် ၄၀ (ပထမထပ်)နေ (ဦးမောင်စိုး-ဒေါ်ကြင်ကြင်)တို့၏သားထွေး၊ ဒေါ်ကြူကြူနွယ်(ဂုန်နီစက်ရုံ၊ စက်မှု-၁၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ဗေယျာလှိုင်(Tower Pointer Co.,Ltd.)-မယုအောင်လင်း(ISM)၊ မောင်သူရိန်လှိုင် (နှင်းသစ်ဓာတ်ပုံတိုက်) - မအိသန္တာဖြူ (WTG Co.,Ltd.) တို့၏ ချစ်လှစွာသောဖခင်၊ မိုးခန့်သူရိန်၏အဘိုးသည် ၈-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ကိုသန်းမင်းထွန်း**
**အသက်(၃၇)နှစ်**

ရှမ်းပြည်နယ်၊ ဘော်ဆိုင်းမြို့နေ ဦးအောင်မြတ်-ဒေါ်သန်းရွှေတို့၏သား၊ အမေရိကန်နိုင်ငံနေ ဦးမြင့်ကို-ဒေါ်အေးသန်းတို့၏သားသမက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းသွယ် (၁)လမ်း၊ အမှတ် ၁၁၇၃နေ မအိသန္တာအောင်၏ခင်ပွန်း၊ မောင်အောင်ကောင်းမြတ်၊ မောင်မြတ်သူထွန်းတို့၏ဖခင်၊ ဦးဇော်ဝင်းနိုင်-ဒေါ်ခင်စုလှိုင်၊ ဦးမြတ်ဇော်ထွန်း-မကေသီဝင်းတို့၏ညီ၊ ဗိုလ်ကြီးသက်ဟိန်းအောင်-မနှင်းနှင်းမြတ်၊မနီနီမြတ်တို့၏အစ်ကိုသည် ၈-၁၀-၂၀၁၄ ရက် နံနက် ၇း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၁၀-၂၀၁၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နန်နင်းမြို့ ဂွထန်ကျေးရွာအုပ်စု ဆေးရုံအတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၈**

(၄၅)ကြိမ်မြောက် ကမ္ဘာ့ကျွမ်းဘားတံခွန်စိုက် အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ အားကစားရုံ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေး အတိုင်ပင်ခံ လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr.Ma Biao၊ ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ***စာမျက်နှာ ၈ ကော်လံ ၁***



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နန်နင်းမြို့ ဂွထန်ကျေးရွာအုပ်စု ဆေးရုံအတွင်း ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

## မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

## ကြော်ငြာအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။



# သီတင်းကျွတ်မီးထွန်းပွဲတော်အထိမ်းအမှတ် ရန်ကုန်မြို့တွင် အကြီးဆုံး မီးပုံးကြီး နိုင်ငံခြားသားကလေးငယ်ပေါင်း ၃၀ တို့၏ ဆုတောင်းစာများဖြင့် မီးထွန်းညှိ




သီတင်းကျွတ်မီးထွန်းပွဲတော်အထိမ်းအမှတ် အကြီးဆုံးမီးပုံးကြီးကို နိုင်ငံခြားသားကလေးငယ်များ ဆုတောင်းစာများရေးသားပြီး မီးထွန်းညှိစဉ်။

**သတင်းနှင့်ဓာတ်ပုံ**
**မေဦးမိုး**

**ရန်ကုန် အောက်တိုဘာ ၈**

အောက်တိုဘာ ၈ ရက် ညနေ ၆ နာရီတွင် သီတင်းကျွတ် မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် နိုင်ငံခြားသား ကလေးအယောက် ၃၀ မှ ဆုတောင်းစာများရေးသား ထားသော ရန်ကုန်မြို့တွင်း အကြီးဆုံးမီးပုံးကို ဒဂုံစီးတီး(၁) ရှေ့တွင် စတင်ထွန်းညှိခဲ့သည်။

"နိုင်ငံခြားသားတွေက မြန်မာတို့ရဲ့ ဝါကျွတ်ပွဲတော်ကို ပါဝင်ဆင်နွှဲကြတာဖြစ်ပါတယ်။ ကလေးတွေက မီးပုံးပတ်လည်မှာ ဆုတောင်းစာတွေကို ရေးသားခဲ့ကြပြီး ဖယောင်းတိုင်တွေထွန်းကာ မီးပူဇော်ခဲ့ကြပါတယ်။ စိတ်ပါဝင်စားတဲ့ နိုင်ငံခြားသား လုပ်ငန်းရှင်တွေနဲ့ ပြည်တွင်းအဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်တွေ တက်ရောက်ခဲ့ကြတယ်"ဟု Merga Landmark မှ အကြီးတန်း အမှုဆောင်ဒါရိုက်တာနှင့် စီမံကိန်း အမှုဆောင် အရာရှိချုပ် ***စာမျက်နှာ ၃ ကော်လံ ၃***




မြန်မာ့အလင်း
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

ဂိုဒေါင်30'× 80' အမြင့်20' ဂိုဒေါင်ထဲ ကားမောင်းဝင်နိုင်သည်။ ဧ 100 × 100 Car Showroom သင့်လျော်သောမြေ၊ လှိုင်သာယာခုံ 5 လမ်းမကြီးပေါ် ရောင်းမည်
095095095, 0973077744

**အမြတ်ဆုံး ကိုးဘွဲ့ရ မဟာသိမ်တော်ကြီးတွင် လှူဒါန်းနိုင်ပါပြီ၊ ရန်ကုန်တိုင်းအတွင်း တရားပွဲများ ပင့်လျှောက်နိုင်ပါပြီ။**

နိုင်ငံတော်မဟာဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော်၊ အရှင်အာစာရာလင်္ကာရ ၏ ကိုးဘွဲ့ရရှိသဖြင့် အမြတ်ဆုံး (၄)ထပ် သိမ်တော်ကြီးကို တန်ဆောင်မုန်းလပြည့်နေ့မှ စတင် ဆောက်လုပ်မည်ဖြစ်ပါ၍ အမြတ်ဆုံးသိမ်အလှူကို လှူဒါန်း နိုင်ကြပါပြီ။ မြေအလှူ/ကျောင်းအလှူ/စေတီအလှူ/တံတိုင်းအလှူ/ပဒေသာပင်အလှူတို့ကိုလည်း ကျပ်ငါးသောင်းစီ ဖြင့် လှူဒါန်းနိုင်ပါပြီ။ ရန်ကုန်တိုင်းအတွင်း တရားပွဲပင့်လျှောက်လိုသူများလည်း စ,တင်ဆက်သွယ်ပင့်လျှောက်နိုင်ပါပြီ။ ကိုးဘွဲ့ရကျောင်းတိုက်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမ၊ မြောက်ဒဂုံ၊ ရန်ကုန်။ (၀၉-၄၂-၁၁၄၃၃၈၆ / ၀၉၂၁-၁၀၃၀၅ / ၀၉၄၂-၈၁၁၈၇၁ / ၀၉-၄၄၀၀၀၁၄၁၄)

## မွေးနေ့မင်္ဂလာဆုတောင်း

ဦးတင်မိုးနိုင် (မန်နေဂျင်းဒါရိုက်တာ ယွန်းနဒီကုမ္ပဏီ)၏ ၈-၁၀-၂၀၁၄ရက်တွင် ကျရောက်သည့် (၄၇)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့် အေးချမ်း ပျော်ရွှင်စွာနေနိုင်ပါစေလို့ ဆုတောင်းလိုက်ပါသည်။

**ဇနီး ဒေါ်ယဉ်မင်းသန့်**
**(အလယ်တန်းပြ အလက ရွှေမင်းဝံကျောင်း၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့)**

## (၉)နှစ်မြောက် မင်္ဂလာဆုတောင်း

ဦးတင်မိုးနိုင်(မန်နေဂျင်းဒါရိုက်တာ ယွန်းနဒီကုမ္ပဏီ)-ဒေါ်ယဉ်မင်းသန့်(အလယ်တန်းပြ ရွှေမင်းဝံအလယ်တန်းကျောင်း၊ ကော့သောင်း)တို့၏ ၈-၁၀-၂၀၁၄ရက် သီတင်းကျွတ်လပြည့်နေ့တွင် ကျရောက်သည့် (၉) နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပြီး နှစ်တစ်ရာကျော်တိုင် သာယာဖြောင့်ဖြူးသော မိသားစုဘဝကို လျှောက်လှမ်းနိုင်ပါစေ။

**ယွန်းနဒီကုမ္ပဏီ**
**A&J Global Co Ltd. China.Railway Co.,Ltd.**
**ဝန်ထမ်းများ**

## ⚖ သမာဓိ ⚖ စိန်ရွှေရတနာဆိုင်၏ မိုးရာသီကံထူးရှင်များ ပေါ်ထွက်လာပါပြီ

| ပထမဆု (၁၀)သိန်းတန်ရွှေတစ်ဆင်ဆာ | ဒုတိယဆု (၇)သိန်းတန်ရွှေတစ်ဆင်ဆာ | တတိယဆု (၄)သိန်းတန်ရွှေတစ်ဆင်ဆာ |
|---|---|---|
| မမိမိလှိုင် ကူပွန်နံပါတ်-၂၉၁၉ ကျောက်မြောင်းမြို့နယ် | ဒေါ်သန်းစိုး ကူပွန်နံပါတ်-၄၉၇၇ တွံတေးမြို့နယ် | ဒေါ်စန်းစန်းနွဲ့ ကူပွန်နံပါတ်-၄၂၆၀ တွံတေးမြို့နယ် |

**SAMSUNG Hansed ကံထူးရှင် (၁၀) ဦး**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်ငွေငွေမြင့် | ကူပွန်နံပါတ်-၆၅၉၅ | ဒလမြို့နယ် | ၆။ | ဒေါ်ခင်မာလွင် | ကူပွန်နံပါတ်-၆၂၈၅ | ဒလမြို့နယ် |
| ၂။ | ဦးအောင်တင် | ကူပွန်နံပါတ်-၃၉၈၈ | ကမာရွတ်မြို့နယ် | ၇။ | မပန်းယုမွန် | ကူပွန်နံပါတ်-၆၀၃၁ | သာကေတမြို့နယ် |
| ၃။ | မခင်မိုးသူ | ကူပွန်နံပါတ်-၁၆၈၈ | လှည်းကူးမြို့နယ် | ၈။ | ကိုအောင်ညီဇော် | ကူပွန်နံပါတ်-၅၇၁၇ | တာမွေမြို့နယ် |
| ၄။ | မဝေယ်ဝေယ်ခိုင် | ကူပွန်နံပါတ်-၀၉၅၆ | ပျော်ဘွယ်မြို့နယ် | ၉။ | ကိုထွန်းနိုင် | ကူပွန်နံပါတ်-၃၁၈၅ | ပုဇွန်တောင်မြို့နယ် |
| ၅။ | မထက်ရွှေရည်မိုး | ကူပွန်နံပါတ်-၅၃၇၈ | ဒေးဒရဲမြို့နယ် | ၁၀။ | မဒေဝီအောင် | ကူပွန်နံပါတ်-၁၅၅၉ | လှည်းကူးမြို့နယ် |

"အစဉ်အမြဲ ဝယ်ယူအားပေးနေသော ရွှေချစ်သူမိဘပြည်သူများကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်"

သမာဓိ စိန်ရွှေရတနာဆိုင် အမှတ်(၅၈၃/၅၈၅)၊ မဟာဗန္ဓုလလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်၊ သိမ်ကြီးဈေးတံတားအနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၃၇၉၉၇၇

နိုင်ငံတကာတက္ကသိုလ်ပေါင်း(၅၀)ကျော်မှ ဘာသာရပ်ပေါင်း (၁၂၀)ကျော်၏ပညာရေးသတင်းအချက်အလက်များရယူနိုင်မည့်

## "GLOBAL EDUCATION EXHIBITION 2014"

Medical University - Health & Medicine - Life Science & Pharmacy - Civil & Architecture - Aerospace & Aircraft Engineering Electronic Electrical - Mechanical - Animation & Game Technology - Business & Economics - IT

| YANGON | MANDALAY |
|---|---|
| Date : 24 Oct 2014<br>Time : 10:00 am - 1:00 pm<br>Venue : Summit Parkview Hotel (Ballroom) | Date : 26 Oct 2014<br>Time : 2:00 pm - 5:00 pm<br>Venue : Hotel Mandalay (Ballroom) |

CROWN EDUCATION Yangon Myanmar

ပြပွဲအတွင်းကျောင်းအပ်နှံသူများ နိုင်ငံတကာတွင်အသုံးပြုနိုင်သော Myanma Apex Bank Visa Card အခမဲ့ပြုလုပ်ပေးသွားပါမည်

Tel : 01 527 838 - 09 732 732 77 - 09 730 40 688

## LASHIO EXPO 2014 (လားရှိုးမြို့)
## MANDALAY INT'L EXPO (မန္တလေးမြို့)
## TRADE FAIR & CAR SHOW (ပုသိမ်မြို့)

၂၄.၉.၁၄ မှ ၂၈.၉.၁၄ မြို့တော်ခန်းမ၊လားရှိုးမြို့
၃.၁၀.၁၄ မှ ၆.၁၀.၁၄ မြို့တော်ခန်းမ၊မန္တလေးမြို့
၁၈.၁၀.၁၄ မှ ၂၂.၁၀.၁၄ မြို့တော်ခန်းမ၊ပုသိမ်မြို့

ပြခန်းစုံစမ်းရန် SMART BUSINESS GROUP Ph:01-656875,667473,09-73014777,09-5099079

### မိုးသောက်ပန်းအဆင့်မြင့်မုန့်တိုက်

(၁၉၉၄-ခုနှစ်တွင် တည်ထောင်သည်)
"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက် နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက် မိုးသောက်ပန်း ရှိနေမယ်"
နံနက်(၉း၀၀)နာရီမှ(၃း၀၀)နာရီအထိ
ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက် တပ်ဆင်ထားပါသည်။
(1) Juntion စေနအနီး Ph:571545, 09-5126882
(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph:200917,09-43122884
(3) ရန်ကင်း၊ကျောက်ကုန်း Ph:566592,09-421008133

### မိုးသောက်ပန်းကိုယ်ပိုင်အလယ်တန်းကျောင်း

အမှတ်(၂)၊ သုမင်္ဂလာလမ်း၊ သဃ်န်းကျွန်းမြို့နယ်
Ph: 01-571545, 09-43122883
(ဝန်ထမ်းအလိုရှိသည်)
အချိန်ပိုင်းနှင့် အချိန်ပြည့်တာဝန်ထမ်းဆောင်ရန် မူလတန်းနှင့် အလယ်တန်းပြဆရာမများ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။
❖အတွေ့အကြုံရှိသူ ဦးစားပေးမည်။

### အများသိစေရန်ကြေညာခြင်း

ဦးကျော်ထွန်း ၁၂/မရက(နိုင်)၀၃၇၃၆၃ ပိုင်ဆိုင်သည့် ဦးမျိုးသန့် ၁၂/ဗတထ (နိုင်)၀၁၄၇၅၀ အမည်ပေါက် အမှတ် ၃၇၆၊ မဟာသီရိလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် အိမ်၏မြေငရန်မူရင်း အရောင်းအဝယ် စာချုပ်ချုပ်ရန် မြေပုံရာဇဝင်မူရင်း စာချုပ်စာတမ်းနှစ်စောင် ဦးကျော်ထွန်းနှင့် ဒေါ်စန်းစန်းကြည်တို့၏နိုင်ငံသားကတ်နှင့် အိမ်ထောင်ဦးစီး ဦးကျော်ထွန်း အမည်ပါ သန်းခေါင်စာရင်းမူရင်းတို့သည် ဗဟန်းမြို့နယ်၊ သာလွှာဝတီလမ်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူက အကြောင်းကြားပေးပါရန် ကျေးဇူး ဆပ်ပါမည်။

**ဆက်သွယ်ရန်**
ဖုန်း-၀၉-၇၃၁၅၆၈၇၈၊ ၀၉-၂၅၆၃၄၈၃၆၃

